www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မောဟလွင်ပြင်

စိတြအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း (၁)

စံအိမ်သို့အဝင်

နောက်ထပ်လူသစ်တစ်ဦး

ပျောက်ဆုံးနေသူ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)



## စံအိမ်သို့အဝင်

တစ်ခုသော မိုးဥတုကာလ . . . ။

တိမ်ဖြူကင်းစင်ကြည်လင်သော ညနေစောင်းစ သမယဝယ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးပြည့်ပြည့်နှင့် ကျေးတစ်ရာ ခေါင်းပေါင်းပေါင်းထားပြီး ဘန်ကောက်လုံချည် ပိုးအင်္ကျီတို့ကို သိုက်မြိုက်စွာ ဝတ်စားထားသည့် အသက် (၅၀) ကျော်ခန့် လူကြီးတစ်ဦးသည် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ အုတ်လမ်းအတိုင်း ယမနေသား တုတ်ကောက်ကို ဟန်ပါပါထောက်ရင်း ရေတာရှည်လမ်းဆုံသို့ လျှောက်လှမ်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးသည် ရေတာရှည်လမ်းဆုံကို ကျော်ဖြတ်ပြီးနောက် ကြားတောရလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းလာကာ လမ်းဘေးဝဲယာရှိ ဆိုင်ကနားတို့ကို ကြည့်ရှုလာလေ၏။

အချိန်ကာလမှာ (၁၉၃၈) ခုနှစ်ခန့်ဖြစ်ရာ ထိုစဉ်က ကြားတောရလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ဓမ္မာရုံများ၊ ဘုန်းတော်ကြီးကျောင်းများ တန်းစီရှိနေကာ ဓမ္မာရုံဝင်း၊ ဘုန်းကြီးကျောင်းဝင်း တော်တော်များများ၏ ရှေ့ပိုင်းမှာ ဝင်းခတ်ထားခြင်း မရှိချေ။

ယင်းသို့ ဝင်းထရံမခတ်ထားသည့် ဘုန်းကြီးကျောင်းဝင်းများ၊ ဓမ္မာရုံဝင်းများ၏ရှေ့၌ သစ်သား၊ ဝါးတို့ဖြင့် ဆောက်လုပ်ထားသည့် ဈေးဆိုင်ခန်းအမျိုးမျိုးက တန်းစီလျက်ရှိကြလေ၏။

ပန်းပုဆိုင်၊ ပန်းတမော့ဆိုင်၊ ပရိဘောဂဆိုင်၊ ရွှေဆိုင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် စသည်တို့ရောင်းချသည့်ဆိုင်တို့အပြင် အထူးသဖြင့် ထမင်းစားပါက ညအိပ်တည်းခိုလို့ပါရသော ထမင်းဆိုင်ကြီးများလည်း ရှိလေသည်။

အဆိုပါထမင်းဆိုင်တို့မှာ များသောအားဖြင့် သစ်သားဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားကြပြီး ညည်ကြိုမိန်းကလေးတို့က





ဆိုင်ပေါက်ဝတွင်ရပ်ကာ ဘုရားဖူးများအား သူမတို့ဆိုင်တွင် စားသောက်တည်းခိုရန် အသံစာစာလေးများဖြင့် အော်ဟစ် ဖိတ်ခေါ်ကြလေ့ရှိလေသည်။

ယခုလည်း ဘုရားပေါ်မှဆင်းလာသည့် လူကြီးအား ညည်ကြိုမိန်းကလေးတို့က ဝိုင်းဆွယ်ကြတော့၏။

“ဟော သူဌေးမင်း . . . ဘုရားဖူးပြီး ပြန်လာပြီလား ရှင့်”

“ကျွန်မတို့ဆိုင်မှာ ထိုင်နားပါဦးရှင်၊ ထမင်း, ဟင်းကောင်းကောင်းများလည်း သုံးဆောင်နိုင်ပါတယ်ရှင့်၊ ပုသိမ်ပေါ်ဆန်းမွှေးနဲ့ ပြင်စလူငါးပိရည်ကျိုမွှေးမွှေးလေးကို ကြိုက်ရာဟင်းနဲ့သုံးဆောင်မှ ငွေတစ်မတ်ပဲ ယူပါတယ်ရှင့်”

ထိုလူကြီးကမူ ခပ်ပြုံးပြုံးအမူအရာဖြင့် ညည်ကြိုမိန်းကလေးတို့ကို လက်ကာပြလိုက်ပြီး . . .

“နေပါစေကွယ်၊ ရွှေတိဂုံဘုရားကို ဘုရားဝတ်ပြုဖို့ လာတိုင်း အပြန်ကျရင် ဦးကြီးစားနေကျဆိုင် ရှိတယ်ကွဲ့”

“အို . . . ကျွန်မတို့ဆိုင်မှာလည်း တစ်ခေါက်တစ်ခါလောက် ဝင်စားကြည့်ပါဦးရှင်၊ ပြီးမှ ဘယ်ဆိုင်က ဟင်းချို



www.burmeseclassic.com

www.burmeseclassic.com



လက်ရာ ပိုကောင်းသလဲဆိုတာ အကဲဖြတ်ကြတာပေါ့"

"နေပါစေကွယ် . . . ဦးကြီးစားနေကျဆိုင်မှာပဲ စားပါ့မယ်၊ အဲဒီဆိုင်က ဟင်းချက်လက်ရာကိုပဲ ခံတွင်းတွေ့လို့ပါ"

"ဦးကြီးစားနေကျဆိုင်က ဘယ်ဆိုင်မို့လို့လဲရှင့်"

"ခနုဖြူဒေါ်မြသီဆိုင်ကွဲ့"

ထိုစဉ်က ကြားတောရလမ်းတစ်လျှောက်ရှိ ထမင်းဆိုင်တို့တွင် ခနုဖြူဒေါ်မြသီ၏ ထမင်းဆိုင်မှာ ဟင်းချက်လက်ရာ အကောင်းဆုံးဟု နာမည်ဂုဏ်သတင်းထွက်နေသဖြင့် အခြားဆိုင်တို့မှ ညှော်ကြိုမိန်းကလေးတို့မှာ လျှာကလေးတစ်လစ်ထုတ်ပြီး ခေါင်းလေးပုကာ နောက်ဆုတ်သွားကြတော့၏။

သို့ဖြင့် ထိုလူကြီးသည် ကြားတောရလမ်းအတိုင်း ဆက်လက်လျှောက်လာပြီး ခနုဖြူဒေါ်မြသီထမင်းဆိုင်ဟူ၍ ဆိုင်းဘုတ်ကြီးကြီး ချိတ်ဆွဲထားသည့် ထမင်းဆိုင်ထဲသို့ တုတ်ကောက်ကို ဟန်ပါပါထောက်လျက် လှမ်းဝင်လာတော့၏။

ထိုလူကြီး ဆိုင်ထဲသို့ဝင်လာသည်ကို တွေ့လျှင် အသားဖြူဖြူနှင့် လုံးကြီးပေါက်လှဖြစ်သော ဆိုင်ရှင် အပျိုကြီးဒေါ်မြသီသည် ဆိုင်နောက်ဘက်မှ ကမန်းကတန်း ထွက်လာပြီး သူမ-





ကိုယ်တိုင် အစွမ်းကုန်ပြုံးလျက် ခရီးဦးကြိုပြုလေတော့သည်။

"ဟော . . . ပွဲစားကြီး ဦးအုန်းခိုင် ကြွလာပါလား၊ ကြွပါ ကြွပါ . . . အစ်ကိုကြီး ဘုရားဖူးရာက ပြန်လာတယ်ထင်ရဲ့"

"ဟဲ့ ဝါနုတို့, ညိုညိုတို့ . . . လာကြစမ်း၊ ဒီစားပွဲကို သုတ်ပြီး ငါးပိရည်,တို့စရာအသစ် လဲပြီးချပေးကြစမ်း"

"အစ်ကိုကြီး . . . ဘာဟင်းနဲ့များ သုံးဆောင်မလဲရှင့်"

"ထုံးစံအတိုင်း ဆိတ်ကာလီစာဟင်းနဲ့ ပေးဗျာ၊ အိမ်မှာ ထမင်းချက်က အလုပ်ထွက်သွားလို့ စားရသောက်ရတာ အဆင်မပြေတာနဲ့ ခင်ဗျားရဲ့လက်ရာလေးစားချင်လို့ ထွက်လာတာဗျို့"

"ဟော . . . ဒါဆို အစ်ကိုကြီးက ဘုရားဖူးဖို့ထက် သီသီရဲ့လက်ရာကို စားချင်လို့ လာတယ်ဆိုပါတော့"

ဆိုင်ရှင်အပျိုကြီး ဒေါ်မြသီက ကလိတိတိလေးမေးပြောပြောလိုက်ရာ လူပျိုကြီးဖြစ်သော ဦးအုန်းခိုင်ကလည်း ချိတ်တိတ်တိတ်လေး ပြန်ပြောလိုက်လေ၏။

"ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်းပေါ့ဗျာ . . . ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည် သွယ်လျ လှပသော အသက်နှစ်ဆယ်ခန့်အရွယ် မိန်းမပျိုလေးတစ်ဦးသည် ထမင်းဆိုင်ထဲသို့ ဝင်လာပြီး ဦးအုန်းခိုင်ထိုင်နေသည့်စားပွဲနှင့် ခါးလွယ်ခုတ်ရှိ စားပွဲတွင် ထိုင်လိုက်ကာ ဝက်သားဟင်းနှင့် ထမင်းစားပွဲ မှာလိုက်လေ၏။

မျက်ခုံးမျက်လုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် မဟာ နဖူးဝင်းဝင်းလေးအပေါ် ဆံမြိတ်လေးများ ကပိုကရိုကျနေသည့် ထိုမိန်းကလေးမှာ ရုပ်အဆင်းက မဟာဆန်ဆန် ချောမောလှပ သော်လည်း ဝတ်ထားသည့် ပဒုမ္မာအင်္ကျီ လက်စကနှင့် ချိတ် ထဘီလေးမှာ နွမ်းလျလျဖြစ်နေသည့်အပြင် မိန်းကလေး၏မျက် နှာမှာလည်း အတော်လေး ညှိုးနွမ်းလျက်ရှိသည်ကို ဦးအုန်းခိုင် အမှတ်မထင် သတိပြုမိလိုက်လေသည်။

သို့သော် သူသည် မိန်းမများကို သိပ်စိတ်ဝင်စားတတ် သူမဟုတ်ရာ သနားကမားရုပ်ရည်ရှိသော ထိုမိန်းကလေးထံမှ မျက်လုံးအကြည့်လွှဲလိုက်ပြီး စားပွဲထိုးမိန်းကလေးတို့ လာချပေး သည့် ဆိတ်ကလီစာဟင်းနှင့် ထမင်းကိုသာ အားပါးတရ စား သောက်နေလိုက်လေ၏။





"ဘယ့်နှယ်လဲ အစ်ကိုကြီး ... စားလို့ကောင်းရဲ့လား"

"ကောင်းမှ ကောင်းဗျာ၊ ခု အိမ်မှာ ထမင်းချက် မစော မရှိမှ အိမ်ဖော်ကောင်မလေးတွေချက်တဲ့ ဟင်းပဲ စားနေရတယ် ဗျာ၊ စားရသောက်ရတာ နေရာမကျပါဘူး"

ဤတွင် အပျိုကြီးဒေါ်မြသီက မျက်စောင်းလေးချိတ် လိုက်ပြီး ...

"ဒါဆိုလည်း သီသီ့ဆိုင်မှာပဲ နေ့တိုင်းလာစားပေါ့ အစ် ကိုကြီးရဲ့"

ဟု ညုတုတုအသံဖြင့် ပြောလိုက်လေသည်။

"အောင်မယ်လေးဗျာ ... ဘိုးစိန်လမ်းကနေ ဒီကို နေ့ တိုင်း မနက်တစ်ခါ, ညနေတစ်ခါ ထမင်းလာစားရရင် ကားနဲ့ လာရင်လည်း ခါတ်ဆီဖိုးနဲ့မွဲလိမ့်မယ်၊ လန်ချားနဲ့လာရင်လည်း လန်ချားဖိုးနဲ့ ဒေဝါလီခံရမှာဗျာ ...ဟား ဟား ဟား"

စောစောက မိန်းမပျိုလေးမှာ ထမင်းကို ဣန္ဒြေရရ စားရင်း ဦးအုန်းခိုင်တို့ ပြောဆိုနေသမျှကို မသိမသာ နားစွင့် လျက်ရှိလေ၏။

"ဒါထက် ... မမြသီကို အကူအညီတောင်းရဦးမယ်"

ခု နှစ် စဉ် ကြွယ် ဘ ပေ

www.burmeseclassic.com

www.burmeseclassic.com



''ဘာများလဲ အစ်ကိုကြီးရဲ့ ... အစ်ကိုကြီးရဲ့အိမ်မှာ ထမင်းဟင်း လိုက်ချက်ပေးဖို့တော့ အကူအညီမတောင်းနဲ့နော်၊ ဒီဆိုင်ကို ပစ်ထားလို့မရဘူးရှင့် ... ဟင်း ဟင်း ဟင်း''

''ကြီးကြီးစည်ရာဗျာ ... ကျုပ် ထမင်းချက် ဟင်းချက် ကောင်းကောင်းလိုချင်လို့ဗျ၊ အရွယ်လတ်လတ်, လက်ရာကောင်း၊ ကောင်းထဲက ရှာပေးစမ်းပါဗျာ၊ ကျုပ်ကလည်း ဟင်းကြေး(ချေး) များတဲ့သူဆိုတော့ ခက်တယ်၊ အိမ်ကို ပွဲစားတွေခေါ်လာတဲ့ ထမင်းချက်တွေထဲကလည်း တစ်ယောက်မှ သဘောမကျဘူး၊ မမြသီရဲ့လက်ရာ တစ်ဝက်လောက်မီရင် တော်ပါပြီဗျာ''

''အင်း ... အဲဒါ အတော်ခက်တယ် အစ်ကိုကြီးရဲ့၊ ဒီဆိုင်မှာလည်း စားနေကျဖောက်သည်တွေက သီသီကိုယ်တိုင် ချက်မှ၊ ဒီ့ပြင်ထမင်းချက်တွေနဲ့ လွှဲလို့ကိုမရဘူး၊ ဒီကြားတော ရလမ်းတစ်လျှောက်က ထမင်းဆိုင်တွေမှာလည်း ဟင်းကောင်း ကောင်းချက်တတ်သူ ရှားတယ်၊ အင်းလေ ... လက်ရာကောင်း ကောင်းချက်တတ်တဲ့သူရှိရင် သီသီပြောပါ့မယ်''

''လုပ်စမ်းပါဗျာ ... စားပြီးသောက်ပြီး လခ သုံးဆယ် ပေးပါ့မယ်''





''အလိုလေး ... အဲဒီလိုလစာမျိုးနဲ့ သီသီတောင် လုပ်ချင်သေး ... ဟင်း ဟင်း ဟင်း''

ထို့နောက် ဦးအုန်းခိုင်သည် စားသောက်ပြီးသွားပြီမို့ ပိုက်ဆံရှင်းကာ နှုတ်ဆက်ပြီး ဆိုင်ထဲမှထွက်သွားတော့၏။

စောစောက မိန်းမပျိုလေးသည်လည်း ထမင်းစားခြင်းကို ကပျာကသီ လက်စသတ်ကာ ငွေရှင်းပြီး ဆိုင်ထဲမှထွက်ခဲ့တော့သည်။

ဦးအုန်းခိုင်မှာ ပိုက်လေးနေသဖြင့် လန်ချား လောလော ဆယ်မခေါ်သေးဘဲ ကြားတောရလမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လက်လျှောက်လာရာ စောစောက မိန်းမပျိုလေးမှာ သူ့နောက်သို့ အမှီလိုက်လာကာ ဘေးချင်းယှဉ်မိသည်နှင့် မဝံ့မရဲဖြင့် ခပ်တိုးတိုး ခေါ်လိုက်လေတော့၏။

''ဒီက ဦးရှင့်''

ချိုသာသောအသံလေးကြောင့် လမ်းတစ်ဖက်သို့ ငေးလျက် လျှောက်လှမ်းနေသည့် ဦးအုန်းခိုင်မှာ ရုတ်တရက်မို့ အံ့အားသင့်သွားပြီး လှည့်ကြည့်လိုက်မိလေသည်။

''ဟို ... ဟိုလေ ... ဦးကို စကားနည်းနည်း ပြောရှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုပါရှင်''

လှမ်းလက်စခြေလှမ်းကိုရပ်ကာ မိန်းမချောလေးအား ကြည့်ရင်း ဦးအုန်းခိုင်မှာ မျက်ခုံးထူထူကြီးတို့ကို ပင့်လိုက်မိလေ၏။

''ဩော် ... ဟို ထမင်းဆိုင်မှာတွေ့ခဲ့တဲ့ မိန်းကလေး မဟုတ်လားကွဲ့''

''ဟုတ် ... ဟုတ်ပါတယ်ဦး၊ ဦးစားတဲ့ထမင်းဆိုင်မှာ စားရင်း ဦးနဲ့ ဆိုင်ရှင်မိန်းမကြီးတို့ ပြောဆိုနေကြတာကို ကြားမိခဲ့လို့ ဦးဆီ အလုပ်တောင်းရအောင် လိုက်လာခဲ့မိတာပါရှင်''

''ဘယ် ... ဘယ်လို အလုပ်တောင်းရအောင် .. ဟုတ်လား''

''ဟုတ် ... ဟုတ်ပါတယ်ရှင်၊ ဦးက အဲဒီ ထမင်းဆိုင်ရှင်မိန်းမကြီးကို ပြောတယ်လေ ... ဦးရဲ့အိမ်မှာ ထမင်းဟင်းချက်ပြုတ်မယ့်သူ လိုတယ်ဆိုလို့၊ အဲ ... အဲဒီအလုပ် ရတီလုပ်ချင်လို့ပါရှင်''

ဦးအုန်းခိုင်က ဝတ်စားထားသည့် အဝတ်အစားလေးများ ဟောင်းနွမ်းသော်လည်း မျက်နှာလေးက ဖြူစင်ဝင်းပကာ မဟာ





ဆန်ဆန်လှပနေသူလေးကို အံ့သြတကြီး သေချာကြည့်လိုက်မိလေသည်။

''ဘယ်လို ကလေးမ ... မင်းရုပ်ရည်လေးနဲ့ ထမင်းချက် ခန္တာမာအလုပ် လုပ်မလို့ ... ဟုတ်လား''

''ဟုတ် ... ဟုတ်ပါတယ် ဦးရယ်၊ ရတီ ထမင်းဟင်းကောင်းကောင်းချက်တတ်ပါတယ်၊ စောစောက ထမင်းဆိုင်က ဟင်းလက်ရာမျိုး ချက်နိုင်ပါတယ် ဦးရယ်၊ ရတီ့မှာ နေစရာနဲ့ အလုပ်အကိုင်လိုနေလို့ပါ''

ဦးအုန်းခိုင်မှာ ရိုရိုကျိုးကျိုးအမူအရာဖြင့် ခယတောင်းပန်ဟန်လေးဖြင့် ပြောနေသော မိန်းကလေးကို ကရုဏာသက်သလိုလို ဖြစ်သွားမိတော့၏။

တကယ်တော့ သူက မိန်းမတွေကို သနားတတ်သူမဟုတ်။ လူမှုရေးအရ မိန်းမများနှင့် အလိုက်အထိုက် ဆက်ဆံနေရသော်လည်း မိန်းမများကို နှစ်သက်ခြင်း ရှိသူမဟုတ်။

ယခု သူ့ရှေ့မှ မိန်းကလေးကိုမူ ကရုဏာသက်သလိုလို ဖြစ်သွားမိ၏။

''နေပါဦး ကလေးမရဲ့ ... မင်းက ဒီရန်ကုန်ကပဲလား



www.burmeseclassic.com

www.burmeseclassic.com



တခြားအလုပ်အကိုင် ရှာမရလို့လားကွဲ့''

ဤတွင် ရတီဆိုသော မိန်းကလေးက သက်ပြင်းလေး ချပြီး ခေါင်းလေးငုံ့လျက်ဖြေသည်။

''ဒီ ... ဒီလိုပါ ဦးရယ်၊ ရတီက ဒီရန်ကုန်ကမဟုတ်ပါဘူးရှင်၊ ရှမ်းပြည်နယ်ဇာတိပါ၊ နာမည်အပြည့်အစုံက မွှံရတီပါရှင် ...၊

ရှမ်းပြည်နယ် ကျောက်မဲမြို့နားက နန်းခုံရွာလေးမှာ နေထိုင်ကြီးပြင်းခဲ့ပြီး ပညာကတော့ ကျောက်မဲက သီလရှင်မစ်ရှင်ကျောင်းမှာ လေးတန်းအထိ နေဖူးပါတယ်၊ မိဘက လက်ဖက်ခူးတဲ့အလုပ် လုပ်ပါတယ်ဦးရယ် ...၊

ပြီးခဲ့တဲ့နှစ်ကတော့ အဖေနဲ့အမေဟာ ရှေ့ဆင့် နောက်ဆင့် ဆိုသလို ဆုံးပါးသွားပါတယ်ရှင် ...၊

ရတီလည်း မိဘတွေမရှိတော့တဲ့နောက် လက်ဖက်ခူးတဲ့အလုပ် လုပ်ပြီး အိမ်နီးချင်းအဒေါ်ကြီးကို အိမ်မှာ အဖော်ခေါ်ထားပြီး နေပါသေးတယ် ဦးရယ် ...၊

ပြီးခဲ့တဲ့လကတော့ အဲဒီအဒေါ်ကြီးလည်း ငှက်ဖျားမိသေသွားတာနဲ့ ဆွေမျိုးသားချင်းမရှိတဲ့ရွာမှာ ဆက်မနေချင်တော့





လို့ စစ်ကိုင်းမှာ သီလရှင်ဝတ်နေတဲ့ အဒေါ်ဝမ်းကွဲဆီ ထွက်ခဲ့ပါတယ်ရှင် ...၊

စစ်ကိုင်းက အဒေါ်သီလရှင်ဝတ်နေတဲ့ကျောင်းရောက်တော့ ရန်ကုန် ငါးထပ်ကြီးဘုရားနားက မေဓာဝီကျောင်းကို ပြောင်းသွားပြီလို့ သိရတာနဲ့ ရန်ကုန်ကို ဆက်လိုက်လာခဲ့တာပါ ဦးရယ် ...၊

မေဓာဝီသီလရှင်ကျောင်းရောက်တော့ အဒေါ်သီလရှင် ဆုံးသွားတာ သုံးလေးလလောက်တောင်ရှိပြီလို့ သိရတယ် ဦးရဲ့၊

ဒါနဲ့ ရတီလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ, ဘယ်သောင်ဘယ်ကမ်း ကပ်ရမှန်းမသိဖြစ်ပြီး လောလောဆယ်တော့ အဲဒီကျောင်းမှာပဲ ခိုကပ်နေရပါတယ် ...၊

ရွာက အိမ်ပိုင်းလေးရောင်းခဲ့ရတဲ့ပိုက်ဆံလေးလည်း ကုန်လုပါပြီ၊ ဒါကြောင့် ... မြို့ထဲအနှံ့ အလုပ်လိုက်ရှာနေတာ သုံးလေးရက်ရှိပါပြီရှင်၊ နေတာကတော့ အခုနေတဲ့ သီလရှင်ကျောင်းမှာ တောင်းပန်ပြီး ဆက်နေလို့ရပါတယ်၊ စားဖို့ သုံးဖို့အတွက်တော့ အလုပ်ရမှာဖြစ်မှာပါ ...၊

မြို့ထဲက လူမျိုးခြားတွေရဲ့အရောင်းဆိုင်တွေမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့ရပါတယ်၊ ဒါပေမဲ့ ရတီက လူမျိုးခြားတွေရဲ့ဆီမှာ အလုပ် မလုပ်ချင်ပါဘူးရှင် ...၊

ဦးကတော့ အမျိုးသားချင်းမို့ ထမင်းချက်အလုပ်များ ခန့်ရင် လုပ်ချင်ပါတယ်ရှင်''

ဦးအုန်းခိုင်က မှုံ့ရတီ၏စကားအဆုံးတွင် ဦးခေါင်းကို ဖြည်းဖြည်းညိတ်လိုက်ပြီး ...

''အင်း ... ကလေးမရဲ့အဖြစ်ကို နားထောင်ရတာ စိတ်မကောင်းစရာပါပဲ၊ ကျုပ် ကိုယ်ချင်းစာပြီး ကရုဏာသက်မိပါ တယ် ...၊

ဒါပေမဲ့ လူမှုရေးအရ ကရုဏာသက်တာက တစ်ကဏ္ဍ, အလုပ်က တစ်ကဏ္ဍမို့ ရတီ့ကို အလုပ်ပေးချင်ပေမယ့် ဟင်းချက် လက်ရာကောင်းဖို့တော့ နံပါတ်တစ် လိုအပ်တယ်ကွဲ့၊ အင်း ... ဟင်းချက် တကယ်ကောင်းရင်တော့ ကျုပ်တို့အိမ်မှာ အလုပ်ခန့်ပါ့မယ်''

ဟု ပြတ်သားစွာပြောလိုက်လေရာ မှုံ့ရတီမှာ ဝမ်းသာ အားတက်သွားဟန်ဖြင့် မျက်နှာချောချောလေး ဝင်းခနဲ ဖြစ်သွား လေသည်။





''ဝမ်းသာလိုက်တာ ဦးရယ်၊ ဒါဆို ရတီဟာ ဦးလိုတဲ့ အရည်အချင်းမီရင် အလုပ်ရပြီပေါ့၊ ရတီရဲ့အရည်အချင်းကို စမ်းသပ်ကြည့်လို့ ရပါတယ် ဦးရယ်''

''ကောင်းပြီ ရတီ၊ ဦးက ဘိုးစိန်လမ်းထဲက အတိသုခ စံအိမ်မှာနေတယ်၊ အတိသုခစံအိမ် ဘယ်နားမှာလဲလို့ ဘယ်သူ့ မေးမေး သိတယ်၊ မနက်ဖြန်မနက် ကိုးနာရီအရောက် လာခဲ့ ... ဟုတ်လား၊ ဟင်းလျာ အဆင်သင့်ဝယ်ခိုင်းထားလိုက်မယ်၊ ဟင်းသုံးမျိုး မင်းချက်ပြရမယ်၊ မင်းချက်တဲ့ဟင်းကို ကျုပ် ခံတွင်း တွေ့ပြီဆိုရင်တော့ မင်း အလုပ်ရပြီမှတ် ...၊

အဲ .. ကျုပ် ခံတွင်းမတွေ့ဘူးဆိုရင်တော့ လမ်းစရိတ်ပေး ပြီး မင်းကို ပြန်လွှတ်လိုက်မယ်၊ ကျုပ်က အလုပ်နဲ့ပတ်သက်ရင် ပြတ်ပြတ်သားသားပဲ လုပ်တတ်တယ်လေ၊ အားမနာတတ်ဘူး''

''ဟုတ်ကဲ့ ... ရပါတယ်ဦးရယ်၊ ဦးလိုချင်တဲ့ အရည် အချင်း မမီရင် ရတီ့ကို အလုပ်မခန့်ပါနဲ့''

''ကဲ ... ဒါဆို ကျုပ်သွားမယ် ... ဟုတ်လား''

''ဟုတ် ... ဟုတ်ကဲ့ ဦး''

သို့ဖြင့် ဦးအုန်းခိုင်လည်း လန်ချားတစ်စီးကို စီးကာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားတော့ရာ မှုံရတီမှာ အားတက်မျှော်လင့်သောမျက်နှာလေးဖြင့် ငေးကြည့်ကျန်ရစ်ခဲ့ပါတော့သတည်း။

❋

နောက်တစ်နေ့နံနက် ၉–နာရီခန့်တွင် မှုံရတီသည် ပိုက်ဆံအိတ်ပြားပြားလေးကို လက်ထဲမှာဆုပ်ကိုင်ရင်း လမ်းဘေးနှစ်ဖက်တွင် သက်ရင့်ပင်ကြီးတို့၏ အရိပ်အာဝါသကောင်းလှသော ဘိုးစိန်လမ်းထဲသို့ ဟိုကြည့်သည်ကြည့်ဖြင့် လျှောက်လှမ်းဝင်ရောက်လာတော့၏။

"ဟော ... အတိသုခစံအိမ်ဆိုတာ ဒီတိုက်ကြီးပဲ"

ခြံဝအုတ်တိုင်မှ ကြေးဆိုင်းဘုတ်လေးကို ဖတ်ကြည့်ပြီးနောက် မှုံရတီက သံပန်းတံခါးကြီးဖွင့်ထားသည့် ခြံကျယ်ကြီးထဲ မဝံ့မရဲဖြင့် လှမ်းဝင်လာခဲ့လေသည်။

ပိန္နဲ၊ သစ်တို၊ မရန်း၊ သရက်စသည့် စားပင်ကြီးများ အုပ်ဆိုင်းပေါက်ရောက်နေသော ခြံဝင်းကြီးထဲသို့ ကတ္တရာခင်း





လမ်းကလေးအတိုင်း ဝင်ရောက်လာခဲ့ရာ ခြံအလယ်ရှိ နှစ်ထပ်တိုက်အိမ်ကြီး၏ ရှေ့ဆင်ဝင်အောက်သို့ ရောက်ရှိသွားတော့၏။

"ဟော ကလေးမ ... ဘယ်သူနဲ့တွေ့ချင်လို့လဲကွဲ့"

စွပ်ကျယ်ချိုင်းပြတ်နှင့် ပုဆိုးကြမ်းကွက်ကျဲ ဝတ်ထားသည့် ထိပ်ပြောင်ပြောင်လူကြီးတစ်ဦးက အိမ်ရှေ့တံခါးဝတွင် ပေါ်လာပြီး သူမကို အကဲခတ်ကြည့်ကာ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဟို ... ကျွန်မနာမည် မှုံရတီပါရှင်၊ ဒီအိမ်က ဦးအုန်းခိုင် ခေါ်ထားလို့လာတာပါ"

"ဪ ... ထမင်းချက်အလုပ်အတွက် ပြောထားတဲ့ မိန်းကလေးလား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"ဪ ... အေး ... လာလာ"

ထိုထိပ်ပြောင်ပြောင်နှင့်လူကြီး ဦးအောင်သိန်းက ကြီးမားကျယ်ဝန်းလှသည့် ဧည့်ခန်းမကြီးထဲသို့ ခေါ်သွားပြီး ဆိုဖာဆက်တီခုံတစ်လုံးမှာ ထိုင်စေ၏။

"ဆရာကြီးက အိမ်ပေါ်ထပ်က စာကြည့်ခန်းထဲမှာကွဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခဏာထိုင်ဦးနော် . . . ဆရာကြီးကို သွားအကြောင်းကြားလိုက်ဦးမယ်''

''ဟုတ် . . . ဟုတ်ကဲ့ရှင့်''

ထိပ်ပြောင်ပြောင်နှင့်လူကြီး ဦးအောင်သိန်းသည် ပွတ်လုံးလက်ရန်းများ တပ်ထားသည့် ကျွန်းလှေကားကြီးအတိုင်း တက်သွားရာ မှုံရတီမှာ ပန်းကနုတ်ဘောင်များဖြင့် ဝင့်ထည်လှစွာသော ကျွန်းဗီရိုကြီးများ၊ ကတ္တီပါလိုက်ကာကြီးများ၊ တရုတ်နိုင်ငံလုပ် အလှစိုက်ကြွေထည်ပန်းအိုးကြီးများဖြင့် တန်ဆာဆင်ထားသည့် ဧည့်ခန်းမကြီးကို မျက်လုံးကစားကာ ကြည့်ရှုလေ့လာရင်း ကျန်ရစ်ခဲ့တော့၏။

ခဏအကြာတွင် ဦးအောင်သိန်းသည် ကျွန်းလှေကားကြီးမှ ဆင်းလာပြီး ခပ်ပြုံးပြုံးမျက်နှာဖြင့် . . .

''ကဲ ကလေးမ . . . ဆရာကြီးက မီးဖိုဆောင်မှာ ကလေးမကို လွတ်လွတ်လပ်လပ် ချက်ပြုတ်ပါစေတဲ့၊ လာ လာ . . . ကျုပ် လိုက်ပို့မယ်''

ဟုပြောကာ အိမ်အလယ်စင်္ကြံလမ်းအတိုင်း နောက်ဖေးဆောင်သို့ ခေါ်သွားတော့၏။





မှုံရတီသည် ကျွန်းလျှာထိုးခင်းစင်္ကြံအတိုင်း လိုက်ပါသွားရင်း ဝဲယာရှိ တံခါးပိတ်ထားသည့်အခန်းများကို တစေ့တစောင်းကြည့်ရှုသွားလေသည်။

''ကျုပ်ရဲ့နာမည်က ဦးအောင်သိန်းလို့ခေါ်တယ်ကွဲ့၊ ဒီအိမ်က အိမ်စေမလေးတွေကတော့ သူကြီးလို့ခေါ်ကြတာပေါ့ကွယ်၊ ကျုပ်က ဒီစံအိမ်ကြီးရဲ့ ဘဏ္ဍာစိုးပဲဆိုပါစို့''

ဦးအောင်သိန်းက သူ့ကိုယ်သူ မိတ်ဆက်ပေးရင်း နောက်ဖေး မီးဖိုဆောင်ကြီးထဲသို့ ရောက်ရှိသွားကြပါတော့၏။

မီးဖိုဆောင်ကြီးက ကျယ်ဝန်းလှပြီး မှန်ပြူတင်းမြင့်မြင့်ကြီးများရှိသဖြင့် အလင်းရောင် ကောင်းစွာရလျက် ရှိသည်။

မီးဖိုဆောင်ခန်းထဲတွင် ကြွေပန်းကန်အချို့ကို အဝတ်ဖြင့်သုတ်နေကြသည့် အသက်ဆယ့်ငါးနှစ်ခန့်အရွယ် မိန်းကလေးနှစ်ယောက်ကို တွေ့ရ၏။

''ဟဲ့ အေးကြည်မတို့ . . . ဒီက နင်တို့အစ်မကို ဝိုင်းကူလိုက်ကြ''

ဦးအောင်သိန်း (သူကြီး) က အိမ်စေကောင်မလေးနှစ်ယောက်ကို အမိန့်ပေးလိုက်ပြီးနောက် မီးဖိုဆောင်၏အလယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်စားပွဲပေါ် တင်ထားသည့် လင်ပန်းများထဲမှ ဝက်သားတွဲ၊ ဆိတ်သားတွဲနှင့် အသီးအရွက်တို့ကို ညွှန်ပြကာ မှုံ့ရတီကို ပြောလေသည်။

"ကဲ ကလေးမ . . . ဆရာကြီးက ဝက်သားဟင်း၊ ဆိတ်သားဟင်းနဲ့ ချဉ်ပေါင်ဟင်းချက်ဖို့ မှာလိုက်တယ်၊ လွှတ်လွှတ်လပ်လပ်သာချက်၊ ဟောဒီကောင်မလေးတွေကို ဝိုင်းဝန်းလှီးချွတ်ခိုင်း . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ကောင်းကောင်းလေးသာ ချက်၊ ဆရာကြီးလျှာလည်သွားအောင်၊ ဒီက အေးကြည်မတို့၊ မိသိန်းအေးတို့ချက်တာ အချိုးမပြေလို့ ဆရာကြီးခမျာ လန်ချားတစ်စီးနဲ့ ထမင်းဆိုင်ကောင်းကောင်း လိုက်ရှာစားနေရတယ်၊ ကျုပ်ကတော့ အသက်ကြီးပြီမို့ လျှာပါ အိုသွားလို့လားမသိဘူး . . . ချဉ်ငန်စပ်အရသာ တယ်မသိတော့ဘူး"

ဤတွင် ဖြူဖြူဝဝ အိမ်စေမလေးက ပြုံးစနဲ့နဲ့အမူအရာဖြင့် . . .

"သူကြီးက မအိုသေးပါဘူး၊ မိန်းမ,ယူရင်တောင် ရနိုင်





သေးတယ်"

ဟု ရွှတ်နောက်နောက် ပြောလိုက်လေ၏။ ဦးအောင်သိန်း၏ မျက်နှာဝိုင်းဝိုင်းကြီးက ပြုံးသွားပြီး . . .

"ဟော . . . အေးကြည်မရဲ့ တကယ်လားဟဲ့"

ဟု မေးလိုက်သည်တွင် မည်းမည်းလုံးလုံး ကောင်မလေးက ဖြူဖွေးသောသွားလေးများပေါ်အောင် ရယ်လိုက်ကာ ဝင်ပြောလိုက်သည်။

"အို . . . ဟုတ်တာပေါ့၊ အေးကြည်မ,ပြောတာ မှန်တယ်၊ သူကြီးနဲ့လိုက်ဖက်မယ့် သတို့သမီးတောင် ကျွန်မ,နေခဲ့တဲ့ သယ်နှီးကျွန်းက ကျိုက္ကဆံဘုရားကျောက်စာတိုင်ဝင်းထဲမှာ တွေ့ထားတယ်"

"ဟော . . . ဟုတ်လား၊ ဘယ် ဘယ်သူများတုံး"

"ဟို ကျောက်ပျဉ်ကြီးရွက်ထားတဲ့ မယ်ကုဝဏ်ဘီလူးမကြီးလေ . . . ခစ် ခစ် ခစ်"

"အောင်မယ်လေးဗျာ . . . ဘီလူးမနဲ့မှ ဖူးစာဆုံခိုင်းရသလား၊ တယ် . . . ဒီကောင်မလေးတွေ၊ နင်တို့အလှည့်ကျမှ အဲဒီဘုရားက ယက္ခညီနောင်လက်ထဲ အပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပျော်တတ်ပုံရသည့် ဘဏ္ဍာစိုးကြီးဦးအောင်သိန်းမှ အိမ်စေမလေးတို့ကို မှုံရတီ သဘောကျသွားတော့၏။

“ကဲ ကဲ ... ကလေးမ ... စပြီး ချက်ပြုတ်ပေတော့ ဆရာကြီးက မနက်စာကို ဆယ့်တစ်နာရီတိတိမှာ စားလေ့ရှိသကွဲ့”

“ဟုတ်ကဲ့ သူကြီး”

ထို့နောက်မှာမူ မှုံရတီသည် အိမ်စေမလေးများ၏ အကူ အညီဖြင့် ဟင်းလျာတို့ကို စတင်ချက်ပြုတ်တော့၏။

*

ချဉ်ပေါင်ဟင်းတစ်ဖွန်း ခပ်သောက်လိုက်ပြီးသည်နှင့် ဟင်းချက်လက်ရာကောင်းလှကြောင်း ဦးအုန်းနိုင် အကဲဖြတ်မိ၏။

ဝက်သားနှပ်ကလည်း ပဲငံပြာရည်အရသာလေးနှင့် သွားဖုံးမြုပ်မျှ ဝါးရသည်က အီဆိမ့်အောင် ကောင်းလှသည်။

ဆိတ်သားဟင်းကလည်း မဆလာရနံ့လေးသင်းကာ





နူးနူးအိအိဖြင့် စားကောင်းလှ၏။

ညှီနံ့လုံးဝမထွက်စေဘဲ နူးနူး နပ်နပ်လေး ချက်ပြုတ်ထားပုံက နှစ်သက်ဖွယ်ကောင်းလေစွ။

ယင်းအပြင် မှုံရတီက အလျှုချက် ငံပြာရည်ချက်လေးပါ ချက်ပေးထားပြီး အတို့အမြှုပ် သရက်ကင်း၊ ပဲတီချဉ်၊ သခွားသီးတို့နှင့်လိုက်ဖက်လွန်းလှရာ ဦးအုန်းနိုင်မှာ ခေါင်းမထောင်မိဘဲ ငုံ့ကာ ငုံ့ကာသာ လွေးနေမိပါတော့၏။

ထမင်းစားသောက်ပြီးနောက် လက်ဖက်ရည်သောက်ရင်း ကိတ်မုန့်၊ ပန်းသီးတို့ဖြင့် အချိုတည်းနေစဉ်မှာပင် ဦးအုန်းနိုင်က မှုံရတီကို အလုပ်ခန့်ကြောင်း အတည်ပြုပြောလိုက်တော့သည်။

“ရတီ့ကို ဒီနေ့ကစပြီး အလုပ်ခန့်လိုက်ပြီ”

“ဝမ်းသာလိုက်တာ ဦးရယ်”

“အေး ... လစာကတော့ စရိတ်ငြိမ်း သုံးဆယ်ပေးမယ်၊ ခု တစ်လစာ ကြိုထုတ်ပေးလိုက်မယ်၊ ဒီနေ့နေ့ခင်းမှာပဲ ဒီအိမ်ကို တစ်ခါတည်းပြောင်းလာတော့ ... ဟုတ်ပြီလား”

“ဟုတ် ... ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုအောင်သိန်း ... ရတို့ကို လစာသုံးဆယ် ထုတ်ပေးလိုက်ဗျာ၊ ပြီးရင် မြင်းလှည်းငှားပေးလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

***



## နောက်ထပ်လူသစ်တစ်ဦး

ထိုနေ့ ညနေ လေးနာရီကျော်ကျော်ခန့်အချိန်တွင် ဆီဒင်ကားတစ်စီးသည် ကန်တော်ကြီးကန်ပတ်လမ်းအတိုင်း မြို့ထဲတက်မှုနေ၍ တံ့ဆိုင်း တံ့ဆိုင်း မောင်းလာရာမှ လူသူပြတ်လပ်လှသော ကနေဒီကျွန်းအနီးအရောက်ဝယ် လမ်းဘေးသို့ စက်သံတဂိုးဂိုးမြည်လျက် ထိုးရပ်သွားတော့၏။

ကားနောက်ခန်းထဲတွင် မျက်မှောင်ကြီးကြုတ်လျက်လိုက်ပါလာသော ခန့်ချောလှပသည့် အသက်လေးဆယ်ခန့်အမျိုးသမီးကြီးမှာ တောက်တစ်ချက် ခတ်လိုက်တော့သည်။

ခု နစ် စဉ် ကြယ် တာ ရေ

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ကားစက်ကို အမြဲတမ်း စစ်ဆေးပါလို့ ပြောထားလျက်နဲ့ ကြင်စိန်တို့ကတော့ လုပ်လိုက်ရင် ဒီအတိုင်း ချည်းပဲ"

"ဆီ ... ဆီပိုက်တာလားမသိဘူး မမစိန်"

အသားမည်းမည်း၊ သွားခေါခေါ၊ ပိန်ခြောက်ခြောက်နှင့် ဒရိုင်ဘာက ခေါင်းကို တဖြင်းဖြင်းကုတ်လျက် ကားတံခါးဖွင့်ဆင်း ကာ ဘောနက်အဖုံးကိုဖွင့်ပြီး ဟိုနှိုက်သည်နှိုက် လုပ်နေတော့၏။

အတန်ကြာသည်တွင် ရွှေငွေလက်ဝတ်လက်စားအပြည့် ဝတ်ထားသည့် မမစိန်ဆိုသော အမျိုးသမီးကြီးမှာ ကားထဲ၌ ထိုင်နေရသည်ကို စိတ်အိုက်လာဟန်ဖြင့် တစ်တောင်ခန့် အလျား ရှိသော ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်ကာ မြည်တွန်တောက် တီးရင်း ကားနောက်ခန်းထဲမှ ထွက်လာတော့သည်။

"ဒရိုင်ဘာကလည်း အသုံးမကျ၊ ကားကလည်း အသုံး မကျ၊ အစ်ကိုကြီးကလည်း အသုံးမကျဘူး၊ ဒီကားကိုရောင်းပြီး ဘောက်စ်ဆောကို ဝယ်ပါဆိုတာ ပြောလို့မရဘူး"

ထို့နောက် သူမက ကားကိုကျောမှီရပ်လျက် ကန်တော်ကြီးရေပြင်ကို ငေးမောကြည့်နေတော့သည်။





ယင်းအချိန်မှာပင် ...

အသားညိုညို၊ အရပ်ရှည်ရှည် လူငယ်တစ်ဦးနှင့် ပုပု ဝဝ၊ ဂင်တိုတို လူရွယ်တစ်ဦးတို့သည် ကန်ဘေးစပ်အတိုင်း လျှောက်လာရာမှ ဆီဒင်ကားနှင့်မလှမ်းမကမ်းသို့ ရောက်ရှိလာ တော့၏။

"ဟာ ဟေ့ ... တောကျီးကန်း ... ရှေ့မှာ အမဲတွေ့ပြီ ကွ၊ ကေ့ဒ္ဒ ကားပျက်နေတယ်ထင်ရဲ့"

"ဟုတ်မယ် ကိုကီဝီရေ ... အထည်ကြီးနဲ့တူတယ်"

"အေး ... ဒီနေရာမှာ လူပြတ်တယ်ကွ၊ ကားအသွား အလာလည်း ကျဲတယ်၊ ငါတို့ သုတ်လိုက်ရအောင်"

"ချဗျာ"

ဘောင်းဘီရှည်နှင့် ဂျာကင်အင်္ကျီကိုယ်စီဝတ်ထားကြ သည့် ခေါင်းစုတ်ဖွားနှင့် ထိုလူနှစ်ယောက် (တောကျီးကန်းနှင့် ကီဝီ) တို့သည် စပ်ဖြဲဖြဲမျက်နှာများဖြင့် ဆီဒင်ကားအနီးသို့ကပ် လာရာ သူတို့ကိုမြင်သည်နှင့် မမစိန်ဆိုသည့် အမျိုးသမီးမှာ ရင်ထိတ်သွားပြီး ...

"ဟယ် ... ဒီနေရာက လူလည်းပြတ်၊ ကားလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်တယ်၊ အခု လာနေတဲ့လူတွေကြည့်ရတာ လူကောင်းသူကောင်းတွေ ဖြစ်ပုံမရဘူး၊ ငါတို့ကိုများ နှောင့်ယှက်မလား မသိဘူး''

ဟု စိုးရိမ်စွာတွေးကာ ကားထဲ ပြန်ဝင်ထိုင်ရန် ကားတံခါးကိုဖွင့်ရန် ကြိုးစားလိုက်စဉ်မှာပင် ထိုလူနှစ်ဦးမှာ အနီးသို့ ရောက်လာတော့၏။

''ဟဲလို ဒီက မမ ... ကားပျက်နေလို့လားဗျ၊ ကျွန်တော်တို့ ကူညီပါ့မယ် ... ဟဲ ဟဲ''

''အို ... မလိုပါဘူး''

သူမက ပြတ်သားစွာပြောပြီး ကားတံခါးကို ဆက်ဖွင့်ရန် ကြိုးစားလိုက်စဉ်မှာပင် ပုပု၊ ဂင်တိုတိုနှင့် ကီဝီဆိုသော လူက မမစိန်၏ ချိုင်းကြားမှ ပိုက်ဆံအိတ်ကြီးကို ဆတ်ခနဲဆွဲလုလိုက်ရာ သတိထားနေသည့် မမစိန်က ပိုက်ဆံအိတ်ကို လက်မောင်းဖြင့် အတင်းညှပ်ထားရာ ကီဝီ (ခ) ဇော်ဝင်းထင်မှာ ရုတ်တရက် ဆွဲယူ၍မရ ဖြစ်နေတော့၏။

''အို ... ဘာလုပ်တာလဲ၊ ဟဲ့ ကြင်စိန် ... ကြင်စိန် ... လုပ်ပါဦး''





''ဟေ့လူတွေ၊ ဟေ့လူတွေ ... ဒါ ဘာလုပ်တာလဲ''

ကြင်စိန်လည်း ကားခေါင်းကိုပတ်ကာ ကပျာကသီ ပြေးလာရာ အရပ်ရှည်ရှည်နှင့်တောကြီးကန်း (ခ) လှမျိုးမြင့်က ဗိုက်လက်သီးဖြင့် တစ်ချက်တည်း ထိုးချလိုက်ရာ ...

'ခွပ်'

''အ''

ကြင်စိန်မှာ လမ်းဘေးမြက်ခင်းပေါ် လိမ့်ဆင်းသွားပါတော့၏။

ထို့နောက် တောကြီးကန်းက မမစိန်ကို နောက်ဘက်မှ ပြေးချုပ်လိုက်ပြီး ကီဝီက ပိုက်ဆံအိတ်ကို အတင်းဆွဲလုတော့သည်။

ယခုအခါ မမစိန်က ပိုက်ဆံအိတ်ကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် အားကုန်ပြန်ဆွဲလျက်ရှိလေ၏။

ထိုစဉ် ကန်ပတ်လမ်းအတိုင်း ခေါင်းငိုက်စိုက်ချလျက် လျှောက်လှမ်းလာသည့် လူငယ်တစ်ဦးက သူ့ရှေ့ ကိုက်ငါးဆယ်ခန့်အကွာမှ ရုတ်ရုတ်သဲသဲမြင်ကွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရာ ရုတ်တရက်မို့ အံ့အားသင့်သွားပြီးမှ အခြေအနေကို ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားတော့သည်။

"ဟာ ... ဟို မိန်းမကြီးဆီက လုယက်နေကြတာပါ လား ...၊

အင်း ... နဂိုကမှ စိတ်ညစ်နေရတဲ့ကြားထဲ အရှုပ်ထုပ်နဲ့ လာတိုးနေတယ်"

ယင်းအခိုက်မှာပင် မမစိန်က ထိုလူငယ်ကို မြင်တွေ့ သွားတော့ရာ အကူအညီ အော်ဟစ်တောင်းတော့၏။

"မောင်လေး ... မောင်လေး ... ကယ်ပါဦးကွယ်၊ ဒီမှာ လုနေလို့"

ထိုအခါ လူငယ်လည်း အားနွဲ့သော မိန်းမသားတစ်ဦး အား အဓမ္မအနိုင်ကျင့်နေကြသည့်အဖြစ်ကို သည်အတိုင်း ကြည့် မနေနိုင်တော့ဘဲ အခင်းဖြစ်ပွားရာနေရာသို့ လျင်မြန်စွာ ပြေးသွား တော့သည်။

"ဟေ့ လူတွေ ... မတရားမလုပ်နဲ့"

"အောင်မာ ... မင်းက မဆိုင်ဘဲ ဘာဝင်ရှုပ်တာလဲ"

ကီဇီက ဒေါသတကြီးပြောရင်း ဘောင်းဘီအိတ်ထဲမှ ခေါက်ဓားမြှောင်ကို ဆွဲထုတ်လိုက်ကာ ...





"သေစမ်းကွာ"

ဟု ကြိမ်းဝါးလျက် ဓားမြှောင်ဖြင့် ဆီးထိုးလိုက်တော့၏။

'ရှပ်'

လူငယ်က သူ့ဆီသို့ ဓားမြှောင် လှစ်ခနဲ ဝင်လာသည် တွင် ဝဲဘက်သို့ ကိုယ်ကိုတိမ်းလိုက်လျက် လွတ်ရုံလေး ရှောင် လိုက်ကာ ရှေ့သို့ ကျွံဝင်လာသည့် ကီဇီ၏ ဓားကိုင်လက်ကို လက်ဝဲဘက်လက်ဝါးစောင်းဖြင့် ဆတ်ခနဲ ခုတ်ချလိုက်လေသည်။

'ဖြောင်း'

"အ"

လက်ဝါးစောင်းခုတ်ချက်ကပြင်းလှသဖြင့် ကီဇီ၏ ဓား ကိုင်လက်မှာ ကျဉ်ခနဲဖြစ်သွားပြီး လက်ထဲမှဓား လွတ်ကျသွား တော့၏။

တစ်ဆက်တည်းမှာပင် လူငယ်က ညာဖြောင့်လက်သီး ဖြင့် ကီဇီ၏ပါးချိတ်ကို ထိုးချလိုက်ပြီး ...

'ခွပ်'

နောက်သို့ ယိုင်သွားသည်။

ကီဇီ၏ရင်ဝကို ညာခြေကန်ချက်ဖြင့် အားကုန်ကန်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်တော့သည်။

'ဖောင်း'

''အား''

ကီဝီ ခြေကားယားလက်ကားယားဖြင့် မြက်ခင်းပေါ် ပက်လက်လန်ကျသွားစဉ် ကြင်စိန်က မြက်ခင်းပေါ်မှ လူးလဲထလာတော့၏။

ကီဝီ အခြေအနေမကောင်းဖြစ်သွားသည်ကို တွေ့လိုက်ရာ တောကျီးကန်းသည် မမစိန်ကိုချုပ်ထားရာမှ လွှတ်လိုက်ပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်တော့သည်။

''မောင်လေး ... သတိထား''

မမစိန်က လူငယ်လေးအတွက် လွန်စွာ စိုးရိမ်သွားပြီး သတိပေးအော်ဟစ်လိုက်စဉ်မှာပင် တောကျီးကန်းက လူငယ်ဆီသို့ ဓားမြှောင်ကို ဝှေ့ယမ်းလျက် ခုန်ဝင်လာတော့၏။

သို့သော် လူငယ်က တည်ငြိမ်စွာဖြင့် နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်ကာ ရှောင်လိုက်စဉ် တောကျီးကန်းက ဒေါသတကြီးဖြင့် ရှေ့သို့ခုန်ကာ ဓားဖြင့် လူငယ်၏ရင်ဝဆီသို့ စိုက်ထိုးလိုက်တော့သည်။





သို့ရာတွင် လူငယ်သည် လက်ယာဘက်သို့ ခုန်ထွက်ရင်း တောကျီးကန်း၏နံကို ခြေစောင်းဖြင့် ကန်ထည့်လိုက်တော့၏။

'ဖောင်း'

''အ''

တောကျီးကန်းမှာ ဟန်ချက်ပျက်သွားပြီး လက်ထဲမှ ဓားလွတ်ကျသွားကာ လူသည်လည်း မြက်ခင်းပေါ် နှစ်ပတ်သုံးပတ် လိမ့်သွားတော့သည်။

လူငယ်က တောကျီးကန်းတို့၏ ခေါက်ဓားမြှောင်နှစ်လက်ကို ကောက်ယူလိုက်ပြီး မောင်းကိုပြန်ပိတ်ကာ ကန်ထဲသို့ လွှင့်ပစ်လိုက်တော့၏။

''ကဲ ဟောကောင်တွေ ... ထပ်စမ်းဦးမလား၊ ငါက လည်း ညစ်နေတဲ့ကောင်၊ ဒီတစ်ခါဆို သွေးသံရဲရဲဖြစ်သွားမယ် မှတ်''

ကီဝီနှင့်တောကျီးကန်းတို့မှာ လူငယ်အား အထိတ်ထိတ် အလန့်လန့်ဖြင့် မော့ကြည့်လိုက်ကြပြီး တစ်ဦးကိုတစ်ဦး ထူကာ သုတ်ခြေတင် လစ်ပြေးကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျေး ... ကျေးဇူးတင်လိုက်တာ မောင်လေးရယ်၊ မင်းရောက်လာလို့ တော်ပါသေးရဲ့''

လူငယ်က ကျေးဇူးတင်စကားပြောနေသည့် မမစိန်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ကာ ...

''ကျွန်တော့်ကို ကျေးဇူးတင်ဖို့မလိုပါဘူး မမ၊ ဒီနေရာကနေ အမြန်ဆုံးထွက်သွားဖို့ပဲလိုပါတယ်၊ ဒီလောက် လူပြတ်တဲ့နေရာမှာ မမတို့ရဲ့ကားက ဘာဖြစ်လို့ရပ်နေတာလဲ၊ ဩော် ... ကားပျက်လို့လား''

ဟု လူငယ်က ပြောရင်း ကားဘောနက်အဖုံးဖွင့်ထားသည်ကို တွေ့ရသဖြင့် သဘောပေါက်သွားတော့၏။

''ဟုတ်တယ် မောင်လေးရေ၊ ကားက ဒီနေရာမှာ လာပျက်နေတယ်၊ ဒရိုင်ဘာလုပ်တဲ့ ကြင်စိန်ကလည်း ဘာမှ အားမကိုးရဘူး၊ ဟိုက တစ်ချက်ထိုးပဲ ရှိတယ် ...၊

မြက်ခင်းပေါ် ပက်လက်လန်သွားတာမှ လီပ်ကို ပက်လက်လှန်ထားတဲ့အတိုင်း ယက်ကန် ယက်ကန်နဲ့ ထကိုမထနိုင်တော့ဘူး''

''မမစိန်ကလည်း ကျွန်တော့်ကို အဲဒီလောက်လည်း





အထင်မသေးပါနဲ့၊ ထနိုင်ပါတယ်''

''ဟဲ့ ထနိုင်ရင် ဘာဖြစ်လို့မထသလဲ၊ ငါ့ရဲ့ပိုက်ဆံအိတ်ကို ဟိုကောင်နှစ်ကောင် ဝိုင်းဆွဲနေတာ လာကူပါတော့လား''

''ထရင် ထပ်ထိုးခံရမှာစိုးလို့ပါ''

''ဟင် မသာကောင် ... တော်တော်အားကိုးရတယ်''

မမစိန်က ဒေါကန်ပြီး ပိုက်ဆံအိတ်ဖြင့် လိုက်ရိုက်ရာ ကမန်းကတန်းကြင်စိန်မှာ လက်ကာကာ ခြေကာကာဖြင့် နောက်ဆုတ်ပြေးတော့၏။

''ကဲ ကဲ ... ကားပျက်တယ်ဆိုလည်း မြန်မြန်ပြင်ပြီး ဒီနေရာကနေ အမြန်ဆုံးထွက်သွားဖို့ကောင်းတယ်၊ အတော်မှောင်လာပြီ၊ တော်ကြာ ... စောစောကကောင်တွေ အုပ်စုဖွဲ့ပြီး ထပ်လာရင် ခက်မယ်''

လူငယ်က သတိပေးမှ မမစိန်မှာ မျက်လုံးပြူးသွားရှာတော့၏။

''အေး ... ဟုတ်တယ်၊ ဟဲ့ ကြင်စိန် ... ကားကို မြန်မြန်ပြင်စမ်း''

ထိုအခါမှ ကမန်းကတန်းကြင်စိန်လည်း အပြေးအလွှား



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ကားခေါင်းထဲ ဟိုနှိုက်သည်နှိုက် ယုပ်နေတော့သည်။

လူငယ်သည် သူ့တာဝန်ပြီးဆုံးပြီဟု သတ်မှတ်ဟန်ဖြင့် ရှေ့သို့ သုံးလေးလှမ်းလျှောက်သွားပြီးမှ စိတ်မချဟန်ဖြင့် ကြင်စိန်အား လှည့်ကြည့်ကာ လှမ်းမေးလိုက်၏။

"အစ်ကို ဖြစ်လား ... ကျွန်တော် ကြည့်ပေးရမလား"

"ဟာ ညီလေး ... မင်းကြည့်တတ်ရင် ကြည့်ပေးစမ်းပါကွာ၊ နည်းနည်းမှောင်လာတော့ ငါ ဘာမှ မမြင်တော့ဘူးကွ"

ဤတွင် မမစိန်က မျက်စောင်းကြီးထိုးလိုက်ပြီး ...

"ဟွန်း ... ဘာမှ အဖြစ်မရှိဘူး"

ဟု ထောပနာပြုလိုက်လေသည်။

လူငယ်က ကားစက်ခေါင်းထဲသို့ ငုံ့ကြည့်လိုက်ပြီး စက်မည်သည့်နေရာတွင် ချို့ယွင်းသည်ကို သေချာစွာ စစ်ဆေးကြည့်ရှုလေသည်။

"ဆီပိတ်တာထင်တယ်ကွ၊ ဆီပိတ်တာလောက်တော့ ငါလည်း လုပ်တတ်ပါတယ်"

ကြင်စိန်က အနီးမှာရပ်ကာ မင်္ဂလာဝင်ယူလိုက်သေးသည်။





"ဆီပိတ်တာ မဟုတ်ဘူးဗျ"

ကြင်စိန် မျက်လုံးပြူးသွား၏။

"ဟေ ... ဒါ ... ဒါဆိုရင်တော့ ငါမလုပ်တတ်တော့ဘူး"

လူငယ်က ကား၏ ရေတိုင်ကီ၊ ဆီပိုက် စသည်တို့ကို သေချာစွာစစ်ဆေးကြည့်ရှုပြီးနောက် ကာဘရိုက်တာကို ဆက်လက်ကြည့်ရှုစစ်ဆေးရာ ကြိုးတစ်ချောင်းပြုတ်နေသည်ကို တွေ့ရလေသည်။

"အင်း ... ကားဆောင့်လို့ ဝက်အူချောင်ပြုတ်ပြီး ကြိုးတစ်ချောင်းလွတ်နေတာပဲ"

လူငယ်က ကြိုးကို ပြန်တပ်၊ ဝက်အူကို ပြန်ကြပ်ပေးလိုက်လေသည်။ ပြီး ... သူက ကားဘောနက်အဖုံးကို ပိတ်လိုက်၏။

"ကဲ ... အစ်ကို ... ကားစက်နှိုးကြည့်"

'ဝူး ဝူး ဝူး'

"ဟား ... စက်နိုးသွားပြီကွ"

ကြင်စိန်က ကားပြတင်းမှ ခေါင်းပြူထွက်ကာ လက်မ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြလိုက်၏။

ထိုအခါမှ မမစိန်လည်း သက်ပြင်းကြီးချကာ ကားထဲ ဝင်လိုက်တော့သည်။

"ဪ . . . ဒါထက် ငါ့မောင်က ဘယ်သွားမှာလဲ၊ ကားနဲ့ တစ်ခါတည်းလိုက်ခဲ့လေ၊ ခုလို ကားပြင်ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် မမ . . . ကျွန်တော်က ဗျိုင်းရေအိုးစင်မှာ နေတာပါခင်ဗျာ"

"ဪ . . . အဲဒါဆို မမတို့ကားနဲ့ လိုက်ခဲ့လေကွယ်၊ မမတို့က ဘိုးစိန်လမ်းထဲ ပြန်မှာလေ၊ လာ လာ . . . လိုက်ခဲ့၊ လမ်းကြုံတာပဲ၊ ကြင်စိန့်ကို လမ်းထိပ်အထိ လိုက်ပို့ခိုင်းလိုက်မယ်"

"နေပါစေ မမ . . . ရပါတယ်"

"အို . . ဘယ်ဟုတ်မလဲကွယ်၊ လာပါ လိုက်ခဲ့ပါကွယ်"

မမစိန်ဆိုသော အမျိုးသမီးကြီးက အတင်းခေါ်နေသဖြင့် လူငယ်မှာ မငြင်းသာတော့ဘဲ ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ရတော့၏။





"ဒါထက် မောင်လေးရဲ့နာမည်က ဘယ်သူလဲကွဲ့၊ ဘာအလုပ်ရော လုပ်သလဲ"

"ကျွန်တော့်နာမည်က လူရဲပါ မမ၊ အလုပ်ကတော့ အရင်က မြေနီကုန်းဘက်က ကားဝပ်ရှော့တစ်ခုမှာ လုပ်ပါတယ် ခင်ဗျ၊ ဝပ်ရှော့ဆရာက အလုပ်သမားတစ်ယောက်အပေါ် အနိုင်ကျင့်တာကိုမခံနိုင်လို့ ဝင်ရှင်းရာက အလုပ်ဖြုတ်ခံလိုက်ရတယ်၊ ခုတော့ အလုပ်ရှာနေတုန်းပါခင်ဗျ"

"ဪ . . . ငါ့မောင်က အလုပ်ရှာနေတာကိုး"

"ဟုတ်ပါတယ်ခင်ဗျ၊ ခုလည်း ဗဟန်းရေတာရှည်လမ်းဘက်က ဝပ်ရှော့မှာ အလုပ်များရမလားလို့ သွားမေးတာခင်ဗျ၊ နေရာမကျခဲ့ပါဘူး မမရယ်"

ဆီဒင်ကားကြီးက ဘိုးစိန်လမ်းထဲ ချိုးကွေ့ဝင်လာခဲ့ပြီ မမစိန်ဆိုသော အမျိုးသမီးကြီးက အတန်ကြာစဉ်းစားသလို ငြိမ်နေပြီးမှ ကားနောက်ခန်းဘက်သို့ လည်ပြန်ကြည့်ကာ မေးခွန်းထုတ်လိုက်လေသည်။

"မောင်လူရဲရဲ့ဇာတိက ဘယ်ကလဲကွဲ့"

"ပုသိမ်ဘက်ကပါ ခင်ဗျ၊ မိဘတွေဆုံးသွားလို့ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တက်လာပြီး အင်းစိန်ဘက်က ဝပ်ရှော့တစ်ခုမှာ အလုပ်သင်အဖြစ် သုံးနှစ်လောက်လုပ်ပြီးမှ မြေနီကုန်းက ကိုစောလွင် (ခ) ကက်ဆက်ကြီး ဝပ်ရှော့ကို ပြောင်းခဲ့တာပါ''

''ခု နေတော့ရောကွဲ့''

''ဗျိုင်းရေအိုးစင်ထဲက ကျွန်တော့်ရဲ့လုပ်ဖော်ကိုင်ဖက် ဟောင်း သူငယ်ချင်းတစ်ယောက်အိမ်မှာ နေပါတယ်ခင်ဗျ''

မမစိန်က ရှေ့ဝယ် သူမတို့၏ခြံကြီးအနီးရောက်လာပြီ ဖြစ်သဖြင့် နောက်ဘက်သို့ လှည့်ပြန်လှည့်ကြည့်ကာ ခပ်မြန်မြန် မေးလိုက်သည်။

''ဒီမှာမောင်လူရဲ ... မင်း အိမ်ကားမောင်းနိုင်မလား''

''ဗျာ ... အဲ ... မောင်းနိုင်ပါတယ်ခင်ဗျ။ မမမှာ အဆက်အသွယ်ရှိရင် ကျွန်တော့်အတွက် အလုပ်ပြောပေးပါလား။ ကျွန်တော် အရက်လည်းမသောက်, ဖဲလည်း မရိုက်တတ်ပါဘူး''

''အင်း ... စားပြီးသောက်ပြီး စရိတ်ငြိမ်း လစာ သုံးဆယ်လောက်ရရင် လုပ်နိုင်မလား''

''ဟုတ် ... ဟုတ်ကဲ့ ... လုပ်နိုင်ပါတယ်ခင်ဗျ။ ဘယ် အိမ်ကကား မောင်းရမှာလဲခင်ဗျ''





''ဟောဒီခြံဟာ မမတို့ခြံပဲ၊ မင်း မနက်ဖြန်မနက်ကျရင် ၈–နာရီလောက်လာခဲ့၊ မမတို့အိမ်ကကားကို မောင်းရမှာပဲ''

''ဗျာ''

''ကြင်စိန်က ကားကို ဒီမှာပဲရပ်၊ ခြံထဲကို မမစိန် လမ်းလျှောက်ပြီးဝင်သွားမယ်၊ သူ့ကိုသာ လမ်းထိပ်အထိ လိုက်ပို့ လိုက်''

''ဟုတ်ကဲ့''

ကြင်စိန်က ခြံရှေ့တွင် ကားရပ်လိုက်သည်နှင့် မမစိန် သည် ကားတံခါးဖွင့်ကာ ဆင်းလိုက်ဘော့၏။

''မမစိန် ... မမစိန်''

''ဘာလဲဟဲ့ ကြင်စိန်ရဲ့''

''ဟို ... ဒီ ... လူရဲကို ဒရိုင်ဘာခန့်မလို့လား''

''အေးလေ''

''ဩော် ဟော် ဟော် ... ဘောက်(စ်)ဆော(လ်) တစ်စီး ထပ်ဝယ်ပြီး သူ့ကို မောင်းခိုင်းမလိုပေါ့''

''မဟုတ်ဘူး၊ ဒီကားပဲ မောင်းခိုင်းမှာ''

''ဟင် ... သူ့ကို ဒီကားမောင်းခိုင်းတော့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာလဲ''

''နင့်ကို မနက်ဖြန်ကစပြီး ရာထူးလျှော့လိုက်ပြီ၊ နင် မာလီလုပ်''

''ကောင်းကွာ''

နောက်တစ်နေ့နံနက် ၈–နာရီခန့်တွင် ကျောပိုးအိတ်လေး လွယ်လျက် လူရဲသည် ဘိုးစိန်လမ်းထဲသို့ ဝင်လာခဲ့ရာ မာတ်တိုင်သုံးတိုင် ကျော်လွန်ပြီးလျှင်မူ ညက ဆီဒင်ကားရှင်မမ ဆင်းခဲ့သည့် ခြံဝသို့ ရောက်ရှိလာတော့၏။

သူက ခြံအဝ ဝဲဘက်အုတ်တိုင်ကြီးပေါ်မှ ကြေးဆိုင်းဘုတ်လေးကို စိတ်ထဲမှဖတ်လိုက်လေသည်။

''အတိသုခစံအိမ် ဆိုပါလား''

သူက စံအိမ်ဝင်းကြီးထဲသို့ ဖွင့်ထားသည့် တံခါးဝမှ ဝင်လာပြီး ကတ္တရာခင်းလမ်းကလေးအတိုင်း လျှောက်လာခဲ့ရာ ကုန်းမြင့်ပေါ်သို့ ကွေ့ဝိုက်တက်သွားသည့်လမ်းကလေး၏အဆုံးတွင် ဂရိကျောက်လုံးတိုင်ကြီးများဖြင့် တည်ဆောက်ထားသော ဆင်ဝင်ကြီးအောက်သို့ ရောက်ရှိသွားပါတော့၏။

''ဟာ လူရဲ . . . လာပြီလားကွ''





ဆင်ဝင်ရှေ့ရှိ ပန်းရုံများကြားတွင် ပန်းပင်တို့ကို ပေါင်းသင်နေရာမှ ကြင်စိန်က အပြေးလေးထလာပြီး နှုတ်ခွန်းဆက်ခြင်းဖြစ်သည်။

''ဟုတ်တယ် ကိုကြင်စိန်ရဲ့''

ထိုစဉ် အိမ်ရှေ့တံခါးပေါက်တွင် ထိပ်ပြောင်ပြောင်နှင့် ဘဏ္ဍာစိုးကြီး ဦးအောင်သိန်း (ခ) သူကြီး ပေါ်လာတော့၏။

''ကြင်စိန်ရေ . . . အဲဒါ ဘယ်သူလဲကွ''

''ဒီအိမ်က ဒရိုင်ဘာအသစ်ဗျ၊ နာမည်က လူရဲတဲ့''

''ဟ . . . ဒရိုင်ဘာက မင်းရှိနေတာပဲမဟုတ်လား ကြင်စိန်ရဲ့၊ သူ့ကို ဘယ်သူက ဒရိုင်ဘာခန့်လိုက်တာတုံး''

ကြင်စိန်က သူ့ရင်ဘတ်သူ လက်ဖြင့်ပုတ်ပြလိုက်သည်။

''ကျွန်တော်''

''ဘာကွ . . . မင်းက ဘာမို့ သူ့ကို ဒရိုင်ဘာခန့်ရတာလဲ''

''အဲ . . . ကျွန်တော့်ရဲ့ကျေးဇူးရှင် မမစိန်က ခန့်တာလို့ ပြောတာပါ၊ ကျွန်တော့်ကိုတော့ ဒီနေ့ကစပြီး မာလီလုပ်တဲ့''

''ကောင်းကွာ . . . အစ်ကိုလုပ်တဲ့ လူပျိုကြီးက အပျို



www.burmeseclassic.com

www.burmeseclassic.com



ချောချောလေးကို မနေ့ကပဲ ထမင်းချက်ခန့်လိုက်တယ်၊ ညီမအံပျိုကြီးက ကောင်လေးချောချောကို ဒီနေ့ပဲ ဒရိုင်ဘာခန့်လိုက်တယ်၊ ကောင်းကွာ''

''ဘာကောင်းတာလဲ သူကြီးရဲ့''

''ထမင်းစားလို့လည်း ကောင်း၊ ဆီဒင်ကားကြီးစီးလို့လည်းကောင်းတယ်လို့ ပြောတာပါ ကြင်စိန်ရာ . . . ဟား ဟား ဟား''

* * *



## ပျောက်ဆုံးနေသူ



အတိသုခစံအိမ်ကြီးတွင် ယခင်က ထမင်းချက်လုပ်ခဲ့သော ဒေါ်စောဝေမှာ သူမ၏မိခင်ကြီး အတော်နေမကောင်းကြောင်း သံကြိုးစာရကတည်းက အလုပ်မှထွက်ပြီး ဇာတိဖြစ်သော ကျိုက်ထိုသို့ပြန်သွားရာ နောက်ထပ် စိတ်တိုင်းကျသည့် ထမင်းချက်,မရသဖြင့် အစားကောင်းအသောက်ကောင်းကြိုက်သော ဦးအုန်းခိုင်မှာ အခက်တွေ့နေရာ . . .

ယခု အတိသုခသို့ မှုရတီရောက်လာမှ ဓနုဖြူဒေါ်မြသီ ထမင်းဆိုင်မှ လက်ရာထက် များစွာသာသော ဟင်းချက်လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို စားသုံးရသဖြင့် လွန်စွာ သဘောကျလျက်ရှိပါတော့၏။

မုံရတီမှာ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာမှအစ ဥရောပအစားအစာတို့ကိုပါ ကျွမ်းကျင်နိုင်နင်းစွာ ချက်ပြုတ်တတ်သည့်အပြင် အရသာထူးကဲအောင်လည်း ချက်ပြုတ်နိုင်သူလေး ဖြစ်ပေသည်။

မြန်မာဟင်းလျာတို့ကိုမူ တစ်နေ့တစ်မျိုး မရိုးရအောင် အစပ်အဟပ်တည့်စွာ ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်နိုင်လေရာ ဦးအုန်းခိုင်တင်မက ညီမဖြစ်သူ ဒေါ်မင်းစိန်ပါ စားရသောက်ရသည်ကို သဘောကျလျက်ရှိတော့၏။

အိမ်၏ ဘဏ္ဍာစိုးဖြစ်သော ဦးအောင်သိန်း (ခ) သူကြီးနှင့် အိမ်စေမလေးများထံမှ အတိသုခမိသားစု၏အကြောင်း မုံရတီ တစေ့တစောင်း ကြားသိရသမျှမှာ . . .

အတိသုခ မိသားစုအစဉ်အဆက်မှာ မိုးကုတ်ဇာတိ တွင်းစားမျိုးနွယ်ဖြစ်ပြီး အထက်မြန်မာပြည်ကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းကို ဗြိတိသျှအရင်းရှင်ပိုင် 'ဘားမားရူဘီမိုင်း' ကုမ္ပဏီကြီးက ကြီးစိုးလွှမ်းမိုးကာ တွင်းတူးစက်ကြီးများ၊ ဗြူးစက်ကြီးများဖြင့် အကြီး





အကျယ် တူးဖော်လုပ်ကိုင်လျက်ရှိရာ ယင်းသို့သော နိုင်ငံခြားသား အရင်းရှင်ကြီးများနှင့်အပြိုင် အတိသုခမိသားစုက လိုင်စင်ယူပြီး ကျောက်မျက်တူးဖော်ခဲ့ကြကြောင်း သိရ၏။

ထိုတွင်းစားမျိုးနွယ် အတိသုခမိသားစု၏ နောက်ဆုံးမျိုးဆက်ဖြစ်သော ဦးအုန်းခိုင်၊ ဒေါ်မင်းစိန်နှင့် ဦးမြသိန်းတို့ မောင်နှမသုံးဦးတွင် အစ်ကိုကြီးဖြစ်သည့် ဦးအုန်းခိုင်နှင့် အစ်မ ဒေါ်မင်းစိန်တို့မှာ အသက်လေးဆယ်ကျော်သည်အထိ အိမ်ထောင်မပြုကြဘဲ အငယ်ဆုံးဖြစ်သော ဦးမြသိန်းသည်သာ အိမ်ရာတည်ထောင်ခဲ့ပြီး တာတီးဟူသည့် သားတစ်ယောက် ထွန်းကားခဲ့လေသည်။

မိဘများကွယ်လွန်ပြီးနောက် မိုးကုတ်ရှိ အတိသုခကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းကို မောင်နှမ သုံးယောက် ဆက်လက်လုပ်ကိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကျောက်အအောင်နည်းကာ စရိတ်စကမှာ ကြီးမားလှသဖြင့် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းမှာ တစ်စတစ်စ အရှုံးပေါ်လာတော့၏။

ယင်းအချိန်မှာပင် ဦးမြသိန်း၏ဇနီး မေကျော့ရှင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဖောက်ပြန်တော့ရာ တာတီးလေးငယ်စဉ်မှာပင် လင်မယားကွဲခဲ့ရတော့သည်။

လုပ်ငန်းကလည်း အရှုံးပေါ်၊ အိမ်ထောင်လည်း ပြိုကွဲသဖြင့် ဦးမြသိန်းမှာ မိုးကုတ်မြေတွင် မနေလိုတော့ချေ။

မိသားစု အရှက်တကွဲ အကျိုးနည်းဖြစ်ရသဖြင့် မျိုးရိုးဂုဏ်မြင့်သည့် ဦးအုန်းခိုင်တို့မှာ မိုးကုတ်မြေကို စွန့်ခွာရန် ဆုံးဖြတ်ရတော့၏။

သို့ဖြင့် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းလိုက်လျက် တူးဖော်လုပ်ကိုင်ခွင့်လိုင်စင်ကို အစိုးရထံ ပြန်အပ်ကာ မိုးကုတ်မှအိမ်ကြီးကိုပါ ရောင်းပြီး မိုးကုတ်မြေနှင့်ဝေးရာရန်ကုန်သို့ ဆင်းလာခဲ့ကြခြင်းဖြစ်သည်။

ဦးအောင်သိန်း (သူကြီး) မှာ အတိသုခမိသားစု ရန်ကုန်ရောက်မှ လူယုံတော် လက်ကသုံးတောင်ဝှေးအဖြစ် အမှုထမ်းခဲ့ခြင်းဖြစ်သော်လည်း မိုးကုတ်ဇာတိသား အသိတစ်ဦးနှင့် ရန်ကုန်တွင် ဆုံဖြစ်ခဲ့ရာမှ အတိသုခမိသားစု၏နောက်ကြောင်းကို သိခဲ့ရခြင်း ဖြစ်သည်။

အိမ်စေကောင်မလေးများမှာမူ ဦးအုန်းခိုင်တို့ မောင်နှမ





အချင်းချင်း အတိတ်ဇာတ်ကြောင်းတို့အား ပြန်ပြောင်းပြော စားမြုံ့ပြန်ကြသည်ကို တစ်စွန်းတစ်စ ကြားမိကြရခြင်းဖြစ်၏။

မှုံရတီက အိမ်စေမလေးများကို ညီမလေးများကဲ့သို့ ရင်းရင်းနှီးနှီး ဆက်ဆံသဖြင့် သူမတို့က ခင်မင်သွားကြပြီး သိသမျှ ပြောပြကြခြင်းဖြစ်လေသည်။

"အဲဒီ ဦးလေးမြသိန်းဟာ ပြီးခဲ့တဲ့သုံးလလောက်ကပဲ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့တယ် မမရတီရဲ့"

"ဟင် . . . ဦးမြသိန်းက ပျောက်သွားတယ် . . . ဟုတ်လား"

"ဟုတ်တယ် မမရတီရဲ့၊ သူက စကတည်းက ကြောင်တောင်တောင်ပါ၊ အရက်ချည်း လိုမ့်သောက်နေပြီး သူ့ကိုကြည့်လိုက်ရင် တစ်နေရာရာကို စိုက်ကြည့်ကြောင်ငေးနေတာပဲ တွေ့ရတယ်၊ သူကြီးကပြောတော့ ဦးမြသိန်းဟာ မယားတချူးတဲ့ . . .၊

တစ်ညနေမှာတော့ အိမ်ကနေ လမ်းလျှောက်ထွက်ဦးမယ်ဆိုပြီး သူတစ်ယောက်တည်း ထွက်သွားတာ ပြန်ကိုမလာတော့ဘူး"

"လိုက်မရှာကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရှာတာပေါ့၊ ပုလိပ်ဘက်ကိုလည်း လူပျောက်တိုင်ထားလို့ ပုလိပ်အရာရှိတွေရောက်လာပြီး ကျွန်မတို့ကိုတောင် စစ်မေးသေးတယ်"

"ဩော် ဒါထက် ... ဦးမြသိန်းရဲ့သားလေး တာတီး ဆိုတာကကော"

"အဲဒီကလေး တာတီးလည်း ကံဆိုးရှာပါတယ် မမရတီရယ်၊ တာတီးမှာ တက်တတ်တဲ့ရောဂါရှိတယ်၊ မိခင်နဲ့ဝေးသွားလို့လားမသိဘူး ... တာတီးဟာ အမြဲ တမှိုင်မှိုင်နဲ့ပဲ၊ အဲဒါ ကျွန်မတို့ ဒီအိမ်ကိုရောက်ပြီး ခြောက်လလောက်အကြာမှာပဲ တာတီးဟာ အဖျားကြီးပြီးတက်သွားရာက အသက်ပါ ပါသွားတော့တယ်"

"အို ... ဖြစ်မှဖြစ်ရလေ"

"ဒါထက် စကားမစပ် ... မမရတီကို ပြောရဦးမယ်"

"ဘာလဲ အေးကြည်မရဲ့ ... ပြောလေ"

"အခု ... ဒရိုင်ဘာအသစ်လေး ကိုလှုရဲက ချောတယ်နော်"

မှုံရတီက နှုတ်ခမ်းဖူးဖူးလေးကို လှပစွာ မဲ့လိုက်သည်။





"တော်စမ်းပါ ... လူကသာ ဒရိုင်ဘာ၊ ပုံစံက အခြေကြီး အနေကြီးတဲ့ ပုံမျိုး"

ဤအတိသုခစံအိမ်ကြီးသို့ရောက်ရှိခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း လှုရဲနှင့် သုံးလေးခါမက ဆုံဖူး၏။

သူလည်း လူသစ်၊ မိမိလည်း လူသစ်မို့ အမှတ်ထင်ထင် ဂရုပြုကြည့်မိခြင်းဖြစ်သည်။

ဒရိုင်ဘာဟူသော ရာထူးနှင့် မလိုက်ဖက်လောက်အောင် အသားဖြူဖြူချောချော၊ အရပ်မြင့်မြင့် ဖြစ်၏။ ပုံစံက ဘိုင်စကုတ်မင်းသားနှင့်ပင် တူသေးတော့။

သို့သော် လှုရဲကိုကြည့်ရသည်မှာ ဤစံအိမ်ကြီးထဲတွင် ဒေါ်မင်းစိန်တစ်ယောက်ကိုသာ အသက်ရှိသည်ဟု ထင်မှတ်နေပုံရ၏။

ဦးအုန်းခိုင်မှာ ကားအသုံးပြုလေ့သိပ်မရှိရာ လှုရဲမှာ ဒေါ်မင်းစိန်၏ သီးသန့်ဒရိုင်ဘာလို ဖြစ်နေသည်။

သူကလည်း မမစိန်၊ မမစိန်နှင့် နှုတ်ဖျားမှမချ။

"ဟုတ်တယ်နော် မမရတီ ... ကိုလှုရဲကို ကြည့်လိုက်ရင် ဒရိုင်ဘာလို့ မထင်ရဘူး၊ သက္ကလတ်ဘောင်းဘီနဲ့ စပို့ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံနဲ့ တကယ့်သူဌေးသားကျနေတာပဲ''

ဤတွင် အသားမည်းမ မိသိန်းအေးက မဲ့ကာရွဲ့ကာဖြင့် ဝင်ပြောသည်။

''အောင်မယ်လေးဟယ် ... အဲဒီအဝတ်အစားတွေက လည်း မ႑စိန် ဝယ်ပေးထားတာတွေပါ''

ဒေါ်မင်းစိန်မှာ စုရတီဈေး (ယခု သိမ်ကြီးဈေး) တွင် ရတနာရွှေဆိုင်ဖွင့်ထားသဖြင့် လူရဲက ဒေါ်မင်းစိန်ကို ဈေးသွား ဈေးပြန်လိုက်ပို့ရ၏။

ဒေါ်မင်းစိန်မှာ သူမကိုယ်တိုင် လက်ဝတ်လက်စား အပြည့်အစုံဝတ်ကာ ကြော့ကြော့မော့မော့လေး နေလေ့ရှိသလို သူမ၏ဒရိုင်ဘာကိုလည်း စုတ်စုတ်နုပ်နုပ်မဖြစ်စေချင်ပေ။

ထို့ကြောင့်လည်း သူမက အမြဲခေါင်းစုတ်ဖွားနှင့် နေ တတ်သော ကြင်စိန်ကို ကြည့်မရသည်မှာ ကြာပြီဖြစ်၏။

ယခု ဖြူဖြူချောချော ငယ်ငယ်ရွယ်ရွယ် ဒရိုင်ဘာ အသစ်လေးရတော့ သူဌေးသားရှုံးလောက်အောင် ဆင်ပေးပြီး သားသားနားနား ဒရိုင်ဘာလေးမောင်းသည့် ဆီဒင်ကားကြီးစီး လျက် ရှိုးထုတ်လို့မဝ ဖြစ်နေတော့သည်။





''အင်း ... လူရဲက ငါ့ကိုတောင် ဂရုမပြုသလိုဘဲ ပ်တန်းတန်းနေဟယ်၊ ကေန္တ ... ထမင်းချက် ခန္တမာဆိုပြီး ထင်သေးနေသလား မသိဘူး၊ တစ်နေ့ ... ငါ ဘာလဲဆိုတာ သိသွားမှ အတိသုခမိသားစုသာမက သင်းပါ မျက်လုံးပြူးသွား စရမယ် ... ဟင်း ဟင်း ဟင်း''

မှုံရတီမှာ စိတ်ထဲမှသာ ကြိမ်းဝါးကာ ရယ်မောလိုက်မိ ပါတော့၏။

*

တစ်နေ့သော ညနေခင်းတွင် ...

ညစာချက်ပြုတ်ပြီးပြီမို့ မှုံရတီတစ်ဦးတည်း အိမ်ရှေ့ န်းခြံထဲမှ ခုံတန်းလျားတွင်ထိုင်ကာ အပန်းဖြေလျက်ရှိစဉ် မြင်း လှည်းတစ်စီးသည် ခြံဝမှာရပ်လာပြီး မြင်းလှည်းပေါ်မှ ဦးအုန်းခိုင် ဆင်းလာသည်ကို တွေ့ရလေ၏။

ဦးအုန်းခိုင်က ယမနေသားတုတ်ကောက်ကို ဟန်ပါပါ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင်း ခြံထဲသို့ဝင်လာရာ ခြံရှေ့ပိုင်း ပန်းခြံထဲတွင် ထိုင်နေသည့် မှုံရတီကိုတွေ့လိုက်ရသဖြင့် စံအိမ်ကြီးထဲသို့ မဝင်ဘဲ မြက်ခင်းစိမ်းစိမ်းအပေါ်နင်းကာ မှုံရတီရှိရာသို့ လျှောက်လှမ်းလာလေ၏။

သူက ဘန်ကောက်လုံချည် တရှမ်းရှမ်းဖြင့် လျှောက်လှမ်းလာပြီး မှုံရတီထိုင်နေသည့် ခုံတန်းလျားမှာပင် ဝင်ထိုင်လိုက်လေသည်။

ပြီး သူက မှုံရတီဘက်သို့လှည့်ကြည့်ကာ ပြုံးလျက်မေး၏။

"ရတီ . . . ကျုပ်တို့စံအိမ်ကြီးမှာ နေရတာ ပျင်းနေပြီလား"

"မပျင်းပါဘူး ဦးရယ် . . . အေးကြည်မတို့ မိသိန်းအေးတို့နဲ့ ညီအစ်မတွေလိုဖြစ်နေတော့ သူတို့နဲ့စကားပြောရင်း အလုပ်အတူတူလုပ်ရင်း ပျော်နေရတာပါပဲ၊ ခုလည်း ညနေစာအတွက် ချက်ပြုတ်ပြီးလို့ ထမင်းပန်းကန်, ဟင်းပန်းကန်တွေ သူတို့ကို ပြင်ဆင်ခိုင်းထားပြီး ခဏထွက်နားနေတာပါရှင်"

"အင်း . . . နားနားနေနေလုပ်ပါ ရတီ၊ ကျုပ်တို့ မောင်နှမက တခြားအိမ်ရှင်တွေလို တင်တင်စီးစီးမရှိပါဘူး"



"ဟုတ်ပါတယ်ရှင်၊ ဦးတို့မောင်နှမ သဘောကောင်းလို့လည်း စိတ်ချမ်းသာရပါတယ်"

ဤတွင် ဦးအုန်းခိုင်က ဆည်းဆာနေခြည်အောက်တွင် ပန်းလေးတစ်ပွင့်နှယ် လန်းဆတ်လှပသေသည့် မှုံရတီ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်တော့သည်။

မှုံရတီလည်း ဦးအုန်းခိုင်က သူမကိုစိုက်ကြည့်နေမှန်း သိသဖြင့် အနည်းငယ် ရှက်အမ်းအမ်းဖြစ်သွားပြီး မနေတတ်မထိုင်တတ်သလိုလည်း ဖြစ်သွားမိ၏။

ခဏနေမှ ဦးအုန်းခိုင်က မျက်စိအကြည့်ကိုလွှဲကာ သက်ပြင်းကြီးချလိုက်လေသည်။

"အင်း . . . မှုံရတီကိုကြည့်ရတာ ယဉ်ယဉ်ကျေးကျေး, သိမ်သိမ်မွေ့မွေ့နဲ့ အချက်အပြုတ်လည်း ကျွမ်းကျင်, မိန်းမလည်း ပီသလိုက်ပါဘိ၊ ဒီလိုမိန်းကလေးမျိုးနဲ့ ဟိုကောင် ဘာဖြစ်လို့ မဆုံစည်းခဲ့ပါလိမ့်"

"ဘယ် . . . ဘယ်သူလဲ ဦးရဲ့"

"ကျုပ်ရဲ့ညီ မြသိန်းကိုပြောတာ၊ ကျုပ်ရဲ့ညီသာ ရတီလို





www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမျိုးနဲ့ ဆုံစည်းခွင့်ရခဲ့ရင် သိပ်အဆင်ပြေမှာပဲ၊ ခုတော့ . . . မေကျော့ရှင်းလို မိန်းမရှုပ်, မိန်းမယုတ်နဲ့တွေ့လို့ ဘဝပျက် ရတဲ့အပြင် လူပါ ပျောက်ခြင်းမလှ ပျောက်သွားရတယ်ကွဲ့"

"အင်း . . . အဲဒီအကြောင်းကို အေးကြည်မတို့ ပြောပြ လို့ နည်းနည်းတော့သိပြီးပါပြီ၊ ဦးမြသိန်း ပျောက်ဆုံးသွားပုံက တော်တော်ဆန်းတယ်နော်"

"ဟုတ်တယ် ရတီ၊ သူပျောက်သွားတာက ဒီနှစ် ဇန်နဝါ ရီလ ၂၅-ရက်မှာပါပဲ၊ ညနေဘက် လမ်းလျှောက်ထွက်ဦးမယ်လို့ ကိုအောင်သိန်းကိုပြောပြီး သူတစ်ယောက်တည်း ကန်တော်ကြီး ဘက် ထွက်သွားတာပဲ . . .၊

ရတီ . . . ကျုပ်တို့လည်း ရှာတယ်၊ သတင်းစာတွေထဲ မှာလည်း လူပျောက်ကြော်ငြာထည့်တာပဲ၊ ပုလိပ်အဖွဲ့ကလည်း ကြိုးစားရှာဖွေတာပဲ၊ ဒါပေမဲ့ . . . မြသိန်းကို အစအနတော့ ရှာလို့မတွေ့ပါဘူး"

"အင်း . . . ဦးမြသိန်းရဲ့ဘဝကလည်း ရင်နာစရာပဲ နော်"

"ဟုတ်တယ် ရတီ . . . တကယ်တော့ ရှေးလူကြီးတွေရဲ့





စကား . . . အိမ်ထောင်ရေး, ဘုရားတည်, ဆေးမင်ရည်စုတ်ထိုး, သည်သုံးမျိုး ချက်မပိုင်ရင် နောင်ပြင်ရန်ခက်တဲ့အမျိုး ဆိုတာ တကယ်မှန်တာပဲ၊ လူတစ်ယောက်ရဲ့ဘဝဟာ သူ့ရဲ့အိမ်ထောင် ရေးပဲလေ၊ အိမ်ထောင်ရေးကံမကောင်းရင် ဘဝပါ သေရတာပါ ပဲ၊ အိမ်ထောင်ရေးကံမကောင်းဘူးဆိုတာကလည်း များသော အားဖြင့် အိမ်ထောင်ဖက်ရွေးချယ်တဲ့နေရာမှာ လွဲမှားခဲ့တာက အဓိက ပိုကျမယ်ထင်တယ်"

"ဦးမြသိန်းဟာ အိမ်ထောင်ဖက် အရွေးမှားခဲ့တယ် ပေါ့"

"ဟုတ်တယ် ရတီ၊ လှသလောက် အင်မတန် ကြောက် စရာကောင်းတဲ့ မိန်းမကို သူ ယူမိလိုက်လို့ သူ့ရဲ့ဘဝ သေသွားရ တာပါပဲ၊ အင်မတန်မာယာများပြီး ကောက်ကျစ်တဲ့ မေကျော့ရှင်း လို မိန်းကလေးမျိုးကိုတော့ ဒီကမ္ဘာမှာ ရှာလို့တွေ့မယ်တောင် မထင်ပါဘူးကွယ် . . .၊

အင်မတန် ဉာဏ်များတဲ့မိန်းမ၊ အင်မတန် လော်လည် ဖောက်ပြားတဲ့မိန်းမ၊ သင်းကြောင့် ကျုပ်ရဲ့ညီလေး ဘဝ ရေတိမ် နစ်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



''သူတို့နှစ်ယောက်က ကြိုက်လို့ယူခဲ့ကြတာလား၊ မိဘတွေက ပေးစားခဲ့တာလား ဦး''

''အင်း ... သူတို့နှစ်ယောက် ဖူးစာဖက်ပုံကလည်း တစ်မျိုး ရတီရဲ့၊ ကျုပ် သေချာပြောပြပါ့မယ် ... ဒီလို ဒီလို''

***

# အခန်း (၂)

## ဆန်လှူပွဲ

## ပျောက်ဆုံးသွားသော ဒင်္ဂါးများ

## မာယာဒေဝီမဟေသီ

## ရမ္မက်ထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ဆန်လှူပွဲ

တစ်ခုသော ညနေဆည်းဆာအခါသမယဝယ် ရွှေးမြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော ကုန်တင်လှေကြီးတစ်စင်းသည် ပျဉ်ရွာအနီးမှ ဖြတ်လာစဉ် ပင်လယ်ဘက်ဆီမှ လှိုင်းလုံးကြီးများ တလိမ့်လိမ့်ဝင်လာသည်ကို ကြုံရတော့၏။

လေပြင်းများနှင့်အတူ လှိုင်းလုံးကြီးများ တဟဲဟဲဖြင့် လိမ့်ကာ လိမ့်ကာဝင်လာသလို စောစောက ကြည်လင်နေသည့် မိုးကောင်းကင်ယံသည်လည်း ညို့မှိုင်းအုံ့ဆိုင်းလာကာ မိုးသက်လေပြင်းတို့ ကျရောက်လာတော့၏။

ရ နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ဝေါ ဝေါ'

ဆန်ကုန်သည်ကြီး ဦးညွန့်အောင်မှာ လှေဝမ်းနှင့်အပြည့် သယ်ဆောင်လာသည့် ဆန်အိတ်များ မိုးမစိုစေရန် သူ့အလုပ် သမားတို့ကို တာလပတ်များဖြင့် အုပ်ဖို့ အော်ဟစ်အမိန့်ပေးလျက် ရှိလေသည်။

"ဟေ့ကောင် အောင်လွင်တို့ ဆန်းရှိန်တို့ ... သေသေ ချာချာ လုံအောင်အုပ်ပါဟ"

လှေသူကြီး ဦးကံဦးကလည်း လှိုင်းလေထန်သည် ထက် ထန်လာပြီး လေကပြင်းသည်ထက်ပြင်းလာရာ လေကွယ် လှိုင် ကွယ်ရာအရပ်ကို ရှာရတော့၏။

"ဟေ့ တင်ဦး ... ပဲ့ကို နိုင်နိုင်နင်းနင်း ကိုင်ထားစမ်း ရှေ့က ရိုးထဲဝင်၊ ရှေ့က ရိုးထဲဝင်"

ကုန်တင်လှေကြီးကို မြစ်ထဲမှာဆက်ထား၍မဖြစ်တော့ ရောမလှိုင်းလုံးကြီးတို့၏ ရိုက်ခတ်မှုကြောင့် ကုန်တင်လှေကြီးမှာ အလူးလူးအလဲလဲဖြစ်နေရာ တွေ့သည့်ရိုးချောင်းထဲ လှေဦးလှည့် ပြီး လှော်ခတ်စေရတော့၏။

ဆန်ကုန်သည်ကြီးဦးညွန့်အောင်မှာလည်း လှေနစ်ပြီ





သူ့ဆန်များ ဆုံးရှုံးမည်ကို လွန်စွာပူပန်လျက် ခြေမကိုင်မိ လက် မကိုင်မိ ဖြစ်နေရှာတော့၏။

"ဘုရား ဘုရား ... ဒီဆန်တွေဆုံးရင်တော့ ငါ့ဘဝ ပျက်ပါပြီ၊ ငါ့ဘဝပျက်ပါပြီ"

ဆန်အိတ်များ လှေဝမ်းထဲအပြည့် တင်လာသည့် ကုန် တင် လှေကြီးများ ရေဗောင်းလန်လျက်ရှိသော ရိုးချောင်းထဲဝင် လာခဲ့ရာ မိုးမှောင်ကြီးကျနေသည့် မိုးထဲလေထဲဝယ် ဘယ်ရောက် သို့ ဘယ်ပေါက်မှန်းမသိတော့ဘဲ လှိုင်းကွယ်ရာ လေကွယ်ရာသို့ သာ ဦးတည်လာခဲ့ရတော့၏။

မိုးလေကလည်း ထန်ပြင်းသည်ထက် ထန်ပြင်းလာရာ ပဲ့ကိုင်တင်ဦးမှာ ရှေ့၌ ရိုးချောင်းခွဲတွေ့လေလျှင် ဝဲဘက်သို့ ချိုးကွေ့လျက် လှေကို ယင်းချောင်းခွဲထဲသို့ တိုးဝင်မှုစေခဲ့တော့ သည်။

"ဟေ့ကောင် တင်ဦး ... ရှေ့က ကမ်းပါးယံမြင့်မြင့် အောက်မှာပဲ လှေကို ထိုးကပ်လိုက်တော့"

သို့ဖြင့် ကုန်တင်လှေကြီးများ လေကွယ်ရာအရပ်ကမ်းပါး မြင့်မြင့်ကြီးအောက်တွင် ရွှဲသတ်ကာရပ်နားသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိုးလေကမူ ပြင်းထန်ဆဲမို့ ဆန်ကုန်သည်ကြီး ဦးညွန့်အောင်မှ လှေပေါင်းမိုးအောက်မှာသာ လှေနံကို ကျောမှီလျက် မိုးမှောင်ကြီးကျနေသည့်ဝန်းကျင်ကို ငေးမောကြည့်နေမိတော့သည်။

"အင်း . . . တော်ပါသေးရဲ့၊ မြစ်ထဲမှာ လှေမမှောက်လို့ ဒီလှေသာမှောက်ပြီး ငါသယ်လာတဲ့ဆန်တွေကုန်ရင် ငါ့ရဲ့ဘဝ ပျက်ပြီပဲ"

သူက သက်ပြင်းကြီးချရင်း မမျှော်လင့်ဘဲ သူ ဆန်ကုန်သည်ဖြစ်လာရသည့်အကြောင်းကို ပြန်ပြောင်းတွေးနေမိတော့၏။

တကယ်တော့ ဦးညွန့်အောင်သည် ယခင်က ဆန်ကုန်သည်အလုပ်ကို လုပ်ဖူးသူမဟုတ်ချေ။ သူ၏ပင်မအလုပ်က အင်းလုပ်ငန်း၊ ခြံလုပ်ငန်းသာဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသမှ အင်းအချို့ကို လေလံဆွဲပြီး အင်းလုပ်ငန်းလုပ်ကိုင်ခဲ့သူဖြစ်၏။

အင်း မလုပ်သည့်နှစ်များတွင်လည်း ဝါးခယ်မ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်းဒေသတစ်ပိုက်မှ သရက်ခြံ၊ မာလကာခြံတို့ကို နှစ်ချုပ်နှင့် ငှားရမ်းလုပ်ကိုင်ခဲ့သူဖြစ်၏။

သူ၌ ဇနီးသည် ဒေါ်ကျော့နှင့် သမီးဖြစ်သူ မေကျော့ရှင်း





တို့ရှိကာ မိသားစုမှာ ဝါးခယ်မမှာပင် အခြေချနေထိုင်ကြလေသည်။

ဦးညွန့်အောင်၏လုပ်ငန်းများမှာ ယခင်နှစ်များက များစွာ အဆင်ပြေခဲ့သော်လည်း လွန်ခဲ့သော သုံးလေးနှစ်မှစ၍ လုပ်ငန်းများ ကျဆင်းလာတော့၏။

အထူးသဖြင့် အင်း လေလံချပေးသော ဝါးခယ်မမြို့ပိုင်နှင့် အဆင်မပြေဖြစ်လာသည့်အပြင် စီးပွားပြိုင်ဘက် အင်းသူကြီးဘသောင်းနှင့်ပါ ပဋိပက္ခဖြစ်လာသောကြောင့် သူ၏အင်းလုပ်ငန်းမှာ အခက်အခဲများစွာ တွေ့လာရတော့၏။

မြို့ပိုင်နှင့်ပြိုင်ဖက် အင်းသူကြီးဘသောင်းတို့၏ ထောင်ချောက်မိကာ ငါးအထွက်မကောင်းသည့်အင်းများကို ဆွဲမိသဖြင့် အရှုံးပေါ်ခဲ့ရတော့၏။

ယင်းသို့ အင်းလုပ်ငန်းက နှစ်စဉ်အရှုံးပေါ်သဖြင့် ခြံလုပ်ငန်းဘက်ကို စောင်းပေးလုပ်ကိုင်ပြန်တော့လည်း မိုးလေမမှန်သဖြင့် သီးနှံမအောင်ရာ နှစ်နှစ်ဆက်တိုက် အရှုံးပေါ်ခဲ့ရလေသည်။

ထိုသို့ စီးပွားပျက်လျက်ရှိစဉ် သီးနှံကုန်သည်တို့နှင့် တွေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံရန် တွံတေးမြို့သို့ တက်လာစဉ် သီးနှံဒိုင်နှင့်ကပ်လျက် စပါးအဝယ်ဒိုင်၌ ငယ်သူငယ်ချင်းဖြစ်သူ ဦးထွန်းသိန်း (ခ) ဖင်မဲနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိတော့၏။

"ဟာ ... ဟေ့ကုလားကြီး၊ ညွှန့်အောင်"

"ဟာ ... ဖင်မဲပါလား"

ယင်းသို့ သူငယ်ချင်းနှစ်ယောက် ဆုံမိကြရာမှ ငယ်စဉ် ဝါးခယ်မ၌ နေခဲ့ရစဉ် အကြောင်းများကို လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ထိုင်ကာ အားပါးတရ ပြောဖြစ်ခဲ့ကြ၏။

ထိုသို့ စကားပြောရာမှ သူငယ်ချင်း ဖင်မဲ၏ အကြောင်းသိရသည်မှာ ဦးထွန်းသိန်း (ခ) ဖင်မဲသည် ဝါးခယ်မမှ လေးတန်းအောင်ပြီးနောက် ဦးလေးဝမ်းကွဲဦးသိန်းဟန်ရှိရာ ရန်ကုန်သို့ ပြောင်းကာ ကျောင်းနေခဲ့ကြောင်း အင်္ဂလိပ်ကျောင်းတစ်ခုမှ ဟိုက်စကူးဖိုင်နယ်လ်အောင်ပြီးနောက် စတီးဘရားသားကုမ္ပဏီတွင် စာရေးအဖြစ် အလုပ်ဝင်ခဲ့ကြောင်း။ ယင်းသို့ လုပ်ကိုင်ရင်း ရာထူးအဆင့်ဆင့်တိုးခဲ့ရာ ယခုအခါတွင် ကုမ္ပဏီ၏အထူးကိုယ်စားလှယ် ဆန်ရောင်းဝယ်ရေးမန်နေဂျာဖြစ်နေကြောင်း သိရလေသည်။





"ငါကတော့ ခုထက်ထိ လူပျိုကြီးဘဝနဲ့ပဲ ပျော်ပျော်ကြီးနေတယ်ဟေ့၊ ဒါထက် ... မင်းရဲ့မိသားစုအကြောင်း စီးပွားရေးလုပ်ငန်းအကြောင်းလည်း ပြောပါဦးကွ"

ဤတွင် ဦးညွှန့်အောင် (ကုလားကြီး) ကလည်း သူ့တွင် ဇနီးနှင့်သမီးရှိကြောင်း၊ ဝါးခယ်မတွင်ပင် အခြေချနေထိုင်ကြကြောင်း၊ သူ၏စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးပြီး အကြွေးပင်တင်နေကြောင်း ပြောပြလိုက်တော့၏။

"အဲဒါပါပဲ သူငယ်ချင်း၊ ငါ့မှာတော့ အခုအချိန်မှာ မီးစာကုန်ဆီခန်းဖြစ်နေပြီကွာ၊ ဖြူကာပြာကာကျပြီး ခရုဆံလွတ်ငှက်တောင်ကျွတ် ဖြစ်နေပြီကွ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ပါဘူးကွာ၊ အခု တွံတေးကို သရက်သီးဖိုးကြွေး လာတောင်းတာပါ"

ဖင်မဲက သူငယ်ချင်းဖြစ်သူ၏စကားကို ဆုံးအောင် နားထောင်ပြီးနောက် ခေါင်းကို ဖြည်းဖြည်းညိတ်ကာ အလေးအနက်ထားဟန်ဖြင့်ပြောသည်။

"အေးကွာ ... မင်းအခြေအနေမကောင်းတဲ့သတင်းကြားရတာ စိတ်မကောင်းပါဘူး၊ ငါ့မှာလည်း စတီးဘရားသား



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရဲ့မန်နေဂျာဆိုပေမယ့် တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ စိတ်ကြိုက် သုံးဖြုန်းနေတော့ စီးတဲ့ရေ ဆည်တဲ့ကန်သင်း မရှိသလိုမို့ ရသမျှကုန်ပြီး ထုပ်ထုပ်ထည်ထည် ဘာမှမရှိဘူးကွ၊ မင်းကို ကူညီချင်ပေမယ့် မကူညီနိုင်ဘူးကွ . . .၊

အေး . . . ဒါပေမဲ့ မင်းကို ကူညီနိုင်တာ တစ်ခုတော့ရှိတယ်ကွ၊ ငါက စတီးဘရားသားကုမ္ပဏီရဲ့ မြစ်ဝကျွန်းပေါ်ဒေသဆိုင်ရာ ဆန်စပါးရောင်းရေးဝယ်တာမန်နေဂျာဆိုတော့ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းနဲ့ပတ်သက်ရင်တော့ ငါကူညီနိုင်မယ်ကွ''

''မင်းက ဘယ်လိုကူညီမှာလဲ ဖင်မဲရဲ့''

''ဒီလိုကွာ . . . ဒီတွဲတေးက ဆန်စက်ကနေ ဆန်အိတ်တွေ မင်းကို တင်ပေးလိုက်မယ်၊ ဆန်အိတ်သုံးလေးရာလောက် တင်ပေးလိုက်မယ်၊ ကုန်တင်လှေနဲ့ ပင်လယ်ပိုင်းကရွာတွေဆီ သယ်သွား၊ အဲဒီမှာ လှည့်ပတ်ရောင်း၊ ရောင်းလို့ရသမျှကို တွဲတေးရောက်မှ ပြန်ပေး၊ ခေါက်ပြန်ကြေးသဘောပေါ့ကွာ၊ ဘယ့်နှယ်လဲ''

ဦးထွန်းသိန်း (ခ) ဖင်မဲစကားကို အတန်ကြာစဉ်းစားပြီးနောက် ဦးညွန့်အောင်က သက်ပြင်းချသည်။





''အေးကွာ . . . မင်းစီစဉ်ပေးမှာကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ . . . ပင်လယ်ပိုင်းဒေသတွေဆီ လနဲ့ချီပြီး လှည့်ပတ်ရောင်းရမှာကွ၊ အဲဒီအတွက် လှေစရိတ်၊ အလုပ်သမားစရိတ်က မလွယ်ဘူးကွ''

''အဲဒီအတွက်လည်း ငါစီစဉ်ပေးလိုက်မှာပေါ့ကွာ၊ မင်း ဘာမှပူစရာမလိုပါဘူး၊ မင်း လုပ်ရမှာက ဆန်တွေကိုရောင်းပြီး ရောင်းရသမျှငွေတွေ ငါ့ဆီပြန်အပ်ဖို့ပဲ၊ ဘယ့်နှယ်လဲ . . . မင်း လုပ်နိုင်မလား''

''ဟာ . . . ဒါဆို လုပ်နိုင်တာပေါ့ကွာ၊ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ''

''အေး . . . ဒါဆို ခုအချိန်ကစပြီး မင်းဟာ ဆန်ကုန်သည်ကြီးဖြစ်သွားပြီလို့ မှတ်လိုက်ပေတော့ ညွန့်အောင်ရေ . . . ဟား ဟား ဟား''

''အစတုန်းက ကုလားကြီး ညွန့်အောင်၊ အခုတော့ ဆန်ကုန်သည်ကြီး . . . ဆန်ကုန်သည်ကြီးညွန့်အောင်တဲ့လား . . . ဟား ဟား ဟား''

ဖင်မဲတစ်ယောက် အော်ဟာစ်ရင်း သဘောအကျကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျနေ၏။

*

ယင်းသို့ဖြင့် ဆန်ကုန်သည်ကြီးတဖြစ်လဲ ဦးညွန့်အောင်သည် ဆန်အိတ်သုံးရာကျော်ကို ကုန်တင်လှေဖြင့်တင်ဆောင်ကာ တွံတေးမြို့မှနေ၍ ကျိုက်လတ်၊ ဘိုကလေးတို့ကို ကျော်ဖြတ်ခဲ့ပြီး ပင်လယ်ပိုင်းရှိ တံငါရွာများတွင် ရောင်းချလာခဲ့သည်မှာ တစ်ပတ်ခန့်ရှိပြီ ဖြစ်ပါသည်။

ပြင်စလူဘက်မှ တံငါရွာများတွင် ရောင်းချပြီးနောက် ပြန်မလော့ မြစ်ရိုးတစ်လျှောက်မှ ရွာတို့တွင် ဆက်လက်ရောင်းချခဲ့ကာ ထိုမှ ရွှေမြစ်ဝသို့ ပြန်ထွက်စဉ် မုန်တိုင်းနှင့်တိုးခဲ့ခြင်းပင် ဖြစ်ပါ၏။

ဦးညွန့်အောင်က သူ မည်သို့ ဆန်ကုန်သည်ဖြစ်လာရသည်ကို ပြန်လည်တွေးနေစဉ်မှာပင် လေရောမိုးပါ ငြိမ်ကျသွားပြီ ဖြစ်ပါသည်။





''ကဲ အစ်ကိုကြီးဦးညွန့်အောင်ရေ ... ဒီနေရာက လေကွယ်မိုးကွယ်ရှိတယ်၊ ဒီမှာပဲ တစ်ညတာနားလိုက်ကြတာပေါ့''

လှေသူကြီး ကိုကံဦးက သည်ချောင်းကွေ့နေရာမှာပင် စခန်းချရန်လာပြောသဖြင့် ဦးညွန့်အောင်လည်း သဘောတူလိုက်လေသည်။

''အေးဗျာ ... ဒီမှာပဲ နားကြတာပေါ့၊ အားလုံးလည်း ဗိုက်ဆာနေကြရောပေါ့၊ ဒါထက် ... ကျုပ်တို့ ဘယ်ချောင်းရိုးထဲ ရောက်နေတာဲဗျ''

''ကျွန်တော်တို့လည်း မမှန်းတတ်တော့ဘူး ကုန်သည်ကြီးရေ၊ မိုးမှောင်ကြီးကျနေတုန်း လှိုင်းဒဏ် လေဒဏ်ကလွတ်ရာ ချောင်းရိုးတွေပေ ၁င်လာရာက ဘယ်နေရာရောက်နေမှန်းတောင် မမှန်းတတ်တော့ပါဘူး။ မိုးလင်းမှပဲ သိနိုင်မယ်ခင်ဗျ''

''ကဲဗျာ ... ထားလိုက်ပါတော့၊ ညစာစားဖို့သာ စီစဉ်ကြပါ''

သို့ဖြင့် ဦးညွန့်အောင်နှင့်ကိုကံဦးတို့သည် ဦးညွန့်အောင်၏အလုပ်သမားများ၊ လှေထိုးသားများနှင့်အတူ ညစာ စားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးမှာ ခရီးလည်းပန်းကြသဖြင့် မနက်က ကျန်သော လိပ်သားဟင်းကိုနွှေးကာ ချက်အရက်နှင့် မြည်းရင်း ညစာစားကြရာ ထမင်းမြိန်လှပေ၏။

''ချက်အရက်နဲ့ လိပ်သားဟင်းကတော့ လိုက်မှလိုက်ပဲ ဟေ့ . . . ဟား ဟား ဟား''

သူတို့အားလုံး စားလိုက်၊ သောက်လိုက်ဖြင့် ရေချိန်လွန်ကာ ကုန်းပတ်ပေါ်မှာပင် တုံးလုံးပက်လက် အိပ်ပျော်သူ အိပ်ပျော်သွားကြတော့၏။

ဦးညွန့်အောင်နှင့်လှေသူကြီးကိုကံဦးတို့ကမူ လှေပေါင်းမိုးအောက်သို့ဝင်ကာ လဲလျောင်းလိုက်ရာ ချက်ချင်းဆိုသလို အိပ်ပျော်သွားတော့သည်။

ညဥ့်အမှောင်အောက်တွင် ဦးညွန့်အောင်တို့၏ ကုန်တင်လှေကြီးမှာ မကြာမီ တိတ်ဆိတ်ငြိမ်သက်သွားပြီး လှေ၏ရေဘသို့ လှိုင်းပုတ်သည့်အသံတို့သာ ထွက်ပေါ်လျက်ရှိပါတော့၏။

❋





ဦးညွန့်အောင်တို့ တစ်လှေလုံး မည်မျှကြာအောင် မှုးမှူးရူးရူးနှင့် အိပ်မောကျသွားကြသည်မသိ ပိန်းပိန်းပိတ်ပိတ် မှောင်နေသည့် အမှောင်ထုကိုခွင်းကာ မီးအုပ်ဆောင်းတို့၏ အလင်းတန်းတို့သည် သူတို့၏ကုန်တင်လှေကြီးပေါ်သို့ ထိုးကျလာလေ၏။

ထိုမီးအလင်းရောင်တို့နှင့်အတူ ကျယ်လောင်သည့် အော်ဟစ်ပြောဆိုသံများပါ ကမ်းပါးပေါ်မှ ထွက်ပေါ်လာတော့သည်။

''ဟေ့ . . . လှေသမားတွေ၊ လှေသမားတွေ၊ ဘယ်က လှေလဲကွ ဟင်''

အသံသြသြကြီးများဖြင့် အော်ဟစ်မေးသံများကြောင့် ဦးညွန့်အောင်နှင့်လှေသူကြီး ကိုကံဦးတို့မှာ ဦးစွာ လန့်နိုးသွားကြတော့၏။

''ဟင်''

''ဟေ့ . . . လှေသမားတွေ . . . ဘယ်ကလှေ ငါတို့ရွာကမ်းမှာ လာကပ်နေတာလဲကွ ဟင်''

ဦးညွန့်အောင်နှင့်ကိုကံဦးတို့သည် မီးရောင်တို့ကို လက်တို့ဖြင့် ကွယ်ရင်း ပြန်လည်အော်ဟစ်ဖြေလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကုန်သည်တွေပါ၊ ဒီဘက်ပိုင်းကို ကုန်သွယ်ဖို့ လာရင်း လေမိုးနဲ့လွတ်ရာ ဒီကမ်းမှာ တစ်ညတာခိုနားနေကြတာပါ"

"ဟုတ်ပါတယ် ... ကျုပ်တို့ လူကောင်းတွေပါ"

ပြီးလျှင် ကိုကံဦးနှင့် ဦးညွန့်အောင်တို့သည် လှေသမား များ၊ အလုပ်သမားများအား နှိုးလိုက်ရတော့၏။

"ဟေ့ကောင်တွေ ... အောင်လွင်တို့ ဆန်းရှိန်တို့ ထကြစမ်း၊ ထကြစမ်း"

ထိုအခါမှ လှေပေါ်ရှိလူအားလုံးနိုးလာပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်။

"ဟေ့လူတွေ ... ခင်ဗျားတို့ ဘယ်သူတွေပဲဖြစ်ဖြစ် ကျုပ်တို့ရွာရဲ့ လုံခြုံရေးအတွက် စစ်မေးရမယ်၊ ကမ်းပေါ် အားလုံး တက်ခဲ့ကြ"

ကမ်းစပ်ပေါ်မှ အတွင်ခေါ်နေသဖြင့် ဦးညွန့်အောင်တို့မှာ မလွှဲရှောင်သာတော့ဘဲ ကုန်းပေါင်ထိုးကာ လှေပေါ်မှ ဆင်းကြကာ ကမ်းပါးမြင့်ပေါ်သို့ တက်ခဲ့ကြရပါတော့၏။

"ကျုပ်က ကုန်သည်ကြီးဦးညွန့်အောင်ပါ"





"သူက လှေသူကြီး ကိုကံဦးပါ"

"ကျုပ်တို့က ဆန်ရောင်းဖို့ ဒီဒေသဘက် လာကြရင်း မုန်တိုင်းမိတာနဲ့ မုန်တိုင်းနဲ့လွတ်ရာဆီ ခိုကပ်ရာက ဒီကမ်းစပ်ဆီ ရောက်လာကြတာပါ ခင်ဗျာ"

သူတို့လှေပေါ်မှ ဆန်အိတ်များကိုတွေ့သဖြင့် ဦးညွန့်အောင်၏စကားကို လက်ခံယုံကြည်သွားကြတော့၏။

ဤတွင် ပင်နီတိုက်ပုံနှင့် ပုဆိုးကွက်ကျဲကြီးဝတ်ကာ ပိုးပဝါတစ်ထည်ကို ခေါင်းတွင်ပေါင်းထားသည့် မည်းမည်းဝဝနှင့် လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ကြော် ... ခင်ဗျားတို့က ဒုက္ခသည်တွေကိုး၊ အင်း ... ဒုက္ခရောက်သူကို ကယ်တင်ကောင်းတယ်တဲ့၊ ဒီတော့ ... ဒုက္ခရောက်လာတဲ့ ခင်ဗျားတို့ကို ကျုပ်တို့က ကူညီစရာရှိ ကူညီကြရုံပဲရှိတယ် ...၊

ပြီးတော့ ... ခင်ဗျားတို့က တော်ရုံလူတွေ ရောက်လာဖို့ မလွယ်လှတဲ့ ကျုပ်တို့ရွာဆီ ရောက်လာတယ်ဆိုတော့ ကျုပ်တို့က ဒေသခံအိမ်ရှင်တွေပီပီ ဧည့်ဝတ်ကျေစွာ ဧည့်ခံရမှာပေါ့ဗျာ"

ဤတွင် ဦးညွန့်အောင်က အားနာစွာဖြင့် လက်ကာ



www.burmeseclassic.com

www.burmeseclassic.com



တားေ၏။

"အာ . . . ကျုပ်တို့ကို ထူးပြီး ညှော်ခံစရာမလိုပါဘူးဗျာ ဒီညအဖို့ ဒီကမ်းစပ်မှာ တစ်ညတာ တည်းခိုခွင့်ပြုရင်ပဲ ကျေးဇူးတင်လှပါပြီ"

"မဟုတ်တာဗျာ၊ မရောက်စဖူး ရောက်လာကြတဲ့ ဧည့်သည်တွေကို ကျုပ်တို့ဘက်က ဧည့်ဝတ်မကျေလို့ ဘယ်ဖြစ်မလဲဗျ၊ လာ လာ . . . ကျုပ်တို့ရွာဆီ လိုက်ခဲ့ကြ၊ ကျုပ်က ကျုပ်တို့ရဲ့ လိပ်ပြာကုန်းရွာက ရွာသူကြီးဦးမြဖေပဲဗျ"

ဦးမြဖေက အတင်းခေါ်နေသဖြင့် ဦးညွန့်အောင်တို့မှာ ငြင်းရခက်လာပြီး . . .

"ကဲ ကဲ . . . ကျုပ်တို့ ခင်ဗျားတို့ရဲ့ လိပ်ပြာကုန်းရွာသို့ လိုက်ခဲ့ကြပါ့မယ်ဗျာ၊ လိုက်ခဲ့ကြပါ့မယ်"

သို့ဖြင့် ဦးညွန့်အောင်တို့သည် လိပ်ပြာကုန်းရွာသူကြီး ဦးမြဖေတို့၏ခေါ်ရာနောက်သို့ လိုက်ပါသွားကြရတော့၏။

သူတို့သည် ပိန်းပိတ်အောင် မှောင်နေသည့် ညအမှောင်ထဲဝယ် မီးအုပ်ဆောင်းမီးတို့နှင့် မီးတုတ်မီးတို့၏ အလင်းရောင်ကို သာ အားပြုပြီး လယ်ကန်သင်းရိုးတို့ကို ကျော်ဖြတ်လာခဲ့ကြရ





မှောင်မည်းနေတသည့် ရှေ့ဆီဝယ် မီးရောင်လဲ့လဲ့တို့ကို တွေ့မြင်လာရတော့၏။

"အဲဟိုဟာ . . . ကျုပ်တို့ရဲ့ လိပ်ပြာကုန်းရွာပဲဗျ"

"ဪ . . . ဟုတ်ကဲ့"

သူတို့သည် လယ်ကွက်ဆယ့်လေးငါးကွက်ကို ကျော်လွန်လာပြီးနောက်တွင်မူ ရွာလယ်လမ်းတစ်လျှောက် တစ်တိုင်နှင့်တစ်တိုင် ပေနှစ်ဆယ်ခန့်ခြားလျက် မီးတုတ်မီးများ ထွန်းညှိထားသည့် လိပ်ပြာကုန်းရွာသို့ ရောက်ရှိလာခဲ့တော့၏။

လမ်းဘေးဝဲယာမှ အိမ်များမှာ တဲအိမ်များသာဖြစ်ပြီး အိမ်တိုင်းလိုလိုမှာ ကဲလားတံခါးတို့ ဖွင့်ထားကြကာ မှန်အိမ်မီးများ မီးခွက်မီးများကိုမူ အိမ်တိုင်းထွန်းထားကြောင်းတွေ့ရလေသည်။

သို့သော် ထိုအိမ်ပိုင်းများမှာရော တဲအိမ်တို့ပေါ်မှာပါ လူသူအရိပ်အယောင်ကို မမြင်တွေ့ရချေ။

"ဟင် ဦးမြဖေရဲ့ . . . ခင်ဗျားတို့ရဲ့ရွာမှာ ရွာသူရွာသားတွေလည်း မတွေ့ပါလားဗျ"

ဦးညွန့်အောင်၏အမေးကို ဦးမြဖေက ပြုံးလျက် ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွာသူရွာသားတွေက ရွာရဲ့အရှေ့က ပွဲခင်းထဲ ရောက်နေကြပြီဗျ"

"ဗျာ ... ပွဲခင်းတဲဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားတို့ကိုလည်း အခု ပွဲခင်းထဲခေါ်သွားမှာဗျ၊ ကျုပ်တို့ လိပ်ပြာကုန်းရွာ ဘယ်လောက်သာယာပြီး ပျော်စရာကောင်းတယ်ဆိုတာ ပြရအောင် ခင်ဗျားတို့ကို ခေါ်သွားမှာတဲ့"

သူတို့သည် စကားတပြောပြောဖြင့် လျှောက်လာကြရာမှ ရွာလယ်လမ်းဆုံသည်တွင် မီးရောင်များ ထိန်ထိန်လင်းနေသည့် ပွဲခင်းကြီးဆီသို့ ရောက်ရှိသွားကြတော့၏။

"ကျုပ်တို့ ရွာသူရွာသားတွေက ပွဲသိပ်ကြိုက်တာဗျ၊ ဒါကြောင့် ဒီရွာတည်ထောင်ခြင်း ဆယ်နှစ်မြောက်အဖြစ် တွံတေးရွှေလိပ်ပြာဇာတ်အဖွဲ့ကို ပွဲသွင်းပြီး အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပနေတာလေ"

ရွာဘက်သို့ လှည့်ထိုးထားသည့် အငြိမ့်စင်ပေါ်တွင် အောက်လင်းဓာတ်မီးတို့၏ အလင်းရောင်က ထိန်ထိန်လင်းလျက် ရှိလေသည်။





ပရိသတ်တို့က အငြိမ့်စင်ရှေ့တွင် ကျိတ်ကျိတ်တိုးလျက် ရှိလေ၏။

စင်ပေါ်တွင် လှပစွာဝတ်စားထားသည့် ဇာတ်မင်းသားနှင့် ...င်းသမီးတို့မှာ ဆိုင်းချက်နှင့်အညီ နွဲ့နွဲ့နှောင်းနှောင်း ကပြလျက် ရှိလေသည်။

ဆိုင်းသမားတို့ကလည်း ဆိုင်းကို အားပါးတရ တီးလျက် ...သလို ပတ်ပိုင်းဆရာသန်းလွင်ကလည်း အသံစုံအောင် တီးခတ် ...ျက် ရှိလေ၏။

ကြေးနောင်ဆရာဉာဏ်ဝင်းကလည်း ကြေးနောင်ကို ...ဆက်မပြတ်တီးကာ နှဲသမားက မျက်လုံးစုံမှိတ်ပြီး နှဲကို မှုတ် ...ျက်ရှိပြီး လင်းကွင်းသမားက လင်းကွင်းကို တဂျမ်းဂျမ်း တီးနေ ...တော့သည်။

ထိုစဉ် ဇာတ်စင်ပေါ်မှ ဇာတ်မင်းသားဝင်းကြည် ဟဲလိုက် ...သော သီချင်းသံက ပွဲခင်းကြီးတစ်ခုလုံးကို လွှမ်းမိုးသွားတော့၏။

♫ အဝိဇ္ဇာမီးက ××× ညီးညီးပြောင်ပြောင် ××× ...တောက်လောင်ကြွေကျွမ်း ××× ပူမှန်းမသိ ××× တစ်ကြိမ်တစ်ခါ ...×× ပိုးဖလံပမာ ××× တိုးဝှေ့ကာ ဝင်ရောက်လာ ××× အသ...



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ××× သေသေကျေကျေ ××× ♫

မင်းသားဝင်းကြည်၏အသံက စူးလှသလို ပွဲကြည့်ပရိသတ်ကြီးမှာလည်း ငြိမ်လျက် ကြည့်နေကြတော့၏။

ထို့နောက် ရွာလူကြီးမြဖေတို့က ဦးညွန့်အောင်တို့လူစုကို ပွဲဈေးတန်းဘက်သို့ ခေါ်သွားတော့သည်။

မီးခွက်မီးလေးများထွန်းကာ ရောင်းချလျက်ရှိသည့် ပွဲဈေးတန်းမှာလည်း ရောင်းသူ ဝယ်သူတို့နှင့် စည်ကားလျက်ရှိလေ၏။

ကောက်ညင်းကျည်တောက်၊ ရေမုန့်၊ မုန့်သိုင်းချိုမှသည် မုန့်ဟင်းခါး၊ ထမနဲအထိ မုန့်မျိုးစုံဖွယ်ဖွယ်ရာရာ ရောင်းချလျက်ရှိပေသည်။

"ဟောဒါ . . . ကျုပ်တို့ရွာရဲ့ နတ်ကွန်းပဲ၊ ရွာစောင့်နတ်ကြီးဆိုပါတော့ဗျာ"

ဆယ်ပေခန့်ကျယ်ပြီး ဆယ့်နှစ်ပေခန့်မြင့်သည့် နတ်ကွန်းကြီးထဲတွင် နတ်ရုပ်တုကြီးတစ်ခု ရှိနေလေ၏။

ယင်း နတ်ရုပ်တု၏ရှေ့တွင် ငှက်ပျောပွဲ၊ အုန်းပွဲတစ်ပွဲရှိနေပြီး ပွဲထဲ၌ ထိုးထားသည့် အမွှေးတိုင်တို့က အငွေ့ထောင်းထောင်း ထလျက်ရှိချေသည်။





ထိုနတ်ကွန်းတွင်လည်း လာရောက်ဂါရဝပြုသူ၊ ဆုတောင်းသူတို့ဖြင့် စည်ကားလျက်ရှိတော့သည်။

နတ်ကွန်းနှင့် ပေနှစ်ဆယ်ခန့်အကွာတွင် ဝါးတိုင်စိုက်ပြီး တာလပတ်ထိုးထားသည့် ဆိုင်ကြီးတစ်ဆိုင်ရှိရာ ယင်း ဘူးသီးကြော်ဆိုင်ကြီးထဲသို့ ဦးမြဖေက ခေါ်သွားကာ ဝါးစားပွဲတို့၏ရှေ့မှ ဝါးခုံတန်းလျားတို့တွင် အားလုံး ထိုင်လိုက်ကြတော့၏။

ထိုဆိုင်ထဲတွင် ရွာသူရွာသားအချို့လည်း စားသောက်လျက် ရှိကြလေသည်။

"ကဲဟော့ . . . ငါတို့ရွာရဲ့ ဧည့်သည်တော်ကြီးတွေကို ဧည့်ဝတ်ပြုဖို့ ဘူးသီးကြော်နဲ့ ဆလတ်ရွက်တွေ ချစမ်းဟေ့"

သူကြီးဦးမြဖေက အော်ဟစ်အမိန့်ပေးလိုက်ရာ သနပ်ခါးပါးကွက်ကြား လူးထားသည့် မိန်းမပျိုလေးများက ဘူးသီးကြော်ပန်းကန်တို့ကို လာရောက်ချပေးကြလေ၏။

"ကဲ . . အားရပါးရစားကြဗျာ၊ ဘာမှအားမနာနဲ့၊ ကျုပ်တို့ရွာက သီးနှံတော့ အတော်ထွက်တယ်ဗျို့၊ စပါးအထွက်တော့ ပုံလို့ ဆန်တော့ရှားသဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးမြဖေ၏စကားကြောင့် ဦးညွန့်အောင် မျက်ခုံး ပင့်လိုက်မိတော့၏။

''ဆန်ရှားတယ် ... ဟုတ်လား''

''ဟုတ်တယ်ဗျို့ ... ကျုပ်တို့ရွာက တခြားရွာတွေနဲ့ အလှမ်းဝေးသလို ခေါင်လည်းခေါင်လှသမို့ ဆန်လှေတွေလည်း မလာဘူးဗျ။ ဒါကြောင့် ကျုပ်တို့ရွာသူရွာသားတွေမှာ ငွေရှိပါ လျက် ဆန်ကောင်းကောင်းကို ဝယ်မစားနိုင်ကြဘူးဗျ''

''ဒါဆို အတော်ပဲပေါ့ဗျာ၊ ကျုပ်ရဲ့လှေမှာ ဆန်အိတ်တွေ အပြည့်ပါလာတယ်ဗျ''

ဤတွင် သူကြီးဦးမြဖေက ခေါင်းကို တဆတ်ဆတ်ညိတ် လိုက်ပြီးမှ ...

''အင်း ... ဆန်ကုန်သည်ကြီးရဲ့ ခင်ဗျားမှာ ဆန် ဘယ်နှအိတ်လောက်ပါသလဲဗျ''

ဟု မေးလိုက်လေသည်။

''တွံတေးက ထွက်လာတုန်းကတော့ ဆန်အိတ်သုံးရာ ငါးဆယ် ပါလာတယ်ဗျ။ ပင်လယ်ပိုင်း ပြင်စလူဘက်မှာ ရောင်းခဲ့ ပြီး အခု ဆန်အိတ်နှစ်ရာကျော် ကျန်သေးတယ်ဗျ''





''အင်း ... ဒါဆို အတော်ပဲပေါ့ဗျာ၊ အဲဒီ ဆန်အိတ် အားလုံး ကျုပ်ဝယ်မယ်''

''ဗျာ''

ဦးညွန့်အောင် အံ့သြသွားသည်။ ပြီးတော့ ဝမ်းလည်း သာသွားသည်။

''ဟုတ်တယ်၊ ကျုပ်ဝယ်မယ်ဗျာ၊ ဆန်ကောင်းတယ် မဟုတ်လား''

''ဟာ ... ကောင်းမှကောင်းပေါ့ဗျာ၊ တွံတေးထွက် ကျွဲအစစ်ဗျ''

''ရွှေးနိမ့်ဗျာ၊ ကျုပ်ရဲ့ ရွာသူရွာသားတွေ ဆန်ကောင်း မစားရတာကြာပြီဗျ၊ ဆန်တစ်အိတ်ကို ရွှေဒင်္ဂါးတစ်ပြားပေးမယ် ဗျာ၊ ဘယ့်နှယ် ရောင်းမယ် မဟုတ်လား''

''ဗျာ ... ရွှေဒင်္ဂါးတစ်ပြားနှုန်းနဲ့ ဝယ်မယ် ဟုတ်လား''

''ဟုတ်တယ်ဗျ၊ ကျုပ်တို့ ရွာတည်ထောင်တဲ့ ဆယ်နှစ် မြောက် အမှတ်တရပွဲကြီးမှာ လာသမျှလူကို ကျုပ် ဆန်ကောင်း ကောင်း လှူချင်တယ်ဗျာ''

''ဗျာ ... သူကြီးက ဆန်လှူမှာလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ၊ ကျုပ်တို့ရွာသူရွာသားတွေတင်မက ရွာနီးချုပ်စပ်ကလာသမျှ လူအားလုံးကို ဝေငှလှူမယ်ဗျာ"

ဦးညွှန့်အောင်မှာ သူ့ဆန်အိတ်အားလုံးကို တစ်အိတ်လျှင် ရွှေဒင်္ဂါးတစ်ပြားနှုန်းဖြင့် ရောင်းရတော့မည်ဖြစ်သဖြင့် စိတ်ထဲမှ ကျိတ်ဝမ်းသာနေတော့သည်။

"အင်း ... ဆန်တစ်အိတ်ကို ရွှေဒင်္ဂါးတစ်ပြားနှုန်းနဲ့ဆိုရင် ငါ့အတွက် တစ်ဦးတည်းနဲ့ သူဌေးဖြစ်ပြီပဲ၊ စတီးဘရားသားကုမ္ပဏီကို ဆန်တစ်အိတ် ငါးမတ်နှုန်းနဲ့ ရှင်းလိုက်ရင် ငါ့အတွက် အများကြီးကျန်ပြီပဲ၊ ဒီရွာရောက်လာတာ ဘုရားမ,တာပါလား၊ ငါတော့ ဒီတစ်ချီတည်းနဲ့ ကြီးပွားပြီ ကြီးပွားပြီ"

"ကဲ .. ဘယ့်နှယ်လဲ ဆန်ကုန်သည်ကြီး ... ခင်ဗျားရဲ့ဆန်တွေ ရောင်းမှာလား"

"ဟာ ... ရောင်းပြီလားဗျာ၊ ရောင်းမယ် အကုန်ရောင်းမယ်"

"ကဲ ... ဒါဆို လာဗျာ၊ ကျုပ်ရဲ့အိမ်လိုက်ခဲ့ကြ၊ ဆန်ဖိုးအားလုံး ပေးထားမယ်"

သို့ဖြင့် ဦးညွှန့်အောင်တို့လူစုမှာ သူကြီးဦးမြဖေ၏အိမ်သို့





လိုက်ပါသွားကြတော့၏။

သူတို့က ရွာလယ်လမ်းအတိုင်း ရွာထဲသို့ ပြန်ဝင်ခဲ့ကြပြီး ရွာလယ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှိရာ ခြံဝင်းထဲသို့ ဝင်လာခဲ့ကြတော့သည်။ ရွာ၌ရှိ အိမ်အများစုမှာ တဲအိမ်များသာဖြစ်ပြီး သူကြီး၏အိမ်တစ်လုံးတည်းသာ ကြီးမားခမ်းနားသော ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးဖြစ်နေ၏။

"ကဲ လာ ... အိမ်ပေါ်ကြွကြဗျာ"

ရေနံဆီမီးအိမ်များ ထိန်ထိန်ညီးထွန်းထားသည့် ကျွန်းလျှာထိုးခင်းအိမ်ကြီးပေါ် သူတို့တက်ခဲ့ကြပြီး သူကြီးကတော်ခင်းပေးသည့် ဖျာချောများအပေါ် အကျအန ထိုင်လိုက်ကြတော့သည်။

အားလုံး ဝိုင်းဖွဲ့ထိုင်ပြီးကျသည်နှင့် သူကြီးဦးမြဖေက အိမ်ထဲသို့ ဝင်သွားပြီး ခဏအကြာတွင် အညိုရောင်ကတ္တီပါ ရှုံ့အိတ်ကြီးဆွဲကာ ညှော်ခန်းထဲသို့ ထွက်လာလေ၏။

သူက ယင်းကတ္တီပါအိတ်ကြီးကို လူပုံအလယ်၌ ချလိုက်ရာ အိတ်ကြီးမှာ တချွင်ချွင် မြည်သွားတော့သည်။

သူကြီးဦးမြဖေက ရှုံ့အိတ်၏ကြိုးကို ဖြည်လိုက်ပြီး

ခု နှစ် စဥ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကိုဖွင့်ကာ ဖျာပေါ် သွန်ချလိုက်ရာ တချွင်ချွင်မြည်သံများနှင့် အတူ ဖိတ်ဖိတ်တောက်လက်နေသည့် ရွှေဒင်္ဂါးပြားများ သွန်ကျလာတော့၏။

"ကဲ ... ဆန်ကုန်သည်ကြီးရဲ့ ဆန်အိတ်က စုစုပေါင်း ဘယ်နှအိတ်ရှိမလဲ"

"အင်း ... အိတ်နှစ်ရာ့နှစ်ဆယ်တိတိပဲဗျ"

"ကဲ ... ဒီတော့ ဆန်တစ်အိတ်ကို ဒင်္ဂါးတစ်ပြားနှုန်း ဆိုတော့ ဒင်္ဂါးအပြားနှစ်ရာ့နှစ်ဆယ်ပေါ့ ... ဟုတ်လား၊ ကျုပ် ရေပေးမယ်"

သူကြီးဦးမြဖေက ရွှေဒင်္ဂါးပြားများကို ရေကာ ပုံပေးပြီး ကျန်သည့် ဒင်္ဂါးပြားတို့ကို အိတ်ထဲပြန်ထည့်ကာ ကြိုးပြန်စည်းလိုက်၏။

ရွှေရောင်ဝင်းတောက်ကာ လဲ့အိနေသည့် ရွှေဒင်္ဂါးပြားတို့ကို ကိုင်ကြည့်ရင်း ဦးညွန့်အောင်မှာ အသက်ရှူရန်ပင် မေ့လောက်အောင် ရင်မှာ ပီတိဝေဖြာလျက်ရှိတော့သည်။

"အင်း ... ဆန်အိတ်နှစ်ရာကျော်ဆိုတာ တန်လှမှ ရွှေဒင်္ဂါး အပြားနှစ်ဆယ်လောက်ပေါ့၊ ကျန်တာတွေ ငါရပြီ၊





ငါရပြီ၊ ငါတော့ တပ်ချီတည်းနဲ့ပွပြီ"

သူကြီးဦးမြဖေက သူကြီးကတော်ကို ကတ္တီပါအိတ်တစ်လုံး ယူခိုင်းလိုက်ပြီး ယင်းကတ္တီပါအိတ် အလွတ်ထဲ ဦးညွန့်အောင်၏ရွှေဒင်္ဂါးပြားများကို ထည့်စေသည်။

"ကဲ ... ကျုပ် ဆန်ဖိုးချေပြီးပြီ၊ ခင်ဗျားရဲ့ဆန်အိတ်တွေ သွားသယ်ကြမယ်"

သူကြီးဦးမြဖေက အားကောင်းမောင်းသန်ရှာသား လေးငါးဆယ်ယောက်ကိုခေါ်ပြီး မီးတုတ်များထွန်းကာ ဦးညွန့်အောင်တို့ လှေဆီ လိုက်ပါလာခဲ့ကြလေ၏။

ချောင်းစပ်သို့ရောက်လေလျှင် သူကြီးဦးမြဖေက သူ့ရွာသားများကို အမိန့်ပေးတော့သည်။

"ကဲ ... တင့်ဆွေတို့၊ အောင်စိုးတို့ လှေဝမ်းထဲဆင်းပြီး ဆန်အိတ်တွေ သယ်ကြဟေ့"

"ဘယ်ကိုသယ်ရမလဲ သူကြီး"

"ပွဲခင်းဆီ သယ်ကွာ၊ ငါ့ရွာသူရွာသားတွေ ပျော်သွားအောင် ဒီညတွင်းချင်းပဲ ဆန်တွေလှူမယ်၊ ငါ့ရွာသူရွာသားမှ မဟုတ်ဘူးနော်၊ ငါတို့ရဲ့ပွဲတော်ကြီးကို လာရောက်ချီးမြှင့်ကြတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို လူတစ်ကိုယ် ဆန်နှစ်ပြည်နှုန်းနဲ့ လှူမယ်''

''ဟာ ... ဝမ်းသာလိုက်တာဗျာ၊ သူကြီးတော့ ကုသိုလ်အများကြီးရဦးတော့မယ်''

''ကဲ ... ကဲ ... သယ်ကြ၊ သယ်ကြ''

ရွာသားတို့လည်း ဆန်အိတ်များကို လှေဝမ်းထဲမှ ထမ်းထုတ်ကာ ဦးစွာ ကမ်းပါးပေါ် ထမ်းတင်ကြရ၏။ ကမ်းပါးပေါ်မှ ရွာဆီ သယ်ကြရ၏။ ဦးညွန့်အောင်၏အလုပ်သမားများရော လှေထိုးသားများပါ ကုသိုလ်အရေးမို့ ဝိုင်းဝန်းကူညီသယ်ပိုးပေးကြ၏။

ဦးညွန့်အောင်လည်း ဆန်လှူပွဲကြီးကို ရှုမြင်လိုသဖြင့် သူ၏လူယုံတပည့် စံလှအား ရွှေဒင်္ဂါးအိတ်ကိုထမ်းစေပြီး သူနှင့်ထက်ကြပ်လိုက်စေကာ ဆန်လှူပွဲကြီးကို သွားကြည့်ကြလေ၏။

လူအပေါင်းလည်း ပွဲသဘင်ကိုမေ့လျော့ကာ လူတစ်ကိုယ် ဆန်နှစ်ပြည်နှုန်းရမည်ဟု သိကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တပျော်တပါး တန်းစီလျက် ဆန်အလှူခံကြတော့သည်။

ကလေးလူကြီး၊ အဘိုးအဘွားပါမကျန် ဆယ်အိမ်ခေါင်းတို့က ပြည်တောင်းဖြင့် ခြင်ပေးကြလေ၏။





ရုတ်ရုတ်သဲသဲ ဆန်အလှူပွဲကြီးကား တစ်နာရီကျော်ကျော်ခန့် အကြာတွင် ပြီးဆုံးသွားတော့သည်။

ဆန်ရသွားသူတို့လည်း ပွဲခင်းထဲ ပြန်ထိုင်သူထိုင်ကြသလို မိမိတို့၏အိမ်သို့ ဆန်သွားပို့သူပို့ကြလေ၏။

''ကဲ ... ကျုပ်တို့လည်း လှေဆီပြန်ကြမယ်ဗျာ၊ သူကြီးခင်ဗျားရဲ့ ဒါနပြုပွဲကြီးလည်း အောင်မြင်စွာပြီးဆုံးသွားပြီပဲ၊ လှေပေါ်ပြန်ပြီး တစ်ရေးတမောအိပ်လိုက်ဦးမယ်''

''ကောင်းပါပြီဗျာ ... ကောင်းပါပြီ''

သို့ဖြင့် ဦးညွန့်အောင်တို့လူစုမှာ လှေဆီ ပြန်လာခဲ့ကြတော့၏။

''အစ်ကိုကြီးတော့ တစ်ချီတည်းနဲ့ပွပြီဗျ''

လှေဆီသို့ အပြန်ခရီးတွင် လှေသူကြီးကံဦးက ပြောလာရာ ...

''မောင်ရင်ကိုလည်း ကျုပ် အပိုဆောင်းငွေပေးမှာပါ၊ မနက်ကျရင်တော့ တွံတေးကို တိုက်ရိုက်ပြန်မယ်ဟုတ်လား''

''ဟုတ်ကဲ့ ... ကောင်းတာပေါ့၊ ကျုပ်တို့လည်း ပင်လယ်ပိုင်း ထပ်မသွားရတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အောင်သေအောင်သားစားတဲ့အနေနဲ့ စားကြ
သောက်ကြဦးစို့ဗျာ၊ ကျုပ်တို့လူတွေလည်း အတော်ဖားသွားကြ
ပြီဗျ"

သို့ဖြင့် ဆန်အိတ်များမရှိတော့သဖြင့် ဟာလာဟင်းလင်း
ဖြစ်သွားပြီဖြစ်သည့် လှေဝမ်းထဲတွင် အားလုံး ဝိုင်းဖွဲ့ထိုင်ကြကာ
လက်ကျန်ချက်အရက်တို့ကို ထုတ်ပြီး လက်ကျန်အမြည်းများနှင့်
ပင် ပွဲတော်တည်ကြတော့၏။

ပျော်ပျော်ပါးပါး စားကြသောက်ကြရင်း အရက်မလာ
မှာပင် အားလုံး အမူးလွန်ကာ တုံးလုံးပက်လက် အိပ်ပျော်ကျ
ကြသလို ဦးညွန့်အောင်သည်လည်း ရွှေဒင်္ဂါးများထည့်ထားသည့်
ကတ္တီပါအိတ်ကိုခေါင်းအုံးကာ အိပ်မောကျသွားပါတော့သတည်း။

❋❋❋





## ပျောက်ဆုံးသွားသောဒင်္ဂါးများ

သူတို့တစ်လှေလုံး မည်မျှ အိပ်မောကျသွားခဲ့ကြသည်
မသိ။ မိုးစက်မိုးပေါက်တို့ လှေဝမ်းထဲသို့ တဖြောဖြောကျလာမှ
လန့်နိုးကြတော့၏။

"ဟား ... မိုးတောင်လင်းပြီပဲ၊ မိုးကလည်း တစ်ညလုံး
သာယာနေပြီး မိုးလင်းပိုင်းမှ ရွာရတယ်လို့"

ဦးညွန့်အောင်မှာ အိပ်ရာမှ နိုးနိုးချင်း သူခေါင်းအုံးအိတ်ခဲ့
သည့် ရွှေဒင်္ဂါးအိတ်ကြီးကို သတိရလိုက်သဖြင့် အပြင်မှ စမ်း
ကြည့်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



'ချွင် ချွင် ချွင်'

အိတ်အတွင်းမှ တချွင်ချွင်မြည်သံတို့က ဖရဏာပီတိ ဂွမ်းဆီထိမမျှ နားဝင်ချိုမြိန်လှပေစွ။

သို့သော် လက်ဖြင့်စမ်းသပ်ရင်း သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် အိတ်ထဲမှအရာတို့က အချွန်အတက်လေးများရှိသလိုလိုမို့ ဘယ်လိုပါလိမ့်ဟု သူတွေး လိုက်မိ၏။

"အံမယ် . . . သူဌေးမင်းက ရွှေဒင်္ဂါးအိတ်ကို စမ်းကြည့် ရင်း ပီတိဝေဖြာနေတယ်ပေါ့"

နံဘေး၌ ငုတ်တုတ်ထထိုင်နေပြီဖြစ်သည့် လှေသူကြီး ကိုကံဦးက လှည့်ကြည့်ရင်း ခပ်ပြုံးပြုံးဖြင့်ပြောလိုက်သည်။

သံသယနည်းနည်းဝင်သွားသည့် ဦးညွန့်အောင်က ချည် ထားသောကြိုးကိုဖြည်ကာ အိတ်ကိုကြမ်းပေါ် သွန်လိုက်တော့၏။

'ချွင် ချွင် ချွင်'

တချွင်ချွင်အသံတို့မူ မြည်ပါ၏။ သို့သော် ကြမ်းပြင်ပေါ် သွန်ကျလာကြသည်တို့မှာ ရွှေဒင်္ဂါးများ မဟုတ်ဘဲ ကြွေပန်းကန် ကွဲများသာ ဖြစ်ပါ၏။





"ဟာ"

"ဟင်"

"အလို"

"ဟိုက် ဘယ် ဘယ်လိုဖြစ်တာလဲ"

ဝိုင်းကြည့်နေကြသူတို့ အံ့သြတကြီးဖြစ်သွားကြသလို ဦးညွန့်အောင်မှာ ကမ္ဘာပျက်သည့်အလား ခံစားလိုက်ရတော့၏။

"ဟာ . . . ငါ့ ငါ့ရွှေဒင်္ဂါးတွေ ဘယ် . . . ဘယ်ရောက် ကုန်ပြီလဲ"

ဆပ်ပြာသည့်လင်ပျောက်သည့်ထက်ဆိုး၏။ ဦးညွန့် အောင်မှာ ချောက်ချောက်ချားချား ပြူးပြူးပြာပြာဖြစ်သွားတော့ သည်။

"ဟာ . . . လုပ်ကြပါဦး၊ ကျုပ်ရဲ့ရွှေဒင်္ဂါးတွေ ဘယ် ရောက်သွားပြီလဲ၊ ဘယ်ရောက်သွားပြီလဲ"

လှေသူကြီးကံဦးလည်း ဘာပြောလို့ပြောရမှန်းမသိတော့၊ အနီးဝန်းကျင်ရော လှေပေါ်အနှံ့ရှာသည့်တိုင် မည်သည့်ရွှေဒင်္ဂါး ကိုမျှ မတွေ့ရချေ။

"တစ်ယောက်ယောက်က ကျုပ်ရဲ့ရွှေဒင်္ဂါးတွေကို



www.burmeseclassic.com

www.burmeseclassic.com



လဲသွားပြီထင်တယ်''

''အာ . . . မဟုတ်တာပဲ၊ အစ်ကိုကြီးကလည်း . . . အစ်ကိုကြီးပဲ အဲဒီကတ္တီပါအိတ်ကို ခေါင်းအုံးအိပ်နေခဲ့တာ မဟုတ်လားဗျ''

''ဒါတော့ . . . ဒါပေါ့၊ ကျုပ် အိပ်ပျော်နေတုန်း တစ်ယောက်ယောက်က ရွှေဒင်္ဂါးတွေနဲ့ ဒီကြွေပန်းကန်ကွဲတွေကို လဲလိုက်တာ ဖြစ်မယ်၊ ကိုကံဦး''

''အာ . . . မဟုတ်နိုင်တာဗျာ၊ ဘယ်သူက လဲမှာလဲ၊ ပြီးတော့ . . . ဒီလောက်များတဲ့ ကြွေပန်းကန်ကွဲတွေ ဘယ်ကရမှာလဲ၊ ကျုပ်တို့လှေပေါ်မှာ ဒန်ဇလုံ၊ ဒန်ပန်းကန်ပြားတွေပဲ သုံးတဲ့ဟာ''

''ဒါ . . . ဒါဆို ကျုပ်ရဲ့ ရွှေဒင်္ဂါးတွေက ဘယ်ကိုခြေထောက် ပေါက်ပြီး ထွက်သွားတာလဲဗျ . . . ဟင်၊ အဲဒီရွှေဒင်္ဂါးတွေဆုံးရင်တော့ ကျုပ်ရဲ့ဘဝ ဆုံးပါပြီဗျာ၊ လုပ်ကြပါဦး''

အရူးမီးဝိုင်းဖြစ်နေရှာသည့် ဦးညွန့်အောင်ကိုကြည့်ပြီး လှေသူကြီးကိုကံဦးမှာ စိတ်မကောင်းဖြစ်နေမိ၏။

လှေထိုးသားများရော ဦးညွန့်အောင်၏အလုပ်သမားများ





ပါ မျက်စိမျက်နှာပျက်ကာ စိတ်မကောင်းဖြစ်နေကြသည်။

လှေသူကြီးကိုကံဦးမှာ ဤမြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ပိုင်းဒေသများသို့ ခရီးအတန်တန် နှင်ဖူးသဖြင့် ဤဒေသတစ်ခွင်မှ အချို့အရပ်ဒေသတို့၏ ထူးခြားဆန်းကြယ်မှုတို့ကို သတိရသွားပြီး သူ၏ခေါင်းမွေးတို့မှာ ထောင်ခနဲဖြစ်သွားရတော့၏။

ထို့နောက် သူက စိတ်လှုပ်ရှားသောအသံဖြင့် ဦးညွန့်အောင်ကို ပြောလိုက်တော့သည်။

''အစ်ကိုကြီး အစ်ကိုကြီး . . . ကျုပ်တို့ညက တွေ့ခဲ့တဲ့ ရွာကို သွားကြည့်ရအောင်''

''ကြည့်ပြီး ဘာလုပ်မှာလဲဗျ''

''ကျုပ် သိပ်ပြီးမသင်္ကာဘူးဗျ၊ အဲဒီလူတွေဟာ လူတွေမှ ဟုတ်ရဲ့လားမသိဘူး''

'ဝေါ့ ဝေါ့ ဝေါ့'

ထိုစဉ် လှေထိုးသားများရော အလုပ်သမားများပါ လှေနံသို့ ပြေးကပ်ကာ ချောင်းရေထဲသို့ အမည်းရောင်အဖတ်များ၊ အရည်များကို အန်ကြတော့၏။

''ဟ . . . ဘယ်လိုဖြစ်ကြတာလဲ . . . အဲ အော့ အော့



www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးကိုကံဦးကိုယ်တိုင် လည်ချောင်းထဲမှ ပျို့တက်လာသဖြင့် လှေနံဆီပြေးသွားကာ ချောင်းရေထဲသို့ အန်ချရတော့သည်။

'ဝေါ့ ဝေါ့ ဝေါ့'

"ဘယ် . . . ဘယ်လိုဖြစ်ကြတာလဲ"

လှေသူကြီးကိုကံဦးက ဦးညွှန့်အောင်ကို မျက်လုံးအပြူးသားဖြင့် ကြည့်ကာ . . .

"အစ် အစ်ကိုကြီး . . . ကျျပ် ကျျပ်ထင်တာ မှန်နေပြီထင်တယ်"

"ဟ . . . ဘာထင်တာလဲ ကိုကံဦးရဲ့"

"ညက ညကလူတွေဟာ လူတွေမဟုတ်နိုင်ဘူးဗျ၊ လာလာ . . . ကမ်းပေါ်တက်ကြည့်ရအောင်"

သို့ဖြင့် ကိုကံဦးနှင့် ဦးညွှန့်အောင်တို့လူစုသည် ကမ်းပေါ်သို့ အူယားဖားယားဖြင့် အပြေးအလွှား တက်ခဲ့ကြတော့၏။

ကမ်းစပ်ပေါ်သို့ရောက်သည့်အခါမှာမူ မိုးဖွဲ့ဖွဲ့အောက်တွင် ခရာဆူးချုံတောများနှင့် တစ်မျှော်တစ်ခေါ်လွင်ပြင်ကျယ်ကြီးကိုသာ တွေ့ရလေသည်။





"ည . . . ညကရွာ၊ ဘယ်နားမှာလဲ"

သူတို့အားလုံးမှာ ဇဝေဇဝါဖြစ်နေကြပြီး လူသွားလမ်းဖြူဖြူလေးကိုတွေ့သည်တွင် ယင်း လမ်းကြောင်းအတိုင်းလိုက်ခဲ့ကြတော့၏။

သူတို့သည် ခရာတောများ၊ ဆူးရစ်ချုံများ၊ ကိုင်းတောများကြားမှ ကွေ့ကွေ့ကောက်ကောက် လျှောက်လှမ်းလာကြသည့်တိုင် ရွာနှင့် တူတာဆို၍ သစ်ပင်သစ်တောအုပ်ပင် မတွေ့ရချေ။

"မဟုတ်ပါဘူး၊ မနေ့ညတုန်းက ရွာဆီ ဒီလောက်မလျှောက်ရပါဘူး"

"ဒါဟာ . . . ဖုန်းဆိုးကွင်းပြင်ကြီးပဲဗျ၊ ဟောဟိုမှာတော့ သစ်ပင်အုပ်အုပ်နဲ့ အဆောက်အဦးတစ်ခုကို တွေ့တယ်၊ အဲဒီသွားကြည့်ရအောင်"

မိုးကဖွဲ့ရာမှ သည်းလာရာ မိုးစက်မိုးပေါက်တို့ကြားမှာပင် ကိုင်းတောကိုဖြတ်ကာ လျှောက်လှမ်းသွားကြတော့၏။

"ဟာ . . . ဒါ . . . ဒါ . . . ညကတွေ့ခဲ့ရတဲ့ နတ်ကွန်းကြီးပဲ"

ဟုတ်ပါသည်။ ဆယ်ပေခန့်ကျယ်ကာ ဆယ့်ငါးပေခန့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်သည့် သစ်သားနတ်ကွန်းကြီးမှာ အမိုးမရှိတော့ဘဲ ပျဉ်အကာတို့လည်း ပြုတ်ပျက်ကျကာ အတွင်းမှ နတ်ရုပ်၌ ခေါင်းဆောင်းပင် မရှိတော့ချေ။

"ဟိုက် . . . ဘယ်လိုဖြစ်တာလဲ"

"ဟာ . . . ဟိုမှာ . . . ဟိုမှာ ကြည့်စမ်း"

လှေသူကြီးဦးကံဦးက နတ်ကွန်း၏ရှေ့မလှမ်းမကမ်းရှိ ကွက်လပ်ကွင်းပြင်ကို အလန့်တကြား လက်ညှိုးထိုးပြလိုက်လေသည်။

"ဟာ"

"ဟင်"

တွေ့လိုက်ရသည့်မြင်ကွင်းက ရေစပ်စပ်ရှိသော ယင်းကွက်လပ်မြေပြင်အနှံ့မှ မြက်ပင်တို့ကြားဝယ် ဆန်ပုံဖြူဖြူလေးများကို ဟိုနေရာတစ်ပုံ သည်နေရာတစ်ပုံဖြင့် များလှစွာသော ဆန်ပုံတို့ကို တွေ့ရခြင်းပင် ဖြစ်ပေတည်း။

"ဟာ . . . ဆန်တွေ ဆန်တွေ၊ ကျုပ်ရဲ့ဆန်တွေ၊ ကျုပ်ရဲ့ဆန်တွေ"

"ဟုတ်တယ် အစ်ကိုကြီး၊ အဲဒါ . . . ခင်ဗျားရဲ့ဆန်တွေ





ပဲ၊ ဒီနေရာဟာ ကျတ်ကုန်းပဲ၊ ညက ကျုပ်တို့တွေ့ခဲ့ဆုံခဲ့ ဆက်ဆံခဲ့တဲ့ သူတွေဟာ လူတွေမဟုတ်ဘူး၊ ကျတ်တွေဗျ၊ ကျတ်တွေ"

"ဟင် . . . ကို . . . ကိုကံဦး၊ ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ အစ်ကိုကြီး၊ ညက ကျုပ်တို့ကို သူတို့ကျွေးခဲ့တဲ့ အကြော်တွေ၊ ကောက်ညှင်းပေါင်းတွေဟာလည်း တကယ့်အကြော်၊ တကယ့်ကောက်ညှင်းပေါင်း မဟုတ်ဘူးဗျ၊ အဲဒါတွေဟာ . . . အပင်းတွေ၊ အပင်းတွေ၊ ဒါကြောင့် . . . စောစောက ပြန်အန်တာ"

"ဒါ . . . ဒါဆို . . . ညက ကျုပ်ရခဲ့တဲ့ ရွှေဒင်္ဂါးတွေဟာ တကယ့်ရွှေဒင်္ဂါးတွေ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး၊ အဲဒါတွေဟာ ကြွေပန်းကန်ကွဲတွေပဲ"

"အောင်မယ်လေး၊ သွားပါပြီဗျာ၊ သွားပါပြီ"

"ကျတ်ဆိုတာ မြေမှာနေတဲ့ မကောင်းဆိုးဝါးတစ်မျိုးပဲဗျ၊ သူတို့ဟာ ပြိတ္တာမျိုးနွယ်ဝင်တွေဖြစ်တဲ့အတွက် ကမ္ဘဗိဒ္ဓိရှိတယ်၊ ခေတ္တခဏ လှည့်ဖြားဖန်ဆင်းနိုင်တယ်၊ ဒါကြောင့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



. . . ညတုန်းက ကျုပ်တို့အလှည့်ဖြားခံလိုက်ရတာပါပဲ''

''ဒါ . . . ဒါဆို . . . ညက ကျုပ်တို့တွေ့ခဲ့ ဆုံခဲ့ရတဲ့ ရှာသူကြီး ဦးမြဖေဟာလည်း ကျတ်ပဲပေါ့''

''ဟုတ်တာပေါ့ဗျာ''

''ဟို . . . ဟို . . . ဆန်အလှူခံတဲ့ ရှာသူရှာသားတွေဟာလည်း ကျတ်တွေပဲပေါ့၊ ဟုတ်လား''

''ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် . . . သူတို့ အလှူခံထားတဲ့ ဆန်တွေကို ဟိုမှာ အပုံလိုက်တွေ့ရတာပါပဲ''

''ဆန် . . . ဆန်တွေအားလုံးက ရေစိုကုန်ပြီဗျ၊ သွားပါပြီ၊ ကျုပ်ရဲ့ဆန်တွေ အားလုံးဆုံးပါပြီဗျာ၊ ဆုံးပါပြီ''

ဦးညွန့်အောင်မှာ လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး ဆန်ပုံများဆီသို့ ပြေးသွားကာ ဆန်တို့ကို လက်ခုပ်ဖြင့် ကျုံးလျက် သူ၏ပုဆိုးထဲသို့ ယက်ထည့်တော့၏။

''ဆန်တွေ . . . ဆန်တွေ၊ ငါ့ရဲ့ဆန်တွေ ဆုံးရှုံးလို့မဖြစ်ဘူး၊ ဆုံးရှုံးလို့ မဖြစ်ဘူး''

လေှသူကြီးကိုကံဦးလည်း ဦးညွန့်အောင်အား နှစ်သိမ့်ရမှလွဲ၍ ဘာများတတ်နိုင်ဦးမည်နည်း။

ရ နှစ် စဉ် ကြယ် တာ ဓပ



''စိတ်ဖြေပါ အစ်ကိုကြီးရယ်၊ နာနာဘာဝတွေရဲ့ လှည့်ဖြားခံရတာ ဘာတတ်နိုင်မှာလဲဗျာ ဘာတတ်နိုင်မှာလဲ၊ ပစ္စည်းသခါရ လူသခါရလို့သာ ယူမှတ်ပြီး စိတ်ကိုဖြေပါဗျာ၊ တကယ်တော့ . . . ကျုပ်လည်း အတော်ညံ့ခဲ့တာပါ၊ ညတုန်းက ကျတ်ရှာသူကြီး ဦးမြဖေက တွံတေးရွှေလိပ်ပြာဇာတ်ကို ငှားထားတယ်လို့ ပြောခဲ့တယ်၊ အဲဒီကတည်းက ကျုပ် ရိပ်မိသင့်တာဗျ၊ ဘာဖြစ်လို့လဲဆိုတော့ တွံတေးရွှေလိပ်ပြာဇာတ်အဖွဲ့ဟာ ပြီးခဲ့တဲ့ သုံးနှစ်လောက်တုန်းက ပြန်မလော့မြစ်ထဲမှာ ဝဲမိပြီး ဇာတ်လှေမှောက်လို့ တစ်ဇာတ်လုံး သေပွဲဝင်ခဲ့ကြတာပဲဗျ၊ အဲဒါကို ကျုပ် သတိမထားမိခဲ့ဘူး . . . ဖြစ်မှဖြစ်ရလေဗျာ၊ ဖြစ်မှဖြစ်ရလေ''

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



## မာယာဒေဝီမဟေသီ

စတီးဘရားသားကုမ္ပဏီပိုင် ဆန်အိတ်သုံးရာ့ငါးဆယ် ယူဆောင်သွားရာမှ ဆန်အိတ်နှစ်ရာ့ငါးဆယ် ဆုံးရှုံးခဲ့သဖြင့် ဦးညွန့်အောင်အား ပြန်မလျော်နိုင်ပါက တရားစွဲဆိုရန် စတီးဘရားသားက ပြင်ဆင်တော့၏။

ဦးညွန့်အောင်က ကျတ်ရွာသို့ရောက်သွားသဖြင့် ကျတ်တို့၏လှည့်ဖြားခံရကာ ဆန်အိတ်များ ဆုံးရှုံးခဲ့ရကြောင်း လှေသူကြီး ကိုကံဦးကို သက်သေထားကာ စတီးဘရားသားကုမ္ပဏီ၏ တာဝန်ခံအရာရှိဦးကျော်စိုးအား အမျိုးမျိုးရှင်းပြသော်လည်း





မရချေ။

''ဆန်တွေ ပရလောကသားတွေရဲ့ လက်ချက်ကြောင့် ဆုံးရှုံးသွားရတယ်ဆိုတာကို ကုမ္ပဏီဘက်က လုံးဝလက်မခံဘူးဗျ ဒီတော့ ... ဆန်ဖိုးငွေအားလုံးကို ရက်သတ္တနှစ်ပတ်အတွင်း ပေးလျော်ပါ၊ အဲဒီရက်ထက် ကျော်လွန်တဲ့တိုင် မလျော်ဘူးဆိုရင်တော့ ကျုပ်တို့ တရားစွဲရပါလိမ့်မယ်''

သူငယ်ချင်းဖြစ်သူ ဦးထွန်းသိန်း (ခ) ဖင်မဲက ဦးညွန့်အောင်အား စာနာသနားသော်လည်း သူလည်း မကူညီနိုင်ချေ။

သို့သော် သူက ဦးညွန့်အောင်၏ ဝါးခယ်မ ် အိမ်သို့ လိုက်လာကာ နှစ်သိမ့်စကားဆိုရှာသည်။

''သူငယ်ချ်း ညွန့်အောင်ရာ ... ငါလည်း မင်းကို ကတ်နိုင်တဲ့ဘက်က ကူညီတာပါပဲကွာ၊ ခုတော့ စေတနာက ဝေဒနာဖြစ်ရပြီပေါ့''

ဤလျှင် ဦးညွန့်အောင်၏ဇနီး ဒေါ်မြရင်က ဖြေသိမ့်စကား ဆိုရှာသည်။

''အို ... ဒါဟာ ကိုထွန်းသိန်းရဲ့အပြစ်မဟုတ်ပါဘူးရှင်၊ ဖြစ်ချိန်တန်လို့ ဖြစ်တယ်လို့ပဲ ကျွန်မတို့မှတ်ပါတယ်ရှင်၊ ခက်တာ



www.burmeseclassic.com

www.burmeseclassic.com



က စတီးဘရားသားကို ဆန်ဖိုးမလျှော်နိုင်တာပါပဲ၊ ဒီအိမ်က လည်း ပေါင်ထားတာ ကြွေးနဲ့အသိမ်းခံရခါနီးပါပြီ၊ လွတ်လွတ် ကျွတ်ကျွတ်ဆို ဒီအိမ်ကိုရောင်းပြီး ဆန်ဖိုးရှင်းပေးလိုက်ချင်ပါ တယ်ရှင်''

ဦးထွန်းသိန်း (ခ) ဖင်မဲမှာ သူငယ်ချင်းဦးညွန့်အောင်၏ အိမ်သို့ ဝင်ထွက်ရင်း ဦးညွန့်အောင်၏ တစ်ဦးတည်းသောသမီး လေး မေကျော့ရှင်း၏အလှကို ဂရုပြုမိခဲ့လေသည်။

''အင်း ... ညွန့်အောင်သမီးလေးက အတော်လှတာပါ လား၊ ခမျာ ... မိဘတွေအဆင်မပြေလို့ အဝတ်ကောင်း အစား ကောင်းလေးတွေ မဝတ်စားနိုင်ရှာဘူးနဲ့တူပါရဲ့''

မေကျော့ရှင်းမှာ တကယ်လည်း လှပသူလေးဖြစ်၏။ သူမ၏ အသားအရေက စိုပြည်ဝင်းပကာ ကိုယ်လုံးကလည်း ဖွံ့ဖွံ့ထွားထွား၊ အရပ်ကလည်း မြင့်ပြီး ခန္ဓာကိုယ်အချိုးအစား ကျနလှပသူလေးမို့ တွေ့မြင်မိသည့် ပုရိသယောကျ်ားမှန်သမျှ သူမကို မငေးမိသူမရှိချေ။

ဦးထွန်းသိန်းက မေကျော့ရှင်ကို တစေ့တစောင်း ကြည့် ရင်း ...





''အင်း ... ဒီကလေးမရဲ့အလှဟာ တော်ဝင်နန်းထိုက် တဲ့ အလှမျိုးပဲ၊ ငါ့အသိထဲက တွင်းစားမျိုးလူပျိုကြီး ကိုမြသိန်းနဲ့ လကဆက်ပေးလိုက်ရရင် ကောင်းမှာပဲ''

''ဟုတ်တယ်၊ ကိုမြသိန်းကလည်း သင့်တော်တဲ့ အမျိုး သမီးတွေ့ရင် ပြောပါလို့ မှာထားဖူးတယ်၊ ကိုမြသိန်းသာ ဒီ မိန်းကလေးကိုမြင်ရင် တန်းကြိုက်မှာပဲ''

ဦးထွန်းသိန်း (ခ) ဖင်မဲမှာ စတီးဘရားသားကုမ္ပဏီရုံး ချုပ်ရှိရာ ရန်ကုန်သို့ မကြာခဏရောက်ရာမှ ပဲဈေးကလပ်တွင် သူနှင့်ဘိလိယက်ထိုးဖက်ဖြစ်သော ကိုမြသိန်းနှင့် ဘိလိယက်ထိုး ရင်း၊ ဘီယာ အတူသောက်ရင်း ရင်းနှီးခဲ့လေသည်။

ယခု မေကျော့ရှင်းကိုတွေ့တော့ သူမ၏တော်ဝင်နန်း ထိုက်သော အလှသည် မြသိန်းလို မျိုးရိုးမြင့်သည် သူဌေး သူကြွယ်တစ်ဦးနှင့် ထိုက်တန်လိမ့်မည်ဟု ယူဆလိုက်မိတော့၏။

''အင်း ... မေကျော့ရှင်းသာ ကိုမြသိန်းကို လက်ဆက် ခွင့် ရမယ်ဆိုရင် သူ့ရဲ့မိဘတွေပါ အဆင်ပြေသွားမယ်၊ ညွန့် အောင် လျှော်ဖို့မတတ်နိုင်တဲ့ ဆန်ဖိုးငွေကိုလည်း ကိုမြသိန်းက စိုက်လျှော်ပေးမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ အဲဒါဟာ သားရွှေအိုးထမ်းလာမယ့်ကိန်းပဲ"

တကယ်တော့ ဦးထွန်းသိန်းမှာ မေကျော့ရှင်း၏ ပြင်ပ ဗဟိတ္တသဏ္ဍာန်ကိုသာ တွေ့မြင်ပြီး သဘောအကျကြီးကျမိခြင်း ဖြစ်သည်။

မေကျော့ရှင်း၏ အဇ္ဈတ္တသဏ္ဍာန်ကို သူ မလေ့ကျက်မိ ချေ။

မေကျော့ရှင်းသည်ကား သဖန်းသီးအမှည့်နှင့်တူ၏။ သဖန်းသီးမှည့်မှာ စားချင့်ဖွယ် နီရဲလှပလျက်ရှိသော်လည်း အတွင်းမှာမူ လောက်ထိုးလျက်ရှိချေ၏။

မေကျော့ရှင်းသည်လည်း ထိုသို့ပင်ဖြစ်၏။ အပြင်ပန်းမှ ကြည့်ပါက လွန်စွာ ချောမောလှပသူလေးအဖြစ် မြင်ကြမည်သာ ဖြစ်လေ၏။

ကိုမြသိန်းမှာ မိုးကုတ်မှ ကျောက်တွင်းသူဌေးလူပျိုကြီး ဖြစ်က၊ ကျောက်အရောင်းအဝယ်ကိစ္စအတွက် ရန်ကုန်သို့ ဆင်း လာလေ့ရှိပြီး မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) မှ စိန်ဘာဘူတို့နှင့် ကျောက်အရောင်းအဝယ်ကိစ္စများ ဆွေးနွေးရန် စထရင်းဟိုတယ် တွင် တစ်ပတ်ခန့် တည်းခိုလေ့ရှိသူဖြစ်၏။





ယင်းသို့ ကိုမြသိန်း ရန်ကုန်ရောက်တိုင်း ပဲခူးကလပ် တွင် ဘိလိယက်ထိုးလေ့ရှိရာမှ သူနှင့်ရင်းနှီးခင်မင်ခဲ့ခြင်း ဖြစ် သည်။

ထိုသို့ ဘိလိယက်ထိုးကြပြီးနောက် ဘီယာအတူသောက် ကြရင်း တစ်ခါတွင် ကိုမြသိန်းက သင့်တော်သည့်အမျိုးသမီး ချောချောတစ်ဦးဦးနှင့် လက်ဆက်ခွင့်ကြုံလျှင် လက်ဆက်လို ကြောင်း ဘီယာမူးမူးဖြင့် ရင်ဖွင့်ပြောဖူးလေသည်။

"အင်း ... မေကျော့ရှင်းလေးဆိုရင် ကိုမြသိန်း သဘောကျလောက်တယ်၊ မေကျော့ရှင်းလေးရဲ့အလှကလည်း စလေဦးပုညရဲ့စာချိုးထဲကအတိုင်း မင်းကြိုက်၊ စိုးကြိုက်၊ ကာလသားများနှင့် လားလားမှမထိုက်ဆိုတဲ့ အမျိုးအစားမျိုးပဲ၊ ဟုတ်ပြီ၊ သူတို့နှစ်ယောက်ကို စပ်ဟပ်ပေးလေမှပဲ"

သို့ဖြင့် သူ ရန်ကုန်သို့ရောက်သည့်အခိုက် ကံအားလျော် စွာ ကိုမြသိန်း ရန်ကုန်သို့ ဆင်းလာခိုက်နှင့်ကြုံလေရာ ပဲခူး ကလပ်၌ ဆုံကြလေတော့သည်။

"အိုင်ဆေး ကိုမြသိန်းရေ ... ခင်ဗျားနဲ့ တွေ့ရတာ အတော်ပဲဗျာ၊ ကျုပ် ခင်ဗျားကို ပြောစရာရှိတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ထူးထူးဆန်းဆန်းပါလား၊ ဘယ်လိုအကြောင်း များလဲဗျာ၊ လာဗျာ ... ပြောစရာရှိတယ်ဆိုရင် ဘိလိယက် မထိုးခင် ဘီယာသောက်ရင်း ပြောကြ ဆိုကြဲတာပေါ့"

သို့ဖြင့် ဘီယာခန်းမထဲဝင်ကာ ဘီယာသောက်ကြရင်း သူကပဲ စကားစလိုက်လေသည်။

"အိုင်ဆေး ကိုမြသိန်း၊ ... ခင်ဗျား တစ်ခါက ပြောဖူး တယ် မဟုတ်လား၊ ဘဝအဖော်မွန်ကောင်းတွေ့ရင် လက်တွဲချင် တယ် ဆိုတာလေ"

"ဟုတ်ပ အိုင်ဆေးရေ.. ဟုတ်ပ ဟဲ ဟဲ၊ မိတ်ဆွေ ကြီးက ထူးထူးခြားခြား ဒီစကားပြောတယ်ဆိုတော့ ကေန္တ ကျုပ် အတွက် မဒီချောချော မနောဖြူဖြူလေးတွေ့ထားပြီထင်ရဲ့၊ ဟုတ် ရဲ့လား၊ ကျုပ်တော့ ရင်ခုန်ချင်လာပြီဗျာ ... ဟား ဟား ဟား"

"ခင်ဗျား ... အဲဒီ မေကျော့ရှင်းလေးကို တွေ့လိုက်ရ ရင် ပိုလို့တောင် ရင်ခုန်ဦးမယ်ဗျာ"

"အိုး ... ဂေါ့ဒ် ဟုတ်လား၊ လုပ်စမ်းပါဦးဗျာ၊ ဘယ့်နှယ် နာမည်လေးက မေကျော့ရှင်းတဲ့လားဗျ"

"ဟုတ်ပ ... ကိုမြသိန်းရေ၊ ကျုပ်မိတ်ဆွေတစ်ဦးရဲ့





တစ်ဦးတည်းသောသမီးလေးပါပဲဗျာ၊ သဘောဖြူ အူစင်း တော သူလေးပဲ ဆိုပါတော့၊ အဲ ... တောသူဆိုပေမယ့် ရုပ်ရည်က တော့ တောနဲ့မတန် နန်းဆန်သူလေးဗျ၊ မျက်နှာလေးရော ကိုယ် လုံးကိုယ်ပေါက်ရော အပြစ်ပြောစရာမရှိဘူး၊ ပညာကလည်း မက်ထရစ်အထိ နေဖူးတဲ့ ဝါးခယ်မသူလေးဗျ၊ တောသူဆိုပေမယ့် ထူထူအအ မဟုတ်ဘူး၊ ထက်ထက်မြက်မြက်လေးဗျ၊ သူ့မိဘ တွေကိုလည်း ကျုပ်ပိုင်တယ်၊ ကျုပ်က သေဆိုသေ, ရှင်ဆိုရှင်ပဲ၊ ဘယ့်နှယ်လဲ"

"အင်း အိုင်ဆေးရေ ... ခင်ဗျားရဲ့အပြော ကြားရတာ နဲ့တင် ကျုပ်မှာ အိပ်မက်လှလှ မက်ချင်စရာဖြစ်သွားပြီဗျို့၊ ဒီ တော့ ကျုပ်အတွက် သင့်တော်မယ်ထင်ရင် အဲဒီ မေကျော့ရှင်း ဆိုတဲ့ မဒီလေးနဲ့ နဖူးစာမင်ရည်မကျဲရအောင် စီစဉ်စမ်းပါဗျာ"

"ကောင်းပြီ ကောင်းပြီ ... ခင်ဗျားတော့ အိုဖို့သာ ပြင်ထားပေတော့ ... ဟဲ ဟဲ ဟဲ"

*



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းသိန်း (ခ) ဖင်မဲ ဝါးခယ်မရောက်သည်နှင့် သူ ငယ်ချင်းဖြစ်သူ ဦးညွန့်အောင်၏အိမ်ဆီ တန်းဝင်တော့သည်။

''ကဲ ညွန့်အောင် ... မင်း စတီးဘရားသားကို ဆန် အိတ်ဖိုး လျှော်ရမယ့်ကိစ္စအတွက် စိတ်အေးအေးသာထားပေ တော့''

ခရီးရောက်မဆိုက် ပြောလိုက်သည့်စကားကြောင့် ဦးညွန့်အောင် အံ့သြဝမ်းသာသွားရ၏။

''ဟ ဖင်မဲ ... သူငယ်ချင်း ဟုတ်ရဲ့လားကွ၊ ဘာလဲ စတီးဘရားသားကုမ္ပဏီက အဲဒီကိစ္စကို လျှော်လိုက်ပြီတဲ့လား''

''စတီးဘရားသားကုမ္ပဏီကတော့ သူတို့ကုမ္ပဏီရဲ့ အကျိုးစီးပွားကို တစ်ပြားသားမှ အပုံခံမှာမဟုတ်ဘူးကွ၊ သူတို့ရဲ့ ဆန်အိတ်ဖိုးတွေကို လာမယ့်ရက်သတ္တပတ်အတွင်း မလျှော်နိုင် ရင် အလွဲသုံးစားမှုနဲ့ မင်းကို တရားစွဲမယ်တဲ့ကွ၊ အဲဒီလို တရားစွဲ ရင် မင်း အဖမ်းခံရမှာပဲ၊ အဲဒီအခါ အာမခံရဖို့ ရွှေ့နေငှား ငွေကလိုလာဦးမယ်၊ အဲဒီဒုက္ခတွေကို မင်း ဘယ်လိုရင်ဆိုင်မလဲ သူငယ်ချင်း၊ ပြီးတော့ ... အမှုရှုံးရင် ထောင်ကျဦးမယ်''





''တော် ... တော်ပါတော့ကွာ၊ အဲဒါတွေ ငါ အားလုံး သိပါတယ်၊ ဒါကြောင့် ... စိတ်အကြီးအကျယ်ညစ်နေတာကွ၊ ငါကိုယ်ငါ သတ်သာသေလိုက်ချင်တယ်ကွာ''

''ဒါပေမဲ့ ... အဲဒီကိစ္စအတွက် မင်း ဘာမှပူစရာ မလို တော့ဘူး''

''ဟင် ... ဘာ ... ဘာကြောင့်လဲ သူငယ်ချင်း''

''မင်း ... အဲဒီကိစ္စအတွက် ပူပင်စရာမလိုအောင် ငါ စီစဉ်ထားတယ်ကွ၊ အေး ... ဒါပေမဲ့ မင်းတို့လင်မယား သဘော တူဖို့တော့ လိုမယ်၊ မင်းတို့ လင်မယားသဘောမတူရင်တော့ ငါ့ရဲ့အစီအစဉ်ကို ဖျက်လိုက်ရုံပေါ့ကွာ''

ဦးထွန်းသိန်း (ခ) ဖင်မဲ၏စကားကို ဦးညွန့်အောင်တို့ လင်မယားနှစ်ယောက်စလုံး လွန်စွာစိတ်ဝင်စားသွားကြသည်။

''သူ ... သူငယ်ချင်း ပြောပါဦးကွ၊ ဘယ်လို အစီအစဉ် များလဲ''

''ဒီလိုသူငယ်ချင်းရ .. ငါ့ရဲ့အသိ မိုးကုတ်က ကျောက် တွင်းပိုင် သူဌေးလူပျိုကြီးကို မင်းတို့ရဲ့သမီးလေး မေကျော့ရှင်းနဲ့ လက်ဆက်နိုင်စေဖို့ ငါ အဲဒီကျောက်တွင်းသူဌေးလူပျိုကြီး ဆီမှ



www.burmeseclassic.com

www.burmeseclassic.com



သိန်းကို ပြောဆိုပြီးပြီကွ၊ သူက ငါ့သဘောတစ်ခုပါပဲတဲ့၊ အဲဒါ မင်းတို့ဘက်က သဘောတူရင် ရွှေလမ်းငွေလမ်း ဖောက်ရုံပဲ''

''ဟေ''

ဦးညွန့်အောင်တို့လင်မယားမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

''အဲဒီ ကိုမြသိန်းဟာ သူ့ဌေးဆိုပေမယ့် တကယ့် လူရိုး လူအေးကြီးကွ၊ အသောက်အစား လောင်းကစားလည်း ကင်း တယ်၊ သူဟာ လူကောင်းသူကောင်းဖြစ်တဲ့အတွက် မင်းတို့ရဲ့ သမီးလေးနဲ့ လက်ဆက်ပေးလိုက်ရရင် ကလေးမလေးအတွက် အိမ်ထောင်ဖက်ကောင်းရပြီး စိတ်အေးရမယ်လို့ ယုံကြည်တယ် ကွာ''

ဦးညွန့်အောင်တို့လင်မယားမှာ တွေဝေသွားကြတော့၏။

''မင်းစဉ်းစား ညွန့်အောင် . . . ငါကတော့ တစ်ချက် ခုတ် နှစ်ချက်ပြတ် ဖြစ်စေချင်တာပဲ၊ မင်းရဲ့သမီးလေးလည်း လင်ကောင်းသားကောင်းရပြီး ကြီးပွားသွားမယ်၊ မင်းလည်း သူ့ဌေးကို သမက်တော်ရရင် စတီးဘရားသားကုမ္ပဏီကို လျော်ဖို့ ဘာဝန်လေးစရာလိုမလဲကွ၊ မဟုတ်ဘူးလား''





''စ . . . စတီးဘရားသားကိုလျော်ဖို့ငွေက ဘယ် . . . ဘယ်လိုရမှာလဲ''

''အဲဒီအတွက် ဘာမှမပူနဲ့၊ ငါ စီစဉ်ပေးမယ်၊ မင်းတို့က သာ မင်းတို့ရဲ့သမီးလေးနဲ့ လက်ဆက်ဖို့ သဘောတူတယ်ဆိုရင် မင်းတို့ရဲ့သမီးလေးကို မိသားဖသားပီပီ တင်တောင်းဖို့ ငါ ကိုမြ သိန်းကို ပြောလိုက်မယ်၊ သူတင်တောင်းမယ့်ငွေက မင်း စတီး ဘရားသားကို လျော်ရမယ့်ငွေထက် အများကြီးပိုစေရမယ်ကွာ''

ဦးညွန့်အောင်မှာ မည်သို့ဆုံးဖြတ်ရမှန်းမသိဘဲ ဇဝေဇဝါ ဖြစ်နေသော်လည်း ဇနီးသည်ကမူ . . .

''ကိုထွန်းသိန်းပြောသလိုဆို သမီးနဲ့ပေးစားမယ့်သူက မဆိုးပါဘူး၊ ကျွန်မတို့ရဲ့သမီးလေးလည်း လင်ကောင်းသား ကောင်းရမယ်၊ ရှင်လည်း ထောင်ကျရမယ့်ကိန်းက လွတ်မယ်ဆို ရင် ဘာစဉ်းစားစရာလိုမလဲ၊ ကျွန်မတော့ သဘောတူတယ်ရှင်''

ဤတွင် ထွက်ပေါက်ပိတ်လျက်ရှိသော ဦးညွန့်အောင်မှာ ရှေ့ရေးနောက်ရေး ချင့်တွေးပြီး ခေါင်းညိတ်လိုက်ရတော့၏။

သို့ဖြင့် နောက်ရက်သတ္တပတ်ခန့်အကြာတွင် ဦးထွန်း သိန်းက ကိုမြသိန်းကို ဝါးခယ်မရှိ ဦးညွန့်အောင်တို့အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



အလည်ခေါ်လာတော့သည်။ နဂိုကပင် ဘဝရည်မှန်းချက်ကြီးမာ ပြီး လူနေချုံကြား စိတ်နေဘုံများဖြစ်နေသူ မေကျော့ရှင်းကလည် သူဌေးကတော်ဖြစ်ရမည့်အရေးအတွက် ဖင့်နှေးနေခြင်း လုံး မရှိဘဲ မိဘများနားချသည့်အတိုင်း လိုက်နာရန်ကတိပြုခဲ့သဖြ မင်္ဂလာကိစ္စကို ချက်ချင်းစီစဉ်ကြရတော့၏။

ကိုမြသိန်းသည် မိုးကုတ်မှအစ်ကိုကြီးဦးအုန်းခိုင်နှ အစ်မ ဒေါ်မင်းစိန်တို့အား မိဘများအရာထားလျက် ရန်ကုန်သ ခေါ်ခဲ့ပြီး ရန်ကုန်မှတစ်ဆင့် ဝါးခယ်မသို့ခေါ်ကာ မင်္ဂလာပွဲက ဝါးခယ်မမှာပင် ခမ်းနားစွာကျင်းပခဲ့လေသည်။

ဦးအုန်းခိုင်နှင့် ဒေါ်မင်းစိန်တို့မှာ သူတို့ကိုယ်တိုင် အိမ်ရ တည်ထောင်ခြင်း မရှိကြသော်လည်း အငယ်ဆုံးညီမောင်ဖြစ်သ အိမ်ရာတည်ထောင်ခြင်းကို ကန့်ကွက်ခြင်းမပြုကြချေ။

"အင်း ... မေကျော့ရှင်းလေးက နာမည်နဲ့လိုက်အော လှပကျော့ရှင်းပါပေတယ်၊ ဒါကြောင့်လည်း ညီလေးမြသိန်းက စွဲစွဲမက်မက် ဖြစ်နေတာကိုး"

"မေကျော့ရှင်းလေးလှတာကတော့ အမှန်ပါပဲ၊ ဒါပေ ... အဆင်းရှိသလို အချင်းလည်းရှိဖို့တော့လိုမယ်နော်၊ ဒါ





မောင်လေးမြသိန်းရဲ့ ဘဝရှေ့ရေးအတွက်စိတ်အေးရမှာ"

မည်သို့ဖြစ်စေ စိုင်ကော်လို့ ချုပေါ်ရောက်သည်ပဲဆိုဆို မေကျော့ရှင်းမှာ ချက်ချင်းလက်ငင်းမှာပင် ကျောက်တွင်းသူဌေး ကတော်လေးဖြစ်သွားခဲ့ရပါတော့၏။

*

မေကျော့ရှင်းသည် ကိုမြသိန်းနှင့်လက်ထပ်ပြီးနောက် မိုးကုတ်သို့ လိုက်ပါခဲ့သော်လည်း မိုးကုတ်မြို့လယ်ပိုင်းရှိ အတိ သုခမိသားစုံအိမ်ကြီးတွင် မနေလိုဟု ဆိုသဖြင့် မိုးကုတ်မြို့စွန်ရှိ တစ်ထပ်တိုက်ပုလေးကို ဝယ်ကာ လင်မယားနှစ်ယောက် နေကြ လေသည်။

ယင်းသို့ နေထိုင်လာခဲ့ကြရာမှ တစ်နှစ်ကျော်ကျော်ခန့် အကြာတွင် သားလေးတာတီး(ခ)စိုးဝင်းကို မွေးဖွားလာခဲ့ရာ ဘကြီးဖြစ်သူ ဦးအုန်းခိုင်နှင့် ကြီးတော်ဖြစ်သူ ဒေါ်မင်းစိန်တို့က တူကလေးတာတီးကို လွန်စွာချစ်ကြသဖြင့် တာတီးသုံးနှစ်သားခန့်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှစပြီး အတိသုခမိသားစုစံအိမ်ကြီးမှာပင် ခေါ်ထားကြလေ၏။

တစ်သားမွေး တစ်သွေးလှခဲ့သည့် မေကျော့ရှင်းသည် နောက်ထပ် သားသမီးလည်း မရတော့ရာ လွတ်လွတ်လပ်လပ် နေလိုသော သဘောရှိသူဖြစ်သည့်အတိုင်း မိုးကုတ်မြို့ပေါ်ရှိ လူကုံထံအသိုင်းအဝိုင်းကြားတွင် ကျင်းပသော မွေးနေ့ညစာခံပွဲများ၊ ပါတီပွဲများကို မလွတ်စတမ်း တက်ရောက်လေ့ရှိလာလေသည်။

တွင်းစားသူဌေးကတော်များ၊ နိုင်ငံခြားကျောက်မျက်ကုမ္ပဏီတို့မှ ဘိုကတော်များ၊ အရာရှိကတော်များနှင့် အကြောင်းအပေါင်းသင့်ကာ ဆိုရှယ်ကျလာပြီး လှပချောမောသူ အဖိုးတန်လက်ဝတ်ရတနာများ ဆင်မြန်းနိုင်သူ မေကျော့ရှင်းမှာ လူကုံထံအသိုင်းအဝိုင်းတို့ကြားတွင် ပေါ်ပြူလာဖြစ်ကာ ထင်ရှားလာတော့၏။

ထိုရောအခါ ဘီလူးစည်း၊ လူ့စည်းမစောင့်သူ မြာသမားအချို့က မေကျော့ရှင်းအနီးသို့ ချဉ်းကပ်ကာ ပရောပရည် လုပ်လာကြတော့သည်။

မေကျော့ရှင်းကလည်း လူကုံထံအသိုင်းအဝိုင်းမှ ပုရိသ





ယောက်ျားသားတို့၏ အရေးတယူ ဆက်ဆံခြင်းကို သဘောအကျကြီးကျလျက်ရှိပြီး အပျိုဘဝကထက်ပင် စန်းပွင့်နေသောသူမ၏အဖြစ်ကို သဘောတွေ့ မနောခွေ့လျက် ရှိပါတော့၏။

မေကျော့ရှင်း မူလဗီဇမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စား စရိုက်ရှိသူဖြစ်ပြီး သူဌေးကတော်လေးဘဝရောက်လာသည့်တွင် သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းကာ အိမ်ထောင့်တာဝန်ကိုလည်း ကျေပွန်ခြင်းမရှိချေ။ မူလက အိမ်ဖော်ကောင်မလေးများ ခေါ်ထားသော်လည်း သူမ၏ မောက်မာသောဆက်ဆံရေးကြောင့် အိမ်ဖော်မမြဲချေ။

ကိုမြသိန်းအား လက်ထပ်ခဲ့သည်မှာလည်း တကယ့်မေတ္တာစစ်ဖြင့် ချစ်၍ လက်ထပ်ခဲ့ခြင်းမဟုတ်ဘဲ စည်းစိမ်ဥစ္စာကို မက်သောကြောင့် လက်ထပ်ခဲ့ခြင်းဖြစ်ရာ စစ်မှန်သောမေတ္တာမရှိသည့် သူမ၏ရင်ဝယ် သစ္စာသည်လည်း ခိုင်မြဲရန်အကြောင်းမရှိချေ။ သို့ကြောင့် တစ်နေ့သောအခါတွင်မူ မေတ္တာပန္နက်မခိုင်သဖြင့် သစ္စာမဏ္ဍိုင်ယိုင်လဲရန် အကြောင်းက ဖန်လာပါတော့၏။

မေကျော့ရှင်း၏ဘဝတွင် ဥစ္စာဓန လိုသမျှပြည့်စုံပြီး



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ယစ်မူးခွင့်ရလာသော်လည်း တစ်စုံတစ်ရာ လိုအင်ကမှု ပြည့်စုံခြင်း မရှိခဲ့ချေ။ ထိုအရာကို အချစ်ဟု သူမက ယူဆသည်။

သူမထက် အသက်ဆယ်နှစ်ကျော်ကြီးပြီး ဇနီးမယားကို ကြင်နာယုယဖို့ထက် ငွေကိုသာပုံပေးတတ်သူ လူရိုးလူအေးကြီး ကိုမြသိန်းအပေါ် အိမ်ထောင်သက်ကြာလာသည်နှင့်အမျှ ငြီးငွေ့ စပြုလာခဲ့၏။

သူမအနေဖြင့် ခင်ပွန်းဖြစ်သူ ကိုမြသိန်းအား နဂိုက တည်းက ချစ်ခင်စွဲမက်သောကြောင့် လက်ထပ်ခဲ့ခြင်းမဟုတ်ရ ကား ပြည့်စုံကုံလုံသည့်ဘဝတွင် သူမအတွက် တစ်ခုတည်းသော လိုအပ်ချက်ဖြစ်သည့် အချစ်ကို ကိုမြသိန်းထံမှ မရနိုင်ဟု စိတ် ဝယ်ထင်လာခဲ့၏။

သည်တော့ သူမ၏ရင်ဝယ် အချစ်သစ်တို့တည်းမဟုတ်၊ အချစ်စစ်ကို ရှာဖွေလိုသောဆန္ဒတို့ တစ်နေ့တခြား ပေါက်ဖွား လာတော့သည်

ယင်းသို့လျှင် ခင်ပွန်းသည်အပေါ် သစ္စာစောင့်သိမှု အား နည်းသည့် မေကျော့ရှင်းအနီးသို့ ချဉ်းကပ်လာသူမှာ ဒုတ် (ခ) သောင်းမြင့်ဆိုသော အာမခံကိုယ်စားလှယ်တစ်ဦးပင် ဖြစ်ပါ၏။





ဒုတ် (ခ) သောင်းမြင့်သည် အာမခံကိုယ်စားလှယ်တစ်ဦး ဗီဒီ အပြောကောင်းလှသူဖြစ်ပြီး ရုပ်ရည်ကလည်း ဖြူဖြူချော ချော၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးတောင့်တောင့်နှင့် မိန်းမကြိုက် ရုပ်ရည်မျိုးရှိသူ ဖြစ်လေသည်။

ပါတီပွဲတစ်ခုတွင် ဆုံမိကြရာမှ သောင်းမြင့်က သူ့ဒွေး ကတော်လေး မေကျော့ရှင်းကို သဘောကျသွားပြီး သူနှင့် တွဲက ရန်တောင်းဆိုခဲ့လေသည်။ မေကျော့ရှင်းကလည်း သောင်းမြင့်ကို မြင်မြင်ချင်း သဘောကျသွားပြီး တွဲကရန် သဘောတူခဲ့လေ၏။

သို့ဖြင့် ထိုနေ့ညက တစ်ညလုံးလိုလို တွဲကကြ၊ အရက် အတူသောက်ကြဖြင့် မိုးမမြင် လေမမြင် ပျော်ခဲ့ကြရာမှ ထိုတစ် ညတည်းနှင့်ပင် တစ်ဦးကိုတစ်ဦး စွဲမက်ငြိတွယ်မိခဲ့ကြတော့သည်။

သောင်းမြင့်လိုပင် မေကျော့ရှင်းကို တမ်းတမ်းစွဲ နှစ် သက်သဘောကျနေသူ နောက်တစ်ဦးရှိသေးရာ ထိုသူမှာ ရာဇဝတ်အုပ် ဦးအေးကြူပင် ဖြစ်ပါ၏။

ရာဇဝတ်အုပ် ဦးအေးကြူမှာ မိုးကုတ်ပုလိပ်ဌာနသို့ ပြောင်းရွှေ့ရောက်ရှိလာသည်မှာ ခြောက်လခန့်သာရှိသေးသော် လည်း ရက်စက်ကြမ်းကြုတ်သူ၊ လူတကာအပေါ် အာဏာပြတတ်



www.burmeseclassic.com

www.burmeseclassic.com



သူအဖြစ် ဂုဏ်သတင်းကျော်စောသူဖြစ်၏။

သူသည် အရက်ချိုးတစ်ဦးဖြစ်ပြီး မုဆိုးဖိုတစ်ဦးလည်းဖြစ်ကာ လာဘ်စားတတ်သူအဖြစ်လည်း ထင်ရှားလေသည်။

ရုပ်ဆိုးသလောက် အကျင့်စရိုက်ဆိုးသူ ရာဇဝတ်အုပ် ဦးအေးကြူကို ကွယ်ရာ၌ လူအများက လူ့ဘီလူးကြီးအဖြစ် တင်စားကြ၏။

ထိုလူ့ဘီလူးကြီးကလည်း မေကျော့ရှင်းတည်းဟူသော ယမင်းအလှကို ရွှေသဘောတော်ကျလျက်ရှိတော့သည်။

တစ်ခုသောပါတီပွဲကျင်းပသည့် ညတစ်ညတွင် မေကျော့ရှင်း၊ သောင်းမြင့်နှင့်ဦးအေးကြူတို့ ဆုံစည်းခဲ့ကြသည်။

ထိုညက ပါတီပွဲသို့ ဦးစွာရောက်ရှိခဲ့သည့် မေကျော့ရှင်းသည် စားပွဲလွတ်တစ်ပုံးတွင် တစ်ယောက်တည်း ထိုင်နေပြီး ဓာတ်စက်မှထွက်လာနေသည့် အနောက်တိုင်းတေးသွား၏ သံစဉ်အလိုက် ငြိမ့်ငြိမ့်ညောင်းညောင်း ကနေကြသော စုံတွဲတို့ကို ငေးကြည့်နေခဲ့လေသည်။

သူမ၏ ပါတနာသောင်းမြင့် ရောက်မလာသေးသဖြင့် စောင့်မျှော်နေမိခဲ့ခြင်းလည်း ဖြစ်၏။





ထိုစဉ် အခြားစားပွဲတစ်ခု၌ ထိုင်နေသည့် ဦးအေးကြူက လက်ထဲမှ ယမကာခွက်ကိုမော့လိုက်ပြီးနောက် ထိုင်ရာမှထကာ မေကျော့ရှင်းရှိရာစားပွဲသို့ ခပ်ယိုင်ယိုင်ဖြင့် လျှောက်လှမ်းလာခဲ့လေသည်။

"မေ ... ကိုယ်နဲ့ သီချင်းတစ်ပုဒ်လောက် တွဲကရအောင်လား"

ပြုံတီတီမျက်နှာပေးဖြင့် သူနှင့်အတူ တွဲကရန် တောင်းဆိုလာသည့် ဦးအေးကြူကို ခေါင်းခါပြလိုက်ပြီး ...

"မေ ... ခေါင်းမူးနေလို့ မကနိုင်ပါဘူးရှင်၊ ဆောရီးပါ"

ဟုပြောကာ မျက်နှာကို တစ်ဖက်သို့ လှည့်နေလိုက်၏။

ဦးအေးကြူက သူမကိုချဉ်းကပ်ရန် အမျိုးမျိုးကြိုးစားလေ့ရှိရာ မေကျော့ရှင်းက အသားမည်းမည်း ဗိုက်ရွဲရွဲနှင့် မျက်နှာက ထာဝရအဆီပြန်ရသည့် အနီရာဇဝတ်အုပ်ကြီးကို မသတီလှသဖြင့် ခါထုတ်ခဲ့စမြဲပင်။

ဦးအေးကြူအား အပြတ်ငြင်းလိုက်စဉ်မှာပင် ပါတီပွဲအတွင်းသို့ရောက်ရှိလာသူက ဒုတ် (ခ) သောင်းမြင့်ပင် ဖြစ်ပါ၏။

"မေ ... ရောက်နေတာကြာပြီလား၊ ကိုယ်နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားတယ်ကွာ''

သောင်းမြင့်က ပြုံးလျက်ပြောကာ လှမ်းလျှောက်လာရာ မကျော့ရှင်းက ထိုင်ရာမှထလိုက်ပြီး ...

''ဒီမှာ သူနဲ့ တွဲကချင်လို့ စောင့်နေတာကြာပြီ သိရဲ့လား''

ဟု ဟန်မူပိုပိုလေးဖြင့် ပြုံးကာပြောလိုက်ပြီး ဦးအေးကြူကို သရော်ပြုံးဖြင့် ကြည့်လိုက်လျက် သောင်းမြင့်နှင့် လက်ချင်းချိတ်ကာ နီယွန်မီးရောင်စုံအောက်သို့ ကြော့ကြော့မော့မော့ လေးလှမ်းသွားလိုက်လေ၏။

မကျော့ရှင်း၏ သူ့ကိုချိုးလိုက်သည့် အပြုအမူကြောင့် ရင်ထဲတွင် မခံချိမခံသာဖြင့် ဒေါသအိုးပေါက်ကွဲကာ အရှက်ရသွားသူက ဦးအေးကြူပဲ ဖြစ်ပါသည်။

''တောက် ... ကောင်မက ငါ့ကို သက်သက်ချိုးသွားတာပဲ၊ ဟင်း ... သင်းရဲ့အကြောင်းကို မသိရင်ခက်မယ်၊ မိသားစု ဘဝပျက်မလို ဖြစ်နေရာက သူဌေးလေးမြသိန်းကို ကောက်ယူပြီး စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတဲ့ဟာမ၊ အခုလည်း လင်ကိုပစ်ထားပြီး ပါတီတကာတက်၊ ကြာကူရီ သောင်းမြင့်နဲ့ တွဲခုတ်နေတဲ့ကောင်မ၊ သင်း .. တစ်နေ့ အေးကြူရဲ့အကြောင်း ကောင်းကောင်းကြီးသိစေရမယ်၊ သိစေရမယ်''

ဦးအေးကြူကား စိတ်ထဲမှ ကြိမ်းဝါးရင်း ပါတီပွဲအတွင်းမှ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်ခွာသွားပါတော့သတည်း။

*

ရာဇဝတ်အုပ် ဦးအေးကြူသည် ကိုလိုနီခေတ်ပုလိပ်ဉာဏ်အပြည့်ရှိသူဖြစ်သည့်အတိုင်း မကျော့ရှင်းကို ကလဲ့စားချေပြန်ချိုးနိုင်ရန် အကွက်ချောင်းလျက်ရှိကာ သူမ၏လှုပ်ရှားမှုတို့ကို တစေ့တစောင်းဖြင့် မပြတ်တမ်း ထောက်လှမ်းလျက်ရှိလေတော့သည်။

ယင်းသို့ ထောက်လှမ်းစုံစမ်းရင်း မကျော့ရှင်းသည် သူမ၏ယောက်ျား ကိုမြသိန်း ခရီးထွက်သည့်အခါတို့တွင် သောင်းမြင့်နှင့် သူမတို့၏ နေအိမ်တိုက်ပုလေးမှာပင် ချိန်းတွေ့လေ့ရှိကြောင်း သိရှိသွားတော့၏။







www.burmeseclassic.com

www.burmeseclassic.com



ကိုမြသိန်းတစ်ယောက် အလုပ်ကိစ္စဖြင့် မိုးမိတ်၊ မိုင်းလုံ တို့သို့ ညအိပ်ညနေ ခရီးသွားရသည့်အခါများတွင် ဖြစ်စေ၊ ခရီးမထွက်သည့်တိုင် ကျောက်တွင်းလုပ်ငန်းခွင်တို့သို့ တစ်နေကုန် သွားရောက်ရသည့်အခါ၌ ဖြစ်စေ ကြာကူလီမနှင့် ကြာကူလီကောင်တို့ ချိန်းချိန်းတွေ့ကြသည်ကို ဦးအေးကြူ ထောက်လှမ်းသိရှိသွားတော့၏။

သို့ဖြင့် တစ်နေ့သောအခါတွင် ကိုမြသိန်းမြင်းစီးကာ ကျောက်တွင်းများရှိရာဘက်သို့ ထွက်သွားသည်ကို မြင်လိုက်သည်နှင့် ဦးအေးကြူသည် မြို့စွန်ရှိ မေကျော့ရှင်းတို့၏ အိမ်အနီးသို့ သွားပြီး ခြံစပ်မှ နဘူးချုံကြီးကိုကွယ်ကာ သောင်းမြင့်အလာကို စောင့်ကြည့်နေလေသည်။

ခဏအကြာမှာပင် သောင်းမြင့်သည် မြင်းလှည်းတစ်စီးဖြင့် ရောက်လာပြီး မြင်းလှည်းကို မေကျော့ရှင်းတို့ ခြံနှင့် နှစ်ခြံကျော်၌ ရပ်စေကာ မြင်းလှည်းထွက်သွားမှ ကုပ်ကုပ် ကုပ်ကုပ်ဖြင့် ပြန်ရောက်လာလျက် ဘေးဘီသို့ အကဲခတ်ကြည့်ပြီးလျှင် မေကျော့ရှင်းတို့၏ခြံထဲ ခပ်သုတ်သုတ် ဝင်ခဲ့လေ၏။

သူက ပိတ်ထားသောတံခါးချပ်ကို နှစ်ချက် နှစ်ခါခေါက်လိုက်သည်နှင့် တံခါးရွက်ပွင့်လာရာ အတွင်းသို့လျင်မြန်စွာဝင်သွားပြီး တံခါးလည်းပြန်ပိတ်သွားတော့သည်။

ဦးအေးကြူက သောင်းမြင့်၏လှုပ်ရှားမှုကို စောင့်ကြည့်နေပြီး ခြံနံဘေးချုံအကွယ်၌ အံတကြိတ်ကြိတ်ဖြင့် မနာလိုတိုရှည် ဖြစ်နေမိလေ၏။

"ဟင်း ဟင်း ... လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက် နှေးရပေမပေါ့၊ ဟိုခွေးမသားလေးက လည်း ကြာလိုက်တာ"

တစ်နာရီခန့်ကြာသည့်အခါမှာမူ တိုက်ပုလေး၏အိမ်ရှေ့ တံခါးချပ်ပွင့်လာပြီး တံခါးကြားမှ ဦးစွာ မေကျော့ရှင်း၏ ခေါင်း ထွက်လာကာ ဟိုကြည့် သည်ကြည့် လုပ်သည်ကို တွေ့ရလေ၏။

ထို့နောက် မေကျော့ရှင်း၏ ခေါင်း တံခါးကြားထဲ ပြန်ဝင်သွားပြီး သောင်းမြင့်က အိမ်ထဲမှထွက်လာကာ ခြံပြင်သို့ ခပ်သုတ်သုတ် ထွက်သွားသည်ကို တွေ့ရလေသည်။

အိမ်တံခါးပြန်ပိတ်ပြီး ခဏအတွင်းမှာပင် ဦးအေးကြူသည် ချုံကွယ်မှထွက်ခဲ့ကာ တိုက်ပုလေး၏ အိမ်ရှေ့တံခါးကို နှစ်ချက် နှစ်ခါခေါက်လိုက်တော့၏။







www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက်'

'ဒေါက် ဒေါက်'

"ဟင် မောင် ... ဘာဖြစ်လို့ ချက်ချင်းပြန်လာရသလဲ ကွယ်"

ဟူသော ချွဲချွဲနွဲ့နွဲ့အသံနှင့်အတူ ချက်ဖြုတ်သံကြားရပြီး တံခါးဟဟ ပွင့်သွားကာ တံခါးဝဝယ် ထဘီရင်ရှားနှင့် မေကျော့ရှင်း ပေါ်လာတော့၏။

"အို"

မေကျော့ရှင်းမှာ သောင်းမြင့်မှတ်ပြီး တံခါးဖွင့်ပေးလိုက်ရာမှ မမျှော်လင့်ဘဲ ဦးအေးကြူကိုတွေ့ရသည့်တွင် လန့်ဖျပ်သွားကာ တံခါးရွက်ကို ပြန်ပိတ်ရန် ကြိုးစားတော့သည်။

သို့သော် လူပါးကြီးဦးအေးကြူက တံခါးရွက်ကို ခြေထောက်ထိုးခံလိုက်ပြီး ...

"ဟဲ ဟဲ ဟဲ ... နင့်လင်ငယ် သောင်းမြင့် မဟုတ်လို့ ငါ့ကို အိမ်ထဲ ပေးမဝင်တာလား၊ ဘာရမလဲ ... ဟဲ ဟဲ ဟဲ"

ဟု ရယ်သွမ်းသွေးကာ တံခါးရွက်ကို ဆောင့်တွန်းဖွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်တော့၏။





"ရှင် ... ရှင် ... ဘာလာလုပ်တာလဲ"

"မင်း မျောက်မ ထားတဲ့ဇာတ်လမ်းကို အတိအကျ သိရအောင်လာတာလေ"

"ဘာ"

"မဘာနဲ့ မချော၊ စောစောကပဲ သောင်းမြင့်ဆိုတဲ့ကောင် မင်းနဲ့ နှစ်ပါးကြည်ပြီး ဒီအိမ်ထဲက ထွက်သွားတာ တွေ့ရှိလိုက်ပြီးသား၊ မင်း ဘာငြင်းဦးမလဲ၊ အဲဒီအကြောင်းတွေ ဦးအုန်းခိုင်–ဒေါ်မင်းစိန်ကိုရော မင်းရဲ့ယောက်ျား မြသိန်းကိုရော ပြောလိုက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ"

"အို"

"ငါက မြသိန်းကို မယားခိုးမှုနဲ့ ဌာနမှာ အမှုဖွင့်ခိုင်းမယ်၊ ပြီးရင် ... နင့်ရဲ့လင်ငယ် သောင်းမြင့်ကိုဖမ်းပြီး အချုပ်ထဲမှာ ကောင်းကောင်းကြီး နှိပ်စက်ပြမယ်ကွ ... သိလား၊ နင့်ရဲ့အကောင် ငါ့ရဲ့လက်ခုပ်ထဲရောက်လို့ကတော့ မစားသာဘူးသာမှတ်၊ အေးကြူတဲ့ ... တစ်ကြူတည်းရှိတယ်"

ရာဇဝတ်အုပ် ဦးအေးကြူ လက်သံပြောင်လှကြောင်းကို ကြားသိပြီးဖြစ်သည့် မေကျော့ရှင်းမှာ ခြေမကိုင်မိ လက်မကိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ မျက်နှာ၌လည်း သွေးဆုတ်သွားလျက် ဖြူဖပ်ဖြူရော် ဖြစ်သွားတော့၏။

"အို ... အဲ ... အဲဒီလိုတော့ မလုပ်ပါနဲ့ရှင်"

"ဟဲ ဟဲ ဟဲ ... အဲဒီလိုမလုပ်စေချင်ရင် မင်းတို့ရဲ့ အမှောင်ဖာတ်လမ်းကို သူ မသိစေချင်ရင် ငါ့ကို နှုတ်ပိတ်ခ အဖြစ် မင်းရဲ့ခန္ဓာကိုယ်ကို ပေးရလိမ့်မယ် ... ဟဲ ဟဲ ဟဲ"

"ရှင်"

"ဟဲ ဟဲ ဟဲ ... လိုက်လျောနိုင်မလား၊ မလိုက်လျော နိုင်ဘူးလားဆိုတာကို ဆုံးဖြတ်ပေတော့"

ရက်စက်ရာမှာ နာမည်ကြီးလှသည့် ဦးအေးကြူသည် ပြောသည့်အတိုင်း တကယ်လုပ်မည်ဖြစ်ကြောင်း မေကျော့ရှင်း သိသည်။

သည်တော့လည်း မေကျော့ရှင်းမှာ ဦးအေးကြူ၏ တောင်းဆိုချက်ကို မငြင်းပယ်ဝံ့တော့ဘဲ အောင့်သက်သက်ဖြင့် လိုက်လျောလိုက်ရပါတော့၏။

*





ယင်းသို့ဖြင့် မေကျော့ရှင်းမှာ လင်ယောက်ျား၏ကွယ်ရာ တွင် သောင်းမြင့်နှင့် ဦးအေးကြူတို့အား လက်ခံတွေ့ဆုံနေရရာ သောင်းမြင့်ကိုမူ သူမကိုယ်တိုင် ချစ်ခင်စွဲမက်နေသဖြင့် ကြည်ဖြူ စွာ လက်ခံတွေ့ဆုံသော်လည်း၊ ဘီလူးသရဲနှင့်တူသည့် ဦးအေး ကြူကိုမူ စက်ဆုပ်ရွံရှာလှစွာဖြင့် မလွှဲမရှောင်သာ၍စွာ လက်ခံတွေ့ ဆုံနေရခြင်းဖြစ်ပေ၏။

ဦးအေးကြူမှာ ပုလိပ်ရာဇဝတ်အုပ်ပီပီ နေရာတကာ၌ ဩဇာအာဏာသုံးကာ ဗိုလ်ကျလိုသော စိတ်ရင်းရှိသူဖြစ်ရကား မေကျော့ရှင်းနှင့်အနေကြာလာသည့်တွင် တစ်ဆင့်တက် တောင်း ဆိုခြင်း ပြုလာတော့၏။

"ဒီမှာ မေ ... ကျုပ်တို့ယောက်ျားသားဆိုတာက ကိုယ် ကသာ မိန်းမ ဘယ်နှစ်ယောက်ကိုချစ်ရ ချစ်ရ ချစ်ချင်ပေမယ့် ကိုယ်ချစ်တဲ့မိန်းမကိုတော့ တစ်ပါးယောက်ျားနဲ့ မကြည်ဖြူချင်ဘူး ကွဲ၊ ဒါကြောင့် ... မြသိန်းကတော့ မင်းရဲ့လင်ကြီးမို့ ထားလိုက် ပါတော့၊ ဟို သောင်းမြင့်ဆိုတဲ့ကောင်ကိုတော့ ဒီနေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အနားကို အကပ်မခံစေချင်ဘူး၊ အဲဒီကောင်နဲ့အဆက်ဖြတ်ပါ၊ အဲဒီကောင်နဲ့မင်း ဆက်ဆံမြဲ ဆက်ဆံတာကိုသိရင် ငါ မြသိန်းတို့မိသားစုကို အားလုံးဖွင့်ချရမှာပဲ''

မေကျော့ရှင်းမှာ ဦးအေးကြူ၏ မတရားအကြပ်ကိုင်မှုကို မနှစ်မြို့သော်လည်း ကျားသနားမှ နွားချမ်းသာရမည့်ဘဝပေမို့ ဦးအေးကြူကို မဆန့်ကျင်ဝံ့ဘဲ သောင်းမြင့်နှင့် အဆက်ဖြတ်ပါတော့မည်ဟု ဝန်ခံကတိပြုလိုက်ရတော့၏။

ထို့ကြောင့်လည်း မေကျော့ရှင်းမှာ သောင်းမြင့်ကို ဦးအေးကြူနှင့်မဆုံမိအောင် အချိန်ဆွဲချိန်းနေရတော့သည်။

သူမအနေဖြင့် သောင်းမြင့်နှင့် တွေ့ရမည့်အရေး ခင်ပွန်းဖြစ်သူ ကိုမြသိန်းသိမှာလည်း စိုးရိမ်ရ၊ ဦးအေးကြူ သိမှာလည်း စိုးရိမ်ရဖြင့် ကျိုးလန့်စာစား ဖြစ်နေတော့၏။

*

တစ်နေ့သောအခါတွင်မူ ကျောက်တူးသမားအသစ် ခေါ်





ယူရန်ကိစ္စအတွက် ကိုမြသိန်းသည် မိုင်းစက်သို့ ညအိပ်ညနေ ခရီးထွက်သွားရတော့၏။

ကိုမြသိန်း ခရီးထွက်သွားကြောင်းသိသည်နှင့် သောင်းမြင့်သည် ထုံးစံအတိုင်း မြင်းလှည်းဖြင့် ရောက်လာကာ မေကျော့ရှင်းကို အငမ်းမရဖက်ပြီး

''မေရယ် ... မောင်တို့မတွေ့ရတာကြာပြီနော်၊ ကိုမြသိန်းကလည်း ခုတစ်လော ခရီးလည်းမထွက်၊ ကျောက်တွင်းလည်း မသွားတော့ မောင့်မှာ မေနဲ့တွေ့ချင်လျက် မနည်းအောင့်အည်းနေနေရတယ်ကွယ်၊ ဒီကြားထဲ ဟိုပုလိပ်စုတ်က တစ်မျိုး၊ မောင့်မှာ ရှင်ကြီးလည်းကြောက်ရ၊ ကျားလည်းကြောက်ရဆိုသလို ဖြစ်နေရတယ်၊ ခုတော့ အတိုးချပြီး ချစ်ခွင့်ရပြီပေါ့နော် ... ဟီး ဟီး ဟီး''

ဟု ကြာသမားပီပီ ပတ်ခွဲနပ်ခွဲဖြင့် ပြောလျက် မေကျော့ရှင်းအား အားပါးတရ နမ်းမည်ပြုစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

''အို ... မြင်း မြင်းခွာသံပါလား၊ ဟော ... ခြံ ... ခြံထဲဝင်လာတဲ့ အသံပဲ''



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမျှော်လင့်ဘဲ ခြံထဲသို့ဝင်လာသည့် မြင်းခွာသံကြောင့် နှစ်ဦးသား ပူးကပ်နေရာမှ အလန့်လန့်အဖျပ်ဖျပ်ဖြင့် ခွာလိုက်တော့၏။

''ကို ... ကိုကြီးမြသိန်းများ ပြန်လာသလားမသိဘူး''

မေကျော့ရှင်းက တံခါးရွက်ပျဉ်အဟကြားမှ ချောင်းကြည့်လိုက်ရာ ပိုမို၍ပင် မျက်လုံးပြူးသွားရတော့၏။

''အို ... ဦးအေးကြူကြီးပဲ၊ အဲ ... အဲဒါမှ ဒုက္ခပဲ''

သူမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသလို သောင်းမြင့်သည်လည်း ဦးအေးကြူကို ရင်မဆိုင်ဝံ့သဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရတော့သည်။

''ဟင် ... ဘယ် ... ဘယ်လိုလုပ်မလဲ မေ''

''မောင် ... ဘာ ဘာမှမစိုးရိမ်နဲ့၊ လာ လာ ... ဒီလိုက်ကာကြီးရဲ့နောက်မှာ ဝင်နေ''

မေကျော့ရှင်းက ပြတင်းပေါက်နံဘေးမှ လိုက်ကာရှည်ကြီး၏ နောက်သို့ သောင်းမြင့်ကိုတွန်းပို့လိုက်ပြီး ...

''မောင် ... တိတ်တိတ်နေနော်၊ မောင်ရှိနေတာကို ဦးအေးကြူကြီး သိသွားလို့ မဖြစ်ဘူး၊ သူသိသွားရင် ဒေါကန်ပြီး





မေတို့ရဲ့ ဇာတ်ထုပ်ကိုဖော်မှာ၊ မောင့်ကိုလည်း ဖမ်းချုပ်ပြီးနှိပ်စက်မှာ၊ ဒါကြောင့် ... မောင် တိတ်တိတ်ကလေးနေနော်''

ဟု တိုးတိုးကလေးမှာနေစဉ်မှာပင် တံခါးခေါက်သံ ခပ်ပြင်းပြင်း ထွက်ပေါ်လာပါတော့၏။

'ဒေါက် ဒေါက် ဒေါက်'

မေကျော့ရှင်းမှာ မလွှဲမရှောင်သာတော့ဘဲ တံခါးဖွင့်ပေးလိုက်ရတော့၏။ တံခါးဝတွင် ပုလိပ်ယူနီဖောင်းအပြည့်အစုံဖြင့် ကားကားကြီးရပ်နေသည့် ရာဇဝတ်အုပ် ဦးအေးကြူက ပြုံးဖြဲဖြဲ မျက်နှာဖြင့် မေကျော့ရှင်းကိုကြည့်ရင်း အိမ်ထဲသို့ လှမ်းဝင်လာတော့သည်။

''ကျုပ် ဌာနကပြန်လာတော့ မင်းရဲ့လင်ကြီး မြသိန်း မြင်းတစ်စီးနဲ့ မိုင်းစက်ဘက်ထွက်သွားတာ တွေ့လိုက်ရလို့ အချစ်ကလေးဆီ လာခဲ့တာပဲ ... ဟဲ ဟဲ ဟဲ''

ဦးအေးကြူက အောက်ကလိအသံကြီးဖြင့် ပြောကာ မေကျော့ရှင်း၏ ခါးသိမ်သိမ်လေးကို ပိုင်စိုးပိုင်နင်း ဖက်လိုက်တော့၏။

''အို အို အို ... အချစ်ကလေးက ဘာဖြစ်လို့ ရှန်းတာ



www.burmeseclassic.com

www.burmeseclassic.com



လဲကွယ်၊ ကိုကြီးမှာ အချစ်ကလေးနဲ့ မတွေ့ရတာကြာလို့ လွမ်းနေတာကွဲ့၊ ခုလို အချစ်ကလေးနဲ့ တွေ့ရမှာပဲ နှင်းဆမ်းတဲ့ ပန်းလို လန်းရတဲ့ကိုကြီးပါကွယ် ... ဟဲ ဟဲ ဟဲ''

လိုက်ကာကြီးနောက်မှာ ပုန်းနေရသည့် သောင်းမြင့်အဖို့ ဦးအေးကြူ၏ စကားသံတို့မှာ နားထဲသံရည်ပူလောင်းသည့်နှယ် အခံရခက်လွန်းနေတော့၏။

''တောက် ... မသာကြီး၊ သူ့နီးလက်က သူ့ဝက်လုပြီး အသားယူနေလိုက်တာ ... ဟင်း ဟင်း၊ သင်းရဲ့ပါးချိတ်ကို ပြေးထိုးလိုက်ချင်ပါဘိ''

''အချစ်ကလေးကလည်းကွယ် ကိုကြီးနမ်းပါရစေ ... ဟဲ ဟဲ ဟဲ''

'ရွှတ် ရွှတ် ရွှတ်'

ဦးအေးကြူ၏ အတင်းအဓမ္မ နမ်းရှိုက်သံကိုကြားရလေလျှင် သောင်းမြင့်မှာ သူ၏ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘဲ ခိုးရာပါ ပစ္စည်းဖြစ်နေသော်လည်း သဝန်တိုခြင်းပြင်းစွာဖြစ်ကာ ရင်ထဲတွင် ဆွေ့ဆွေ့ခုန်လျက် ရှိနေတော့၏။

''ကွယ် အချစ်ကလေး အသည်းဘူးလေးကလည်းကွယ်





မင်းရဲ့လင်ကြီးမရှိတုန်း အားရပါးရကြီး ကိုကြီးကို ချစ်ပါရစေကွယ် ... ဟီး ဟီး ဟီး''

ဦးအေးကြူက တဟားဟားဂ ဆူပွက်သံကြီးဖြင့် ပြောရင်း တစ်ဆင့်တက်ရန် ကြိုးစားလိုက်စဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

ခြံထဲသို့ ချိုးကွေ့ဝင်လာသော မြင်းခွာသံကို မမျှော်လင့်ဘဲ ကြားလိုက်ရရာ ဦးအေးကြူရော မကျော့ရှင်းပါ မျက်လုံးပြူးသွားရသည့်အပြင် သောင်းမြင့်မှာလည်း ခေါင်းမွေးများ ထောင်ထသွားရတော့၏။

''အို ... ဒုက္ခပါပဲ၊ အဲ ... အဲဒါ ကိုကြီးမြသိန်းရဲ့ မြင်းခွာသံ၊ ကျွန် ... ကျွန်မ ကောင်းကောင်းသိတယ်''

''ဟိုက် ... ဒုက္ခပဲ၊ အဲဒီလူ ယမ်းတစ်ဝက်က ပြန်လှည့်လာတယ်ထင်တယ်၊ လုပ်ပါဦး ... လုပ်ပါဦး၊ ကျုပ်ကို မင်းနဲ့ အတူ တွေ့သွားရင် မယားခိုးမှုနဲ့ တရားစွဲခံရတော့မှာပဲ၊ ဒါဖို ... အလုပ်ပြုတ်ပြီး ထောင်နန်းပါစံရမှာ၊ ဘယ် ... ဘယ်လို လုပ်ရပါ့မလဲ၊ လုပ်ပါဦး ... လုပ်ပါဦး မေရယ် ကယ်ပါဦး''

ဟု မီးယပ်ကျိုးတုံးပိသည့်အသံဖြင့် ပြောကာ ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



အုပ် ဦးအေးကြူမှာ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဖောချွေးများ ပြန်လျက် လူတစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေတော့၏။ သောင်းမြင့်မှာလည်း သည်တစ်ခါဖြင့် ချောင်ပိတ်မိပြီဟု တွေးမိကာ ခြေဖျား လက်ဖျားများ အေးစက်ကာ ဆောက်တည် ရာမရအောင် တုန်လှုပ်ချောက်ချားသွားတော့၏။

ဤတွင် မေကျော့ရှင်းသည် မိန်းမလည်တစ်ဦးပီပီ မိန်းမတို့၏ တခ်ဏုပ္ပတ္တိဉာဏ်ဖြင့် ယင်းပြဿနာကြီးကို ဖြေရှင်းရန် လျှပ်တစ်ပြက်အကြံ ပေါ်သွားတော့၏။

သို့ဖြင့် သူမက ဦးအေးကြူကို ညွှန်ကြားမှုပြုတော့သည်။

"ဒီမှာ ကိုကြီးအေးကြူ ... ဘာမှ ပူစိုးရိမ်နဲ့၊ မေပြောသလိုသာလုပ်၊ ခြောက်လူးပြူးကို ဘယ်လက်ကကိုင်၊ နံပါတ်တုတ်ကို ညာလက်ကကိုင်ပြီး အိမ်ထဲကနေ ဝုန်းခနဲ ခုန်ထွက်လိုက်၊ ပြီးရင် ဒေါသတကြီးပုံစံနဲ့ တောက် ... ဒီကောင် ဒီဘက်ကိုထွက်ပြေးသွားတာ တွေ့လိုက်လို့ မြင်းနဲ့လိုက်တာတောင် ဒီအိမ်နားကျမှ ပျောက်ခြင်းမလှ ပျောက်သွားတယ်၊ အဲဒီ ရာဇဝတ်ကောင်ကို တွေ့လို့ကတော့ ပေါင်ကို သေနတ်နဲ့ပစ်ချိုးပြီး နံပါတ်တုတ်နဲ့ကို အသေဆော်မယ်မှတ်လို့ ကြိမ်းဝါးပြောပြီး မြင်းနဲ့





ဒုန်းစိုင်းထွက်သွားပေတော့"

မေကျော့ရှင်း၏ အကြံပေးစကားကို ကြားရလေလျှင် ဦးအေးကြူမှာ ပုလိပ်အရာရှိတစ်ဦးပီပီ ဉာဏ်သွားရကာ တစ်ထွာပြသည်နှင့် တစ်တောင်မြင်သွားပါတော့၏။

"ဟာ ... ဟုတ်ပြီ၊ အဲဒီအကြံ ကောင်းတယ်၊ အဲဒီအကြံအတိုင်း လုပ်မယ်"

ဟုပြောကာ ခါးတွင်ချိတ်ထားသည့် ခြောက်လုံးပြူးနှင့် နံပါတ်တုတ်တို့ကို ဆွဲထုတ်လိုက်ပါတော့၏။

အလုပ်ကိစ္စအတွက် ရှင်းရန် ငွေ အိမ်မှာကျန်ရစ်ခဲ့သဖြင့် လမ်းတစ်ဝက်မ ပြန်လှည့်လာရသည့် ကိုမြသိန်းမှာ မိမိတို့၏ ခြံဝင်းထဲသို့ ရောက်သည်တွင် ပေါ်တီကိုအောက်၌ မြင်းတစ်စီးကို တွေ့ရရာ စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားရ‌ေတော့၏။

"ဟင် ... ငါမရှိတုန်း ဘယ်သူများ ရောက်နေပါလိမ့်"

သံသယဖြင့် သူ မြင်းပေါ်မှ ဆင်းလိုက်စဉ်မှာပင် အိမ်ရှေ့ တံခါးချပ်ပွင့်သွားသဖြင့် အိမ်ထဲမှ ရာဇဝင်ဝတ်အုပ်ကြီး ဦးအေးကြူ သေနတ်ကိုကိုင်မြှောက်ကာ၊ နံပါတ်တုတ်ကို ဝင့်ကာဖြင့် ခုန်ထွက်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ခွေးမသား ရာဇဝတ်သား၊ ဒီဘက်ကို ပြေးတာတွေ့လို့ မြင်းနဲ့လိုက်တာတောင် မျက်ခြည်ပြတ်သွားတယ်၊ ဒီနားမှာပဲ ပျောက်ခြင်းမလှ ပျောက်သွားတဲ့ကောင်၊ တွေ့များတွေ့လို့ကတော့ ခြေထောက်ကို သေနတ်နဲ့ပစ်ချိုးပြီး နှံပါတ်တုတ်နဲ့ အသေကိုဆော်ပစ်မယ်မှတ်"

ဟု အော်ဟစ်ကြိမ်းဝါးကာ ပေါ်တီကိုမှ တိုင်တစ်လုံးတွင် ချည်ထားသည့် မြင်းဇက်ကြိုးကို လျင်မြန်စွာဖြည်ပြီး မြင်းပေါ် တက်လျက် ခြံဝင်းထဲမှ ကဆုန်စိုင်းထွက်သွားပါတော့၏။

ကိုမြသိန်းမှာ ကြောင်ငေးကြည့်နေရာမှ သတိဝင်လာပြီး အိမ်ထဲသို့ ဝင်လာသည့်တွင် ပျာပျာသလဲအမူအရာဖြင့် ခြေမကိုင်မိ လက်မကိုင်မိ အမူအရာရှိသော ဇနီးသည် မေကျော့ရှင်ကို တွေ့ရလေ၏။

"မေ . . . ဘာဖြစ်တာလဲ"

"အို . . . ကိုကြီးမြသိန်းပါလား၊ ဘယ့်နှယ် မိုင်းစက်ကို မသွားဘူးလား၊ တော်ပါသေးရဲ့ရှင် . . . ကိုကြီးမြသိန်းပြန်လာပေလို့"

"ပိုက်ဆံကျန်လို့ ပြန်လာယူတာ၊ ဒါထက် နေပါဦး၊





စောစောက ရာဇဝတ်အုပ်ကြီး ဦးအေးကြူ ဘာဖြစ်သွားတာလဲ"

"အောင်မယ်လေး . . . မပြောချင်တော့ပါဘူး ကိုကြီးမြသိန်းရယ်၊ ဘုန်းကြီးအမှု ရွာပတ်ဆိုတာလိုပါပဲ၊ အိမ်ထဲမှာနေရင်း ထိုင်ရင်းနဲ့ အကုသိုလ်အတောင့်လိုက် လာတိုးတော့တာပါပဲ၊ အဲဒီလို ပုလိပ်တွေဘာတွေနဲ့ မပတ်သက်ချင်ပါဘူးဆိုမှ၊ အင်းလေ . . ဒါပေမဲ့ သတ္တဝါတစ်ယောက်ရဲ့အသက်ကိုတော့ ကယ်ကောင်းပါတယ် . . . နော ကိုကြီးမြသိန်းရယ်"

"နေပါဦး . . . ဘာဖြစ်လို့လဲ မေရဲ့"

"အောင်မယ်လေး ကိုကြီးမြသိန်းရယ်၊ ပြော မပြောချင်ပါဘူး၊ မေ့တစ်သက်ဖြင့် ဒီလောက် ကြောက်စရာ ထိတ်လန့်စရာကောင်းတဲ့အဖြစ်မျိုး မကြုံဖူးပါဘူး၊ စောစောကလေ လူငယ်လေးတစ်ယောက် မေတို့ခြံထဲ အူယားဖားယား ပြေးဝင်လာတယ်သိလား၊ သူ့ကို ပုလိပ်တွေက လူမှားပြီးလိုက်ဖမ်းလို့ ကယ်ပါဦးမမရယ်ဆိုပြီး အိမ်ထဲ အတင်းဝင်လာတာ၊ မြို့ထဲမှာ လူရိုက်မှုဖြစ်တော့ ရိုက်ပြီးပြေးတဲ့သူရဲ့ အင်္ကျီအရောင်နဲ့ သူဝတ်ထားတဲ့ အင်္ကျီအရောင် တူနေလို့ သူ့ကို လူမှားပြီး ပုလိပ်တွေ ဝိုင်းလိုက်လို့ ထွက်ပြေးလာရတာတဲ့ ကိုကြီးမြသိန်းရယ်၊ အရိုက်ခံရတာက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရာဇဝတ်အုပ်ကြီး ဦးအေးကြူရဲ့ တူတော်တယ်တဲ့၊ အဲဒီ
အချိန်မှာပဲ ရာဇဝတ်အုပ်ကြီးဦးအေးကြူ မြင်းနဲ့လိုက်လာတာ
တွေ့လို့ မေလည်း အပြစ်မဲ့တဲ့လူငယ်လေးတစ်ယောက်ရဲ့အသက်
ကို ကယ်ကောင်းပါတယ်လို့ တွေးပြီး ဟောဟိုလိုက်ကာကြီးရဲ့
နောက် ဝင်ပုန်းခိုင်းထားရတယ်လေ၊ ရာဇဝတ်အုပ်ကြီးဦးအေးကြူ
ကိုတော့ ဒီအိမ်ဘက် ဘယ်သူမှ မလာဘူးလို့ ပြောလိုက်ရတာ
ပေါ့''

ဟုပြောကာ လိုက်ကာကြီးကို ဆွဲဖယ်လိုက်ရာ နံရံကို
ကျောမှီလျက် ကြောင်စီစီရပ်နေသည့် သောင်းမြင့်ကို တွေ့ရ
တော့၏။

ကိုမြသိန်းမှာ သူဌေးတစ်ဦးဖြစ်သော်လည်း ပါတီပွဲများ
ပွဲသဘင် ကပွဲများကို စိတ်မဝင်စားသဖြင့် ယင်းနေရာများသို့
မသွားဖူး မရောက်ဖူးသူဖြစ်ရာ ထိုနေရာတို့၌သာ ကျင်လည်နေ
ရှိသည့် သောင်းမြင့် (ခ) ဒုတ်ကို ကောင်းစွာသတိမထားမိချေ။

''ကဲ မောင်လေး . . . ဘာမှ မစိုးရိမ်နဲ့တော့၊ မင်းကို
လူမှားပြီး ဒေါသတကြီးလိုက်ရှာနေတဲ့ ဒေါသကုမ္ဘာရ ရာဇဝတ်
အုပ်ကြီး ထွက်သွားပါပြီကွယ်၊ လာ လာ . . . ထွက်''

ခု နှစ် စဉ် ကြယ် တာ ပေ



ဟု မေကျော့ရှင်းက မှင်သေသေဖြင့် ပြောလိုက်ရာ
ချက်ဆို နားခွက်က မီးတောက်သူ လူလည်ပန်ကာ သောင်းမြင့်
ကလည်း မျက်နှာသေဖြင့် မျက်လုံးလေး ပေကလတ် ပေကလတ်
လုပ်လျက် လှမ်းထွက်လာပြီး . . .

''ကျေး . . . ကျေးဇူးကြီးလှပါတယ် မမရယ်၊ မမသာ
မကယ် ရင် ကျွန်တော် လူမှားပြီး အရိုက်ခံ၊ **အဖမ်း**ခံရမှာပါ၊
ကျေးဇူးမမေ့ပါဘူးခင်ဗျာ''

ဟု မေကျော့ရှင်းကို လက်အုပ်လေးချီလျက် ညောင်နာ
နာအသံဖြင့် ပြောလိုက်လေ၏။ ပြီးလျှင် ကိုမြသိန်းကိုလည်း
လက်အုပ်လေးချီကာ . . .

''ဒီကအစ်ကိုကြီးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ၊
ကျွန်တော့်မှာ လူမှားပြီးအလိုက်ခံရလို့ အသက်လုပြေးလာရရင်း
ဒီအိမ်ထဲ ဝင်ပုန်းမိတာပါ၊ ဒီကအစ်မသာ ဝင်ပုန်းခွင့်မပေးဘူး
ဆိုရင် စောစောကပုလိပ်ကြီးရဲ့ အရိုက်အနှက်ခံရပြီး ဖွတ်ဖွတ်
ညက်ညက် ကြေရမှာပါ၊ ဒီကအစ်မသာ မကယ်ရင် ကျွန်တော့်ရဲ့
ဘဝဟာ မတွေးဝံ့စရာပါပဲခင်ဗျာ၊ ဒီကအစ်မရဲ့ ကူညီတတ်တဲ့
စိတ်နှလုံးနဲ့ ဉာဏ်ရည်ကိုတော့ ချီးကျူးပါရဲ့ခင်ဗျာ''

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု အပြစ်ကင်းစင်သော ယုန်သူငယ်၏မျက်နှာမျိုးဖြင့် ပြောပြီးနောက် သူ၏မျက်နှာကို လက်အုပ်ဖြင့်ကွယ်ရင်း မေကျော့ရှင်းကို ပြုံးဖြဲဖြဲကြည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလိုက်လေ၏။

"ကဲ ကဲ ... သွားတော့ မောင်လေး၊ မင်းပြောတဲ့အတိုင်း မမရဲ့ကျေးဇူးလည်း မမေ့နဲ့ပေါ့ကွယ်၊ တစ်ခါတလေကျတော့လည်း သုံးတောင်ဝတ် မိန်းမတွေဟာ ဆယ်နှစ်တောင်ဝတ် ယောကျ်ားတွေထက် စိတ်ဓာတ်နဲ့ ဉာဏ်ရည်အရာ သာတယ်ဆိုတာလည်း မမေ့နဲ့ပေါ့ ဟုတ်လား"

ဟု သာသာနှင့် နာနာနက်လိုက်ရာ ကြောင်သူတော် ကြွက်သူခိုး သောင်းမြင့်လည်း ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါခင်ဗျာဟု အကြိမ်ကြိမ်ဦးညွှတ်ကာ သူမတို့ဇနီးမောင်နှံအား နှုတ်ဆက်ပြီးနောက် တိုက်အိမ်လေးထဲမှ ကုပ်ချောင်းချောင်းဖြင့် ထွက်သွားပါတော့၏။

မေကျော့ရှင်းလည်း ထိုအခါကျမှ သက်ပြင်းချနိုင်ပါတော့၏။

ကိုမြသိန်းမှာမူ သူ့ချစ်ဇနီးလေးက လူမှုရေးအသိစိတ်ဓာတ် အပြည့်ဖြင့် လူငယ်တစ်ဦး၏ ဘေးဒုက္ခကို ကယ်တင်လိုက်





နိုင်ခြင်းအား သဘောကျလျက်ရှိကာ ...

"အင်း ... မေက ဘယ်ဆိုးလို့လဲ၊ ဟို ဒေါသကြီးနေတဲ့ ပုလိပ်ကြီးရဲ့လက်ကနေ အပြစ်မဲ့တဲ့ သူငယ်လေးတစ်ယောက် လွတ်မြောက်အောင် ဉာဏ်လှာသုံးပြီး ရဲရဲရင့်ရင့် ကူညီလိုက်နိုင်တာပဲ၊ ကိုကြီးမြသိန်း ချီးကျူးပါရဲ့ကွာ"

ဟု ချီးမွမ်းထောပနာပြုလျက်ရှိရာ မေကျော့ရှင်းက မျက်နှာကို တစ်ဖက်လှည့်လျက် ပြုံးဖြီးဖြီးလုပ်နေပါတော့သတည်း။

*

ယင်းနောက်ကာလများမှာမူ ဝင်္ကဉာဏ် ကြွယ်ဝလှသော မေကျော့ရှင်း၏ ကျွမ်းကျင်လှသည့် လှည့်ဖြားမှုများအောက်တွင် ကိုမြသိန်းမှာ ချာချာလည်ကာ သူ၏ဇနီးချောလေးနှင့်သောင်းမြင့်၊ ဦးအေးကြူတို့ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေကြသည်ကို လုံးဝ ရိပ်စားမိခြင်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကောင်းမှုဟူသည် ရေရှည်ဖုံးကွယ်၍ မ
စကောင်းသဖြင့် မေကျော့ရှင်း၏ မျောက်မထားမှုဇာတ်လမ်းကို
သတင်းသဲ့သဲ့ရထားသည့် ဦးအုန်းခိုင်က ညီဖြစ်သူ ဦးမြသိန်းအား
တိုးတိုးကျိတ်ကျိတ် ခေါ်ယူသတိပေးရလေတော့၏။

သို့တိုင် လူရိုးလူအေးကြီး ကိုမြသိန်းမှာ သူ့ဇနီး ဖောက်
ပြန်နေသည်ဆိုသည့်အဖြစ်ကို မယုံကြည်နိုင် ဖြစ်နေလေ၏။

"မဖြစ်နိုင်ပါဘူး ကိုကြီးရာ၊ မလိုသူတွေက သွားပုပ်လေ
လွင့်ပြောတာ ဖြစ်မှာပါ၊ ကျွန်တော့်မိန်းမက အဲဒါမျိုး မဟုတ်ပါ
ဘူးဗျ"

"အေး ...မင်းရဲ့မိန်းမကို မျက်စိမှိတ်ယုံပြီးပုံနေ
ကြာရင် မင်းရဲ့ခေါင်းမှာ ချိုတွေပေါက်လာမယ် ...သိလား"

"ဘာဖြစ်လို့ ချိုပေါက်ရမှာလဲဗျ"

"ဟ .... နွားမို့လို့ ချိုပေါက်ရမှာပေါ့ကွ၊ မင်းမိန်းမရဲ့
လှည့်ကွက်တွေအောက်မှာ မင်းနွားလုံးလုံးဖြစ်နေပြီ သိလား"

"ကိုကြီးတို့ သက်သေပြနိုင်လို့လား၊ သက်သေသက္ကာယ
ခိုင်ခိုင်လုံလုံမရှိဘဲနဲ့တော့ ကျွန်တော့်မိန်းမကို သိက္ခာကျအောင်
မပြောကြပါနဲ့ဗျာ၊ သူများပြောစကား နားထောင်ပြီး တစ်ဖက်





သတ်စွပ်စွဲတာတော့ မကောင်းပါဘူး"

ကိုမြသိန်း၏စကားကြောင့် ဦးအုန်းခိုင်မှာ ဒေါသ အကြီး
အကျယ်ဖြစ်သွားတော့၏။

"မြသိန်း ...မင်းက ငါတို့ရဲ့စေတနာကိုတောင် စော်
ကားပြီး ငါတို့ကပဲ ရမ်းသမ်းစွပ်စွဲတယ်လို့ ထင်နေတယ်ပေါ့
ဟုတ်လား၊ အေး ...မင်းကို တစ်နေ့တော့ လက်တွေ့ပြရသေး
တာပေါ့ကွာ၊ မင်းရဲ့မိန်းမ ဖောက်ပြန်နေတဲ့အကြောင်း မင်းကိုယ်
တိုင် တိတိကျကျသိတဲ့ တစ်နေ့ကျရင်တော့ အဲဒီဟာမကို
အိမ်ပေါ်က နှင်ချရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

"စိတ်ချ ကိုကြီး၊ ကျွန်တော့်မိန်းမ တကယ်မျောက်မ
ထားတယ်ဆိုရင်တော့ ကျွန်တော်ကိုယ်တိုင် အိမ်ပေါ်ကနေ နှင်ချ
မယ်ဗျာ"

"အေး ...စိန်လိုက်"

***



www.burmeseclassic.com

## ရမ္မက်ထောင်ချောက်



ခယ်မဖြစ်သူ မေကျော့ရှင်း၏ ယုတ်မာမှုကို ဖော်ထုတ်ရန် ဆုံးဖြတ်ထားသည့် ဦးအုန်းခိုင်သည် ထိုနေ့မှစ၍ စီးပွားရေးလုပ်ငန်းမှာပင် အာရုံသိပ်မစိုက်နိုင်တော့ဘဲ မေကျော့ရှင်း မျောက်မ,ထားမှုကို လက်ပူးလက်ကြပ်ဖမ်းမိရန် စူးစမ်းထောက်လှမ်းမှုအမျိုးမျိုး ပြုလုပ်တော့၏။

သူ သင်္ကာမကင်းဖြစ်နေသော အာမခံကိုယ်စားလှယ် သောင်းမြင့်နှင့် ရာဇဝတ်အုပ် ဦးအေးကြူတို့၏ လှုပ်ရှားမှုတို့ကိုလည်း လူယုံအလုပ်သမား တပည့်တပန်းတို့၏ အကူအညီဖြင့်





ထောက်လှမ်းစုံစမ်းထားပြီး ...

အချက်အလက်အတော်များများ ထောက်လှမ်းရရှိပြီးသည့်အခါမှာမှ ညီမဖြစ်သူ ဒေါ်မင်းစိန်ကို ဖွင့်ဟတိုင်ပင်ကာ မေကျော့ရှင်း၏ အရှုပ်ထုပ်ကို ဖော်ထုတ်ရေးအတွက် စီမံချက်တစ်ခုကို ရေးဆွဲကြတော့၏။

တစ်နေ့သောညနေစောင်းတွင် သူတို့၏ စီမံချက်ကို စတင် အကောင်အထည်ဖော်ရန်အတွက် ဦးအုန်းခိုင်သည် ကိုမြသိန်းတို့၏တိုက်ပုလေးဆီသို့ ဂျစ်ကားဖြင့် သွားရောက်ကာ ...

"ညီလေးမြသိန်းရေ ... မနက်ဖြန်မနက်စာစားပြီးရင် ငါတို့ညီအစ်ကို ကျုပ်ပြင်ကို သွားရအောင်ဟေ့၊ ဟိုမှာ မျောတွင်းတူးတဲ့ အလုပ်သမားတွေကို အကွက်ဖော်ပေးပြီး သုံးလေးရက်လောက်တော့ ကြီးကြပ်ပေးရမယ်ကွ၊ ဒီဂျစ်ကားနဲ့ပဲ သွားကြတာပေ့ါ၊ ရက်နည်းနည်းကြာမှာဆိုတော့ ညီမမေ ဒီအိမ်မှာ တစ်ယောက်တည်း မနေရဲရင် အတိသုခစံအိမ်မှာ လာနေလေ"

ဟုပြောလိုက်ရာ မေကျော့ရှင်းက ပြုံးလိုက်ပြီး ...

"ရပါတယ် အစ်ကိုကြီး၊ အဝတ်လျှော်တဲ့ကောင်မလေး မသိန်းရွှေကိုပဲ ညအိပ်ညနေ ခေါ်ထားလိုက်ပါ့မယ်၊ အစ်ကိုကြီး

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တို့ အလုပ်ကိစ္စသာ ဖြောင့်ဖြောင့်သွားလုပ်ကြပါ၊ သားကိုရော မေ ခေါ်ထားရမလား''

ဟု မေးလိုက်လေသည်။

''အောင်မယ်လေး ... စိန်စိန်က သူ့တူမှသူ့တူ၊ မျက်စိအောက်ကကို အပျောက်ခံတာ မဟုတ်ဘူး၊ ညီမမေသာ အတိသုခမှာ သွားနေချင်နေ၊ တာတီးကိုတော့ ဒီလွှတ်မှာ မဟုတ်ဘူး၊ ငါ့ညီမစိန်စိန်ကတော့ သူ့တူမှ သူ့တူ၊ သည်းသည်းကိုလှုပ်နေတာ၊ ကဲ ... အစ်ကိုကြီးသွားမယ်၊ မနက်ဖြန် ခရီးထွက်ဖို့သာ ပြင်ထားလိုက်ကြ ... ဟုတ်လား''

''ဟုတ်ကဲ့ ဟုတ်ကဲ့ ... စိတ်ချပါ အစ်ကိုကြီး''

*

သို့ဖြင့် နောက်နေ့ နေ့ခင်းမှာပင် ဦးအုန်းခိုင်နှင့်ကိုမြသိန်းတို့ညီအစ်ကိုသည် မိုးကုတ်မှ ကျုပ်ပြင်သို့ ဂျစ်ကားဖြင့် ထွက်ခဲ့ကြလေ၏။





သို့သော် ခရီးတစ်ဝက်ကျော်ကျော်အရောက်မှာပင် ဦးအုန်းခိုင်က ကားကို ပြန်ကွေ့ပြီး မိုးကုတ်ဘက်သို့ပြန်မောင်းတော့သည်။

''ဟင် ကိုကြီး ... ဘာဖြစ်လို့ မိုးကုတ်ဘက်ပြန်မောင်းရတာလဲ''

ဦးအုန်းခိုင်က နားမလည်ဟန်ဖြင့် မေးလိုက်သည့် ညီဖြစ်သူ ကိုမြသိန်းအား ခပ်တည်တည်လှည့်ကြည့်လိုက်ကာ ရှင်းပြလိုက်လေသည်။

''ဒီမှာ ညီလေးမြသိန်း ... ငါတို့ မိုးကုတ်ကနေ ထွက်လာတာဟာ ကျုပ်ပြင်ကို တကယ်သွားမလို့ မဟုတ်ဘူး၊ ဟန်ပြထွက်လာတာကွ သိလား၊ မင်း တကယ်ညအိပ်ညနေ ခရီးထွက်သွားပြီလို့ မင်းရဲ့မိန်းမ ထင်မြင်သွားအောင်ထွက်လာခဲ့တာပဲ၊ ငါတို့ အခု မိုးကုတ်ကို ပြန်သွားမယ်၊ ညမှောင်ရီသမ်းချိန်မှာ မိုးကုတ်ကို ပြန်ရောက်မှာပဲ၊ အဲဒီအခါ မင်းမိန်းမဟာ မင်းမရှိတဲ့အချိန်မှာ ဘယ်လို ကြာကူလီကောင်တွေနဲ့ ချိန်းတွေ့သလဲဆိုတာကို မင်း မျက်ဝါးထင်ထင် မြင်ရစေ့မယ်၊ မင်းက လက်တွေ့မှ ယုံမှာကိုး၊ ဒါကြောင့် ... ငါ အဲဒီလို စီစဉ်လိုက်ရတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဟာဗျာ . . .  ကိုကြီးတို့ဟာက မဟုတ်သေးပါဘူး''

''အေးလေ . . . ဟုတ်, မဟုတ် မင်း ဟိုကျတွေ့မှာပေါ့ ကွာ၊ အေး . . . မင်းမိန်းမ ဖောက်ပြန်တာကို မင်းကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံရတဲ့အခါမှသာ မင်းရဲ့စကားအတိုင်း မင်းရဲ့ မိန်းမကို အိမ်ပေါ်ကနေ ကန်ချပေတော့ . . . ဟုတ်လား''

''မေကျော့ရှင်း တကယ်ဖောက်ပြန်တယ်ဆိုရင်တော့ ကျွန်တော် သူ့ကို တကယ်ကို စွန့်လွှတ်မှာပါ  ကိုကြီး''

''ကောင်းပြီ . . . မင်းရဲ့စကားအတိုင်း ဖြစ်ပါစေကွာ''

မိုးကုတ်မြို့သို့ဝင်တော့ အတော်မှောင်စပြုပြီဖြစ်၏။

ဦးအုန်းခိုင်က ဂျစ်ကားကို မြို့စွန်လမ်းအတိုင်း မောင်းခဲ့ပြီး ကိုမြသိန်းတို့ခြံမရောက်မီ ဘေးချင်းကပ်ခြံထဲသို့ မောင်းဝင်ကာ ကားကို စက်သပ်ရပ်လိုက်တော့သည်။

''ဒီခြံရဲ့ပိုင်ရှင်ဟာ ဒီမြို့ကမြို့မိမြို့ဖတစ်ဦးပဲကွ၊ ဒီခြံနဲ့ မင်းတို့ခြံကို ကြခတ်ဝါးရုံတွေက စည်းခြားထားတော့ တော်ရုံနဲ့ ဟိုဘက်ခြံ, ဒီဘက်ခြံ မမြင်ရဘူးမဟုတ်လား၊ လာ . . . ငါတို့ ကြခတ်ဝါးပင်တွေကြားကနေ မင်းတို့အိမ်ဘက် ချောင်းကြည့်ရအောင်''





ကိုမြသိန်းတို့ ရောက်ရှိနေသည့်ခြံမှာ ခြံပိုင်ရှင်က ဝယ်ယုံဝယ်ထားပြီး လူမနေသောကြောင့် ခြံကြီးတစ်ခုလုံးမှာ ချုံနွယ်ပိတ်ပေါင်းများဖြင့်  တောထလျက်ရှိလေ၏။

ကိုမြသိန်းတို့က ခြံစည်းရိုးဆီသို့ ချုံတို့ကိုကွေ့ပတ်ကာ လျှောက်လှမ်းသွားရာ ခြံစည်းရိုးနားရောက်ခါနီးတွင် ချုံကြီး တစ်ချုံနံဘေး၌ ရပ်နေသည့် လူစုကို ကိုမြသိန်း အံ့အားတသင့် တွေ့ရလေသည်။

''ဟင်''

''အေး . . . ငါက ဌာနာအုပ်ကြီးဦးဖေအောင်နဲ့ မြို့မိမြို့ဖ တွေကို ဒီခြံထဲမှာ အသင့်စောင့်ခိုင်းထားတာကွ၊ မေကျော့ရှင်းနဲ့ လူယုတ်မာတွေကို ဒီညမှာ အပိုင်စောင့်ဖမ်းနိုင်ဖို့ မျက်မြင်သက် သေတွေ ခေါ်ထားတာပေါ့ကွာ၊ ကဲ ကဲ . . . လာ၊ မင်းတို့အိမ် ဘက်စောင့်ကြည့်ရအောင်''

ဦးအုန်းခိုင်နှင့် ကိုမြသိန်းတို့ ကြခတ်ဝါးတို့ကြားမှ စောင့်ကြည့်နေစဉ်မှာပင် ရထားလုံးတစ်စီးသည် ကိုမြသိန်းတို့၏ ခြံထဲသို့ ဝင်လာပြီး အိမ်ရှေ့နားတွင် ရပ်သွားကာ ရထားလုံးပေါ်မှ ဒေါ်မင်းစိန် အူယားဖားယားဆင်းလာပြီး အိမ်တံခါးကို အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စလို ခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

"ဟဲ့ မေရေ မေ ... တံခါးဖွင့်ပါဦး၊ ဒီမှာအရေးကြီးလို့"

ခဏအကြာမှာပင် တံခါးပွင့်သွားကာ တံခါးဝမှာ မေကျော့ရှင်း ပေါ်လာတော့၏။

"ဟင် ... မမစိန်ပါလား၊ ညကြီးအချိန်ကျမှ ဘာဖြစ်လို့လဲ မမစိန်"

"ညည်း ... ညည်းရဲ့သားလေးတာတီး တက်သွားလို့ ငါ တစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိလို့ နင့်ကို လာခေါ်တာ"

"အို ... သားလေးတက်သွားလို့ ဟုတ်လား"

"လာစမ်းပါအေ၊ လိုက်ခဲ့စမ်းပါ၊ ငါတို့ နောက်ကျသွားရင် သားလေးတစ်ခုခု ဖြစ်သွားမှာစိုးရိမ်ရတယ်"

မေကျော့ရှင်းလည်း တံခါးကို အလျင်စလိုသော့ခတ်ကာ ဒေါ်မင်းစိန်နှင့်အတူ မြင်းရထားပေါ်သို့ တက်ပြီး ရထားလည်း ကဆုန်စိုင်းကာ မောင်းထွက်သွားတော့၏။





"ကဲ ... ငါ့ညီမြသိန်း၊ မင်းမှာ သော့အပိုပါတယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... ပါပါတယ် ကိုကိုကြီး"

"အေး ... ဒါဆို၊ မင်းတို့အိမ်ရဲ့တံခါးကိုဖွင့်ပြီး ငါတို့ အိမ်ထဲဝင်ပုန်းနေရအောင်"

ကိုမြသိန်းလည်း သူ့အစ်ကိုကြီး ဉာဏ်နီဉာဏ်နက် သုံးကာ မေကျော့ရှင်းကို ချောင်းဖမ်းရန် ကြံစည်ထားမှန်းသိသည်နှင့် သူ၏ဂျာကင်အင်္ကျီအတွင်း အိတ်ထဲမှ သော့တွဲလေးတစ်တွဲကို ထုတ်ယူလိုက်တော့သည်။

ထို့နောက် ညီအစ်ကိုနှစ်ယောက်သည် ခြံရှေ့မှ ပတ်ထွက်ခဲ့ကာ အခြားသူတို့ကိုမူ မူလနေရာမှာပင် ဆက်လက် စောင့်စားပေးပါရန် ပြောဆိုခဲ့လေ၏။

သူတို့ညီအစ်ကိုနှစ်ယောက်သည် ခြံထဲသို့ဝင်လာခဲ့ကြပြီး ကိုမြသိန်းက သူ့လက်ထဲရှိသော့တွဲမှသော့ဖြင့် အိမ်ရှေ့တံခါး သော့ကို ဖွင့်လိုက်ကာ ...

'ချောက်'

တံခါးသော့ပွင့်သွားသည်တွင် သူတို့ညီအစ်ကိုသည်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပုလေးထဲသို့ ဝင်ရောက်လာခဲ့ကြကာ ...

"ကဲ မြသိန်း ... နောက်ဖေးပေါက်ကထွက်ပြီး အိမ်ရှေ့တံခါးသော့ကို သွားပြန်ပိတ်ကွာ ပြီးမှ ငါတို့ အတွင်းခန်းတစ်ခုထဲမှာ သွားနေရအောင်"

ဟု ဦးအုန်းခိုင်က ပြောလိုက်ရာ ကိုမြသိန်းဗာ သူတို့အိပ်ခန်းနှင့်ကပ်လျက် စာကြည့်ခန်းထဲသို့ ခေါ်သွားပါတော့၏။

*

ဒေါ်မင်းစိန်နှင့် မေကျော့ရှင်းတို့ အတိသုခစံအိမ်ကြီးသို့ရောက်သွားကြသည့်အခါတွင် အိမ်ဖော်မလေးတို့ ပွေ့ချီထားသည့်တာတီးကို လန်းလန်းဆန်းဆန်း တွေ့ရလေသည်။

"အို ... သား သားလေး ဘာမှမဖြစ်ဘူးနော်၊ တော်ပါသေးရဲ့"

"မမကြီးထွက်သွားပြီး ဆယ်မိနစ်လောက်အကြာမှာပဲ အတက်ကျပြီး နေပြန်ကောင်းသွားတာ မမကြီး"





"အောင်မယ်လေးအေ တော်ပါသေးရဲ့၊ ငါ့တူလေးက သတိလစ်ပြီး ဘယ်လိုမှခေါ်မရတာနဲ့ ယယ်ထိပ် မြွေပေါက်သလို ပူပင်သွားပြီး သူ့အမေကို ပြေးခေါ်ရတာဟဲ့"

မေကျော့ရှင်းက ကလေးကို ကိုယ်ပူစမ်းကြည့်ရာ ကိုယ်လည်း မပူသဖြင့် သက်ပြင်းကြီးချလိုက်ရင်း လက်မှနာရီကို ကြည့်လိုက်လေ၏။

"အင်း မမစိန် ... သားလေးလည်း နေကောင်းနေတာပဲ၊ မေ ပြန်မယ်နော်"

"ဪ အေး အေး ... မောင်ဟန်တိုးကို ရထားလုံးနဲ့ လိုက်ပို့ခိုင်းလိုက်"

"ဟုတ်ကဲ့ မမစိန်"

မေကျော့ရှင်းလည်း အတိသုခစံအိမ်ကြီးပေါ်မှ ခပ်သွက်သွက် ဆင်းလာကာ အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်ထားသည့် ရထားလုံးပေါ်တက်လိုက်ပြီး သူမ၏အိမ်ဆီသို့ မောင်းခိုင်းလိုက်တော့၏။

မိမိတို့၏ခြံရှေ့သို့ ရောက်လာလျှင် ရထားလုံးကို ရပ်ခိုင်းပြီး မြင်းလှည်းသမား ဟန်တိုးကို အိမ်ပြန်ခိုင်းကာ သူမ...



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးပေါ်မှဆင်း၍ ခြံထဲသို့ ခပ်သုတ်သုတ် ဝင်ခဲ့တော့သည်။

သူမ ဆင်ဝင်အောက်သို့ ဝင်လိုက်သည့်အခါမှာမူ ဆင်ဝင်အောက် မှောင်ရိပ်ထဲတွင် မားမားကြီးရပ်နေသော လူရိပ်တစ်ခုကို တွေ့ရလေတော့၏။

"မေ ... မေ ဘယ်သွားနေတာလဲကွယ်၊ ကိုကြီးကြူ ရောက်နေတာ ဆယ်မိနစ်လောက် ရှိပြီကွဲ့"

"ဩော် ကိုကြီးကြူ ... မေ့သားလေး နေမကောင်းဘူးဆိုပြီး လာခေါ်လို့ အတိသုခစံအိမ်ဆီ လိုက်သွားတာပါ"

"အဝတ်လျှော်တဲ့ကောင်မလေးကို ဒီည ခေါ်မထားဘူး မဟုတ်လား"

"ဘယ်ခေါ်ထားလို့ဖြစ်မှာလဲ၊ ကိုကြီးကြူ လာမယ်ဆိုတာကို သိထားတဲ့ဟာ၊ ညနေစောင်းကတည်းက သူ့အိမ်ပြန်လွှတ်လိုက်ပြီ"

"ဟင်း ဟင်း ဟင်း ... အချစ်ကလေးကို ဒါကြောင့် ကိုကြီးကြူက ချစ်ရတာ ... သိလား"

"အို ... ဖယ်ပါ ကိုကြီးကြူရယ်၊ အိမ်တံခါးသော့ ဖွင့်ပါရစေဦး၊ တကတဲမှပဲ ... ဟွန်း"





အိမ်တံခါးသော့ဖွင့်ပြီးသည်နှင့် မေကျော့ရှင်းနှင့် ဦးအေးကြူတို့သည် အိမ်ထဲသို့ ဝင်ရောက်လာကြလေ၏။ မေကျော့ရှင်းက မှန်အိမ်မီးကို ထွန်းညှိလိုက်ရာ ဧည့်ခန်းတစ်ခုလုံးမှာ လင်းကျင်းသွားတော့သည်။

"ချစ်လေးရယ် ... မင်းရဲ့လင်ကြီးက ခုတစ်လော ကျောက်တွင်းလည်း မသွား၊ ခရီးလည်းမထွက်တော့ ကိုကြီးကြူမှာ ချစ်လေးနဲ့တွေ့ချင်ပါလျက်နဲ့ မတွေ့ခဲ့ရဘူးကွယ်၊ ဒါကြောင့် ... ဒီညတော့ အတိုးချပြီး ချစ်မယ်နော် ... ဟင်း ဟင်း ဟင်း"

"အို ... ကိုကြီးကြူကလည်း ကဲလိုက်တာ၊ ကဲပါ ... လာ အိပ်ခန်းထဲသွားရအောင်"

"အို ... အချစ်ကလေးက အလိုက်သိလိုက်တာကွယ် ... ဟဲ ဟဲ ဟဲ"

"ဒါပဲနော် ... ဒီမှာ အကြာကြီးတော့မနေနဲ့၊ တော်ကြာ မေ့ရဲ့ယောက်မက သားလေးတာတီး နေမကောင်းလို့ဆိုပြီး လာခေါ်နေဦးမယ်"

"အချစ်ကလေးရယ် ... အကြာကြီးမနေပါဘူး၊ ခါတိုင်းလိုပဲ အချစ်ကလေးကို အားရပါးရ ချစ်ပြီးတာနဲ့ ပြန်မှာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟဲ ဟဲ ဟဲ''

ဦးအေးကြူက မေကျော့ရှင်း၏ ခါးကျဉ်ကျဉ်လေးကို အားပါးတရ သိုင်းဖက်လိုက်ကာ ပါးမို့မို့ကို နမ်းရန်ဟန်ပြင်လိုက်စဉ်မှာပင် အိမ်အတွင်းပိုင်းမှ လူရိပ်နှစ်ခု ရုတ်တရက် ထွက်လာသည်ကို တွေ့လိုက်ရရာ ဦးအေးကြူမှာ ထခုန်မတတ် လွန်စွာ ထိတ်လန့်သွားတော့၏။

''ဟ ... ဟာမလေး''

''ဟင် ... အို''

မေကျော့ရှင်းကလည်း နောက်သို့ လှည့်ကြည့်လိုက်သည်တွင် ခဲအိုဖြစ်သူ ဦးအုန်းခိုင်နှင့် ခင်ပွန်းဖြစ်သူ ကိုမြသိန်းတို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ သရဲသဘက်ကို တွေ့ရသည့်နှယ် လွန်စွာ သွေးပျက် ချောက်ချား တုန်လှုပ်သွားပြီး ဦးအေးကြူ၏ ရင်ဘတ်ကြီးကို ကယောင်ကတမ်းဖြင့် ဆောင့်တွန်းလိုက်တော့သည်။

''ဟင်း ဟင်း ဟင်း ... ကြာကူလီကောင်ကြီးနဲ့ လော်လည်ဖောက်ပြားတဲ့ဟာမ၊ ဘယ့်နှယ်လဲ ... လက်ပူးလက်ကြပ် မိပြီလေ ... ဘာငြင်းဦးမလဲ''





ဦးအုန်းခိုင်က အသံသြသြကြီးဖြင့် အော်ကြီးဟစ်ကျယ် ပြောလိုက်ပြီး အိမ်ရှေ့တံခါးချက်ကို သွားဖွင့်လိုက်ရာ အိမ်အပြင်တွင် အသင့်ရောက်နေကြသည့် ဌာနာအုပ်ကြီးဦးဖေအောင်နှင့် တကွ မြို့မိမြို့ဖများက အိမ်ထဲသို့ ဝင်ရောက်လာကြပါတော့၏။

''အို ... ဒုက္ခပါပဲ၊ ဒုက္ခပါပဲ ... ဟင့် ဟင့် ဟင့်''

မေကျော့ရှင်းမှာ လူပုံအလယ်တွင် သူမ၏ဇာတ်ရုပ်ကြီး ဘူးပေါ်သလိုပေါ်သွားပြီဖြစ်သဖြင့် လွန်စွာ ရှက်ကြောက်တုန်လှုပ်သွားကာ ရှိုက်ကြီးတငင် ငိုကြွေးတော့၏။

ရာဇဝတ်အုပ် ဦးအေးကြူမှာလည်း သူ၏ ကြာကူလီရိုက်မှု လက်ပူးလက်ကြပ်မိသွားပြီဖြစ်သဖြင့် မငြင်းသာတော့ဘဲ ကြက်ကြီးလည်လိမ်သလို ဦးခေါင်းငိုက်စိုက်ကျလျက် ရှိပါတော့သည်။

ကိုမြသိန်းမှာမူ သူ့အပေါ် သစ္စာမဲ့လှသည့် ဇနီးချောလေးအတွက် ရင်ထုမနာဖြစ်ကာ နံရံနှင့်ခေါင်း ပြေးတိုက်သဖြင့် သူ့ကို မြို့မိမြို့ဖတို့က ဝိုင်းဆွဲကာ ဝိုင်းဝန်းဖျောင်းဖျလျက် ရှိပါတော့သတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ် ဦးအေးကြူအား လက်ထိတ်ခတ်ကာ ပုလိပ်သားမြင့်ထွန်းနှင့်ဖေမောင်ထွန်းက မြင်းလှည်းတစ်စီးဖြင့် ဂါတ်သို့ခေါ်သွားပြီး မေကျော့ရှင်းကိုမူ အိမ်အတွင်းခန်းထဲ၌ မြင့်ထွန်းနှင့်ဖေမောင်ထွန်း၏မယားနှစ်ယောက်တို့နှင့်အတူ ငြိမ်သက်စွာ ထိုင်နေစေလေ၏။

ဌာနာအုပ်ကြီးဦးဖေအောင်၊ မြို့မိမြို့ဖသုံးလေးယောက်နှင့်အတူ ဦးအုန်းခိုင်၊ ကိုမြသိန်းတို့ ညီအစ်ကိုက ဧည့်ခန်းထဲတွင် ထိုင်ကာ ည (၁၁) နာရီထိုးမည့်အချိန်ကို စောင့်စားလျက် ရှိကြလေသည်။

ဌာနာအုပ်ကြီးဦးဖေအောင်ကိုယ်တိုင် စစ်မေးစဉ်က မေကျော့ရှင်းမှ ထိုနေ့ည ၁၁ နာရီအချိန်တွင် သောင်းမြင့်ကို လာရောက်ရန် ချိန်းဆိုထားကြောင်း ထွက်ဆိုထားခဲ့သဖြင့် သောင်းမြင့် လာရောက်မည့်အချိန်ကို စောင့်စားနေကြခြင်းဖြစ်၏။

သို့ဖြင့် ည (၁၁) နာရီထိုးလုလုအချိန်သို့ရောက်လာသည်တွင် မေကျော့ရှင်းတစ်ဦးတည်းကို အိပ်ခန်းထဲ၌နေစေကာ အိပ်





ခန်းဝင်ပေါက်အား ကျောခိုင်းလျက် ခုတင်ပေါ်၌ ထိုင်နေစေလေသည်။

အိမ်ရှေ့တံခါးကို စေ့ယုံစေ့ထားလိုက်ကြပြီး ကျန်လူများအားလုံးက အိပ်ခန်း၏ဘေးမှ အခန်းလွတ်ထဲ ဝင်နေလိုက်ကြတော့၏။

ည (၁၁) နာရီကျော်သည့်အခါမှာမူ ခြံထဲသို့ လူတစ်ယောက် ဝင်လာသည့်ခြေသံကို သဲ့သဲ့ကြားလိုက်ကြရပါတော့သည်။

"ဟော ... သောင်းမြင့် လာပြီ"

ဦးအုန်းခိုင်က သတိတိုးတိုးပေးလိုက်ပြီး ဆက်လက်နားစွင့်နေလိုက်ကြလေ၏။

သောင်းမြင့်မှာမူ မတွေ့ရတာကြာပြီဖြစ်သော မေကျော့ရှင်းနှင့် ယနေ့ တစ်ညလုံး လွတ်လပ်စွာတွေ့ဆုံပြီး စိတ်တိုင်းကျချစ်ချူပဟာခင်းရမည့်အရေးအတွက် ရင်ခုန်နွေးစွာဖြင့် ခြံထဲသို့ ခွန်းခြေလှမ်းမျိုး လှမ်းလျက် ထွက်လာခဲ့ကာ အိမ်တံခါးကို တိုးတိုးဖွဖွ ခေါက်လိုက်လေ၏။

'ဒေါက် ဒေါက် ဒေါက်'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်တိုင်တိုင် တံခါးခေါက်သည့်တိုင် အိမ်တွင်းမှ လှုပ်ရှားသံမကြားရသည့်အခါ သောင်းမြင့်က တံခါးရွက်ကို အသာတွန်းကြည့်လိုက်လေသည်။

တံခါးရွက်က သာသာလေးပွင့်သွားသည့်တွင် ရင်လှိုက် ခနဲ ခုန်သွားပြီး ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ရင်း အိမ်ထဲသို့ ဘယ်ခြောက်ကာ ညာလှမ်းလျက် ဝင်လာခဲ့တော့၏။

မှန်အိမ်အလင်းအောက်မှ ညှော်ခန်းမှာ တိတ်ဆိတ်လျက် လူသူကင်းမဲ့နေရာ သောင်းမြင့်သည် အနည်းငယ် အံ့ဩသလို ဖြစ်သွားသေးသည်။

ထို့နောက်မှ သူက မီးအလင်းရောင်တွေ့နေရသည့် အိပ် ခန်းဆီသို့ ခြေဖွနင်းလျှောက်လှမ်းလာပြီးလျှင် ခပ်ဟဟလေး ပွင့်နေသော အိပ်ခန်းအတွင်းသို့ ချောင်းကြည့်လိုက်တော့၏။

ထိုရောအခါ ခုတင်ပေါ်တွင် သူ့ကို ကျောခိုင်းထိုင်နေ သည့် မေကျော့ရှင်းကို တွေ့ရတော့သည်။

မေကျော့ရှင်းမှာ သူမ၏အဖြစ်အတွက် ရက်ရွံ့ ချောက် ချားစွာ ခပ်တိုးတိုး တသိမ့်သိမ့် ရှိုက်ငိုနေဆဲဖြစ်ရာ ဤသည်ကို ပင် သောင်းမြင့်က အဓိပ္ပာယ်တစ်မျိုး ကောက်လိုက်တော့၏။





"ဟော အချစ်ကလေး . . . မောင်လာတာ နောက်ကျ လို့ စိတ်ကောက်ပြီး ငိုနေတယ်ပေါ့လေ"

သူက ပြုံးဖြဲဖြဲဖြင့်ပြောရင်း ခုတင်ပေါ်တွင် တင်ပါးလွှဲ ထိုင်လိုက်လေသည်။

သောင်းမြင့်၏အသံကိုကြားလျှင် သူမ ချစ်မြတ်နိုးမိ သည့် သောင်းမြင့်တစ်ယောက် ဦးအုန်းခိုင်တို့ညီအစ်ကို၏ ထောင် ချောက်မိကာ ဒုက္ခလှလှတွေ့ရတော့မည့်အရေးကို တွေးပူလျက် ပို၍ ရှိုက်ကာ ရှိုက်ကာ ငိုလေတော့၏။

"ဟင့် ဟင့် ဟင့် ဟင့်"

"အို အို အချစ်လေးရယ် . . . ငိုပါနဲ့ကွယ်၊ မောင်ရောက် လာရမယ့်အချိန် နောက်ကျသွားလို့ စိတ်ဆိုးပြီး ငိုနေရသလား ကွယ်၊ မောင့်မှာတော့လေ မတွေ့ရတာကြာပြီဖြစ်တဲ့ အချစ် ကလေးနဲ့ ဟောဒီခုတင်ကြီးပေါ်မှာ အရင်ကလိုပဲ ပျော်ပျော်ကြီး ချစ်ပွဲနွှဲဖို့ မောင်းတင်လာခဲ့တယ် အချစ်ကလေးရဲ့၊ မင်းရဲ့လင်ကြီး မြသိန်း မရှိတုန်း ပျော်ပျော်ကြီးချစ်ပျူဟာခင်းကြရအောင်ကွဲ့နော်၊ တိတ် တိတ် . . . အချစ်ကလေးရယ် . . . တိတ် တိတ်"

ဟု ပတ်ချွဲနပ်ချွဲဖြင့်ပြောကာ မေကျော့ရှင်းကို နှောတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောမှနေ၍ သိမ်းကျုံးဖက်လိုက်စဉ်မှာပင် သူ စေ့ရုံစေ့ထားခဲ့သည့် အိပ်ခန်းတံခါးသည် ဝုန်းခနဲပွင့်သွားပြီး တံခါးဝ၌ ကိုမြသိန်းနှင့် ဌာနာအုပ်ကြီးဦးဖေအောင်တို့ကို တွေ့လိုက်ရသည့်တွင် "အောင်မယ်လေးဗျာ" ဟုအော်လျက် ခုတင်ပေါ်မှ ကယောင်ကတမ်း ခုန်ဆင်းလိုက်မိတော့၏။

"ဟင် . . . ကြာကူလီကောင် . . . ဟိုတစ်ခါ ပုလိပ်က လူမှားခံရပါတယ်ဆိုတဲ့ကောင် မဟုတ်လား၊ ကဲကွာ . . . ပလီပလာနဲ့ ကြာကူလီ ရိုက်ချင်ဦး"

လူရိုးလူအေးကြီး ကိုမြသိန်းမှာ ကျောချမ ဓားပြမှန်းသိသွားသဖြင့် လူရိုးစိတ်တိုဆိုသည့်အတိုင်း ဒေါသအိုးပေါက်ကွဲကာ သောင်းမြင့်ကို ပြေးထိုးတော့ရာ အခန်းထဲသို့ နောက်မှ လိုက်ဝင်လာကြသည့် ဦးအုန်းခိုင်နှင့် မြို့မိမြို့ဖတို့က ဝိုင်းဆွဲကြရလေတော့၏။

သောင်းမြင့်မှာမူ ခိုးထုပ်ခိုးထည်နှင့် ပက်ပင်းအမိခံလိုက်ရသည့်အတွက် ဆင်ခြေဆင်လက် မပေးသာတော့ဘဲ ခေါင်းငိုက်စိုက်လျက် မောင်းကျောက်မှန်သည့်ကြက်နှယ် ငေးတေးငိုင်တိုင်ကြီး ဖြစ်သွားပါတော့သည်။





ဤတွင် ဆားပုလင်းတစ်ဦးက သောင်းမြင့်အား လက်ထိတ်ခတ်လိုက်ပါတော့သတည်း။

❋

ဦးအုန်းခိုင်က သူ့ညီ၏ အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြပြီးနောက် ဒန်းပေါးလ်ဆေးတံကြီးကို နှစ်ဖွာ သုံးဖွာခန့် အားပါးတရ ဖွာလိုက်လေ၏။ ပြီးမှ စကားကို ဆက်လေသည်။

"အဲဒီအချိန်ကစပြီး ကျုပ်ရဲ့ညီ မြသိန်းနဲ့ မေကျော့ရှင်းတို့ ကွဲသွားခဲ့ကြတယ်ကွဲ့၊ ဟို ကြာကူလီနှစ်ကောင်ကတော့ ထောင်ငါးနှစ်စီ ကျသွားကြတာပေါ့ကွယ်၊ ကျုပ်ရဲ့ညီ မြသိန်းက မေကျော့ရှင်းကို ကိုယ်ပေါ်က ရွှေတစ်ဆင်စာနဲ့ ငွေတစ်သောင်းပေးပြီး အိမ်ကနေ နှင်ချလိုက်တယ်လေ၊ အဲဒီကောင်ကလည်း ပိုးကုတ်တစ်မြို့လုံး အုတ်အော်သောင်းတင်းဖြစ်ပြီး အရှက်တကွဲ အကျိုးနည်းလို့သာ အိမ်ပေါ်က နှင်ချခဲ့ပေမယ့် သူ့မယားကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းတသသဖြစ်ပြီး မသောက်စဖူးတဲ့အရက်ကို သောက်ရင်း အရက်ရဲ့ကျေးကျွန်ဖြစ်ခဲ့ရတော့တာပါပဲ၊ ကျုပ်တို့မိသားစုလည်း မိုးကုတ်မြေကို ရက်စိတ်နာပြီး လုပ်ငန်းခွင်တွေနဲ့ အိမ်ကြီးကို ရောင်းပြီး ရန်ကုန်ဆင်းလာခဲ့ကြတာပါပဲ''

''ဩော် . . . ဒါထက် အဲဒီ မေကျော့ရှင်းကရော ဘယ်ရောက်သွားသလဲဟင်''

''မေကျော့ရှင်းရဲ့သတင်းကတော့ အဲဒီကတည်းက အစပျောက်သွားတော့တာပါပဲ၊ သူတို့ရဲ့သားလေး တာတီးလည်း ကံမကောင်းရှာပါဘူး၊ ကျုပ်တို့မောင်နှမက ပိုးမွေးသလို မွေးထားတဲ့ကြားက အဖျားကြီးပြီး တက်တဲ့ရောဂါနဲ့ပဲ ဆုံးခဲ့ရှာပါတယ်''

''အင်း . . . အတော်ကြေကွဲစရာကောင်းတဲ့ မိသားစုလေးပဲနော်''

''ဟုတ်တာပေါ့ ရတီရယ်၊ အရင်းစစ်တော့ အမြစ်မြေက ဆိုသလိုပဲ ပင်ကိုဗီဇမကောင်းတဲ့ မိန်းမကိုယူမိတဲ့အတွက် ကျုပ်ရဲ့ညီ ဘဝပျက်ခဲ့ရတာပါပဲ၊ တကယ်လို့သာ ရတီလို မိန်းမကောင်းလေးနဲ့ လက်ထပ်ခွင့်ကြုံခဲ့ရင် ကျုပ်ရဲ့ညီ အဲဒီလို ဘယ်ဖြစ်မလဲ၊ နောက်ဆုံးတော့ သူပါ ပျောက်ဆုံးသွားခဲ့ရတယ်၊ မယားတစ်ရှူး





စိတ်နဲ့ ဖောက်ပြန်ပြီး တစ်နေရာရာ ထွက်သွားတယ်ထင်ပါရဲ့ ကွယ်၊ ခုအထိ ရှာလို့ကို မတွေ့ပါဘူး''

''ဦးမြသိန်းရဲ့အကြောင်းကြားရတာ စိတ်မကောင်းပါဘူး ဦးရယ်''

သူမတို့ ထိုသို့စကားပြောနေကြစဉ် ဆီဒင်ကားကြီးသည် ခြံထဲသို့ ချိုးကွေ့ဝင်လာသဖြင့် သူမတို့ လှမ်းကြည့်လိုက်မိရာ ကားနောက်ခန်းတွင် ဒေါ်မင်းစိန် လိုက်ပါလာပြီး ကားမောင်းလာသည့် လူရဲက သူမကို တစ်ချက် စူးစူးရဲရဲစိုက်ကြည့်လိုက်ပြီးမှ ချက်ချင်း မျက်နှာလွှဲလျက် ပေါ်တီကိုအောက်သို့ ကားကိုမောင်းဝင်သွားတော့၏။

မှုံရတီကလည်း လူရဲကို အမှတ်မထင် လိုက်ကြည့်မိပြီး နှုတ်ခမ်းဖူးဖူးလေးကို မဲ့လိုက်မိပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## သွေးရဲသည့်ည

## ပျောက်ဆုံးသူ၏အလောင်း

သံသယညနေရီ

မောဟာလွင်ပြင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## သွေးရဲသည့်ည

ထိုနေ့ညက မှုံရတီသည် တော်တော်နှင့် အိပ်မပျော်ချေ။ ညနေခင်းက ဦးအုန်းခိုင်ပြောပြသည့် ပင်လယ်ပိုင်ဒေသမှ ထူးဆန်းသောရွာကလေးအကြောင်း၊ ကံကြမ္မာဆိုးလှသည့် လူရိုးလူအေးကြီး ဦးမြသိန်း၏အကြောင်း၊ မေကျော့ရှင်းဆိုသော မိန်းမလည်၏အကြောင်းတို့ကို ပြန်လည်ကြားယောင်လျက် ရှိလေသည်။

ယင်းအပြင် သူမနှင့်တစ်အိမ်တည်းတွင် တာဝန်ထမ်းဆောင်နေသူချင်း အတူတူ သူမကို ခပ်ကင်းကင်းနေသည့် လူရဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ဒရိုင်ဘာကိုလူချော၏အကြောင်းပါ တွေးလိုက်မိရာ . . .

"ဟွန်း . . . ဒရိုင်ဘာသာဆိုတယ် လူက မာနတစ်ခွဲသားနဲ့ အို . . . သူ့အကြောင်း ဘာဖြစ်လို့စဉ်းစားမိပါလိမ့် . . . ငါ့နှယ်"

ဟု သူမကိုယ်သူမ မကျေမနပ်ဖြစ်မိပြီး အတွေးထဲမှ မောင်းထုတ်လိုက်မိပါတော့၏။

သို့ဖြင့် ညဥ့်သန်းခေါင်ကျော်သည့်တိုင် အိပ်မပျော်နိုင်ဖြစ်နေစဉ် ကောင်းကင်ယံမည်းမည်းကြီးတွင် လျှပ်တို့ပြိုးပြက်လာပြီး မိုးဖွဲလေးများကျလာသဖြင့် ဖွင့်ထားမိသည့် မှန်ပြတင်းပေါက်ကို ထပိတ်ရလေတော့သည်။

သူမက ပြတင်းတံခါးကို အသာဆွဲပိတ်လိုက်စဉ်မှာပင် လျှပ်တစ်ချက် ပြက်လိုက်သည်၌ လျှပ်ရောင်ကြောင့် ခြံဝင်း၏ ရှေ့တံခါးကို ကျော်တက်နေသည့် လူရိပ်တို့ကို တွေ့လိုက်ရရာ မျက်လုံးပြူးသွားမိတော့၏။

သရက်ပင်ကြီးတို့၏အရိပ်ကြောင့် အမှောင်ထုထဲရောက်နေသည့် ဝင်းတံခါးဝကို ယခုလို လမိုက်ညမျိုးတွင် သဲသဲကွဲကွဲ





မမြင်နိုင်ချေ။

သူမက ခြံဝင်းတံခါးဝဆီ အာရုံစိုက်လျက် ထပ်ကြည့်သည့်အခါမှာမူ အမှောင်လွှမ်းနေသဖြင့် ဘာကိုမျှ မမြင်တွေ့ရချေ။

"လူ . . . လူရိပ်တွေ့လိုက်သလိုလိုပါပဲ၊ ဒါပေမဲ့ . . . ငါများ အမြင်မှားတာလား"

သူမ၏စိတ်ဝယ် ဇဝေဇဝါဖြစ်သွားပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတော့၏။

"ခြံထဲကို မသူတော်တွေများ ကျော်ခွဝင်လာသလား၊ ဒါမှမဟုတ် ငါပဲ အမြင်မှားတာလား"

မည်သို့ဖြစ်စေ မှုရတီက သဲသဲကွဲကွဲသိလိုသည့်ဆန္ဒဖြစ်ပေါ်လာပြီး လက်နှိပ်ဓာတ်မီးကိုယူကာ အိပ်ခန်းထဲမှ ခြေဖော့နင်းလျက် ထွက်လာတော့၏။

အတိသုခစံအိမ်ကြီး၏ အရှင်သခင် ဦးအုန်းခိုင်၊ ဒေါ်မင်းစိန်နှင့် ဘဏ္ဍာစိုးကြီးဦးအောင်သိန်း (ခ) သူကြီးတို့က စံအိမ်ကြီး၏ အပေါ်ထပ်မှာ အိပ်ကြပြီး စံအိမ်ကြီး၏အောက်ထပ် နောက်ဘက်အခန်းများတွင် မှုရတီကတစ်ခန်း၊ အိမ်စေမလေးများဖြစ်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



အေးကြည်မနှင့်မိသိန်းအေးတို့ကတစ်ခန်း အိပ်စက်ကြလေသည်။ လူရဲနှင့်ကမန်းကတန်းကြင်စိန်ကမူ စံအိမ်ကြီး၏နံ့ဘေးကပ်လျက်ရှိ ကားဂိုဒေါင်အပေါ်မှ အခန်းတွင် အိပ်ကြ၏။

ယခုတော့ မှုံရတီသည် မသက်ာဖွယ် လူရိပ်လိုလို တွေ့လိုက်ရသဖြင့် တကယ်ပဲလား၊ မျက်စိအမြင်မှားလေသလားဟု ဝေခွဲမရသည်နှင့် အိပ်ခန်းထဲမှထွက်ကာ ဧည့်ခန်းမကြီးကို ဖြတ်လျှောက်လာခဲ့မိလေ၏။

ထို့နောက် သူမက အိမ်ရှေ့တံခါးချက်တို့ကို အသံမမြည်အောင် ဖြုတ်လိုက်ပြီး ကျွန်းတံခါးရွက်ကြီးကို ဖြည်းဖြည်းဟကာ အပြင်သို့ ချောင်းကြည့်လိုက်လေ၏။

အပြင်ဘက်လောကသည် မိုးဖွဲဖွဲအောက်တွင် မှောင်ပိန်းနေပြီး ခပ်လှမ်းလှမ်းရှိ လမ်းဘေးမီးတိုင်မှ အလင်းဖျော့ဖျော့က သစ်ရွက်သစ်ခက်တို့ကို ထိုးဖောက်လျက် ပြောက်တိပြောက်ကျား ကျရောက်လျက် ရှိလေသည်။

သူမက အပြင်ဘက်မှောင်ရိပ်တို့ထဲသို့ အာရုံစိုက်ကြည့်လိုက်သော်လည်း လူရိပ်တစ်စုံတစ်ရာကို မတွေ့ရသဖြင့် စိတ်နည်းနည်းအေးသွားမိလေ၏။





သို့သော် သေချာအောင် ထပ်မံစူးစမ်းလိုသဖြင့် တံခါးအပြင်ဘက်သို့ ထွက်လိုက်ပြီး ကျောက်သလင်းလှေကားထစ်သုံးထစ်ကို ဆင်းကာ ဟိုသည်ကြည့်လိုက်စဉ် ပေါ်တီကိုကိုထောက်ထားသည့် အင်္ဂတေတိုင်လုံးကြီးတစ်လုံးနောက်မှ လူရိပ်မည်းမည်း ခုန်ထွက်လာကာ မှုံရတီကို လက်တစ်ဖက်ဖြင့်နောက်ဘက်မှ ဖမ်းချုပ်လိုက်လျက် အခြားလက်ဝါးဖြင့် မှုံရတီ၏ပါးစပ်ကို ပိတ်လိုက်လေသည်။ မှုံရတီမှာ အငိုက်မိသွားပြီး မလှုပ်သာ မယှက်သာ ဖြစ်သွားရတော့၏။

ထိုစဉ်မှာပင် ပေါ်တီကိုဘေးရှိ ပန်းချုံနောက်မှ နောက်ထပ် လူနှစ်ယောက်ထွက်လာရာ လျှပ်တစ်ချက် ပြက်လိုက်သည်တွင် ထိုသူတို့၏လက်ထဲ၌ ကိုင်လာကြသည့် ဓားမြှောင်အသွားတို့ လက်ခနဲဖြစ်သွားသည်ကို တွေ့လိုက်ရတော့၏။

ယင်းအခိုက်မှာပင် အိမ်ဘေးမှ လူရိပ်တစ်ခု ခုန်ထွက်လာကာ ဓားမြှောင်ကိုင်သူတစ်ဦး၏နံဘေးကို ခုန်ကန်ထည့်လိုက်လေသည်။

'ဖောင်း'

ထိုသူ့ဓားရော လူရော လွင့်ထွက်သွားသည်တွင် နောက်



www.burmeseclassic.com

www.burmeseclassic.com



ဓားသမားက ဓားမြှောင်ဖြင့် ပြေးထိုးတော့၏။

အိမ်ဘေးမှထွက်လာသူက ထိုးလာသည့်ဓားချက်ကို ဖရက်ခုန် ခုန်ကာရှောင်လိုက်ပြီး ဓားကိုင်လက်ကို ညာခြေစောင်းဖြင့် ခတ်ထည့်လိုက်တော့သည်။

'ဖြောင်း'

ကန်ချက်က ပြင်းသဖြင့် ဓားလွင့်ထွက်သွားပြီး ဓားသမားမှာ လက်နက်မဲ့သွားတော့၏။

ယင်းသို့ လျှပ်တစ်ပြက် တိုက်ခိုက်ခံရမှုကြောင့် မုံ့ရတီကို ချုပ်ကိုင်ထားသူ၏အာရုံက ခံနေရသည့်သူ့လူတို့ဘက်သို့ ရောက်သွားသဖြင့် ချုပ်နှောင်မှု· အားလျော့သွားရလေသည်။

ဤသည်ကို အခွင့်ကောင်းယူပြီး မုံ့ရတီက သူမကို ချုပ်ထားသူ၏ရင်ဝအား တံတောင်ဖြင့် ဆောင့်တွတ်ထည့်လိုက်တော့၏။

'အွတ်'

ထိုသူ ခါးကုန်းသွားပြီး မုံ့ရတီ၏ပါးစပ်ကို ပိတ်ထားသည့်လက် ကွာကျသွားသည်တွင် မုံ့ရတီက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီးမှ နောက်ပြန်ကန်ချက်ကြောင့် ထိုလူ၏ရင်ဝကို





ဆောင့်ကန်ထည့်လိုက်တော့သည်။

'ဖောင်း'

'အွတ်'

ထိုသူမှာ ရင်ဝကို လက်ဖြင့်ဖိကာ ဖင်ထိုင်ကျသွားတော့၏။

အိမ်ဘေးမှထွက်လာသူက လက်နက်မဲ့သွားသူကို ဘယ်ညာ ဝိုက်လက်သီးများဖြင့် ထိုးချလိုက်ရာ ထိုသူမှာ ချက်ကောင်းမိပြီး ဖင်ထိုင်ကျသွားတော့သည်။

ထိုအခါမှ ခြံထဲသို့ ကျူးကျော်ဝင်ရောက်လာသူတို့သည် လဲကျနေကြရာမှ လူးလဲထပြီး ခြံဝဆီပြေးသွားကြကာ ခြံတံခါးကို အူယားဖားယား ကျော်ခွလျက် ခြံအပြင်သို့ ခုန်ချထွက်ပြေးသွားကြပါတော့၏။

ဤတွင်မှ မုံ့ရတီက စစ်ကူရောက်လာသူကို ကြည့်လိုက်ရာ လမ်းမီးရောင် ပြောက်တိပြောက်ကျားကြောင့် ထိုသူမှာ လူရဲဖြစ်ကြောင်း တွေ့ရတော့သည်။

"ဩော် ... ရှင်ကိုး"

"ဟုတ်ပါတယ် ရတီ၊ မင်း အိမ်ထဲကထွက်လာတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ကိုယ် စိတ်မချတာနဲ့ ထွက်ကြည့်တာပါ''

''ရှင်က ကျွန်မကို စိတ်မချတာလား၊ မသင်္ကာဖြစ်တာလား''

သူမက တမင်ရွဲ့ပြီးမေးလိုက်ရာ လူရဲက ပြုံးလိုက်လျက်ရွဲ့ပြီးဖြေလေတော့၏။

''ဟုတ်တယ်၊ စိတ်မချတာထက် မသင်္ကာဖြစ်တာ ပိုတယ်၊ ညကြီးသန်းခေါင်မှာ အိမ်ကြီးထဲကနေ တိတ်တိတ်ကလေးထွက်တဲ့ မိန်းကလေးဟာ ရည်းစားတွေ ဘာတွေနဲ့များ ချိန်းထားသလားလို့''

''ဘာရှင့်''

''အိုး ဟိုး ... တစ်အိမ်လုံးကြားပြီး လန့်နိုးကုန်အောင်မအော်ပါနဲ့၊ ကိုယ်က နောက်တာပါ၊ တစ်ခုခုအကြောင်းရှိလို့ရတီထွက်လာတာပဲလို့ ယူဆပြီး စိတ်မချလို့ ကိုယ်ထွက်ကြည့်တာပါ''

''ဟုတ်တယ်၊ အဲဒီလူတွေ ခြံတံခါးကို ကျော်ခွဝင်လာတာ ရတီ အခန်းပြတင်းပေါက်ကနေ လှမ်းမြင်လိုက်လို့ မသင်္ကာဖြစ်ပြီး ထွက်ကြည့်တာပါ''





''ရတီက မိန်းကလေးဖြစ်ပြီး အတော်သတ္တိကောင်းတာပါလား၊ ပြီးတော့ ... ရတီတိုက်ခိုက်ပုံက အတော်သေသပ်တာပဲ၊ ရတီဟာ သာမာန်မိန်းကလေး မဖြစ်နိုင်ဘူး''

''အို ... ရတီက သာမန်မိန်းကလေးပါပဲ၊ ရတီရဲ့ဖေဖေက ရှမ်းသိုင်းဆရာကြီးဦးညွန့်လှိုင်လေ၊ ဖေဖေသင်ပေးခဲ့လို့ ရတီဗန်တို ဗန်ရှည်ကို တတ်နေတာပါ၊ ဒါထက် ... စောစောကလူတွေကို ဘယ်လိုမြင်သလဲ ကိုလူရဲ''

''ဖောက်ထွင်းသမား သူခိုးတွေလို့ထင်တာပဲ၊ ရတီကရော ဘယ်လိုထင်သလဲ''

''ဖောက်ထွင်းသမား သူခိုးတွေဖြစ်နိုင်ပါတယ်၊ အတော်လက်ရဲဇက်ရဲနိုင်သူတွေပဲ၊ ရတီတစ်ယောက်တည်းဆို သူတို့ရဲ့လက်ခုပ်ထဲကရေ ဖြစ်သွားမှာပဲ၊ ကိုလူရဲ ဝင်ကူတာကို ကျေးဇူးတင်ပါတယ်ရှင်''

''ကျေးဇူးအထူးတင်ဖို့ မလိုပါဘူးဗျာ၊ ကိုယ်လည်း ဒီအိမ်က ဝန်ထမ်းပဲလေ၊ ဒီအိမ်ကြီးက ဝန်ထမ်းတွေဟာ ဒီစံအိမ်ကြီးကိုရော ဒီစံအိမ်ကြီးနဲ့ ပတ်သက်ဆက်နွှယ်သူအားလုံးကိုရော ကာကွယ်စောင့်ရှောက်ရမယ့်တာဝန် ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကိုလှုရဲနဲ့ရတီ သဘောထားတူပါတယ်"

"ကဲ ကဲ . . . အိမ်ထဲဝင်ပြီး ပြန်အိပ်တော့ရတီ၊ အကျိုးအကြောင်းကို မနက်ကျမှပဲ မမစိန်တို့ကို ပြောပြကြတာပေါ့"

"ဟုတ်ကဲ့"

❋

နောက်နေ့နံနက် အဆာပြေကော်ဖီဝိုင်းတွင် ညက အဖြစ်အပျက်ကို မှုံရတီက ပြောပြလိုက်ရာ ဦးအုန်းခိုင်ရော ဒေါ်မင်းစိန်ပါ ထိတ်လန့်အံ့သြသွားကြတော့၏။

"အလို ဘုရားရေ . . . ဒါဆို ညက ကံကြီးပေလို့သာပေါ့၊ မောင်လှုရဲနဲ့ရတီတို့ကတော့ အားကိုးရပါပေရဲ့ကွယ်၊ ကြင်စိန်တို့ကတော့ အဲဒီအချိန်မှာ မူးပြီး အိပ်မက်ထဲ ဟိုဟာမတွေနဲ့ တွေ့နေထင်ပါရဲ့"

ဒေါ်မင်းစိန်က ရတီတို့ကို ချီးကျူးစကားဆိုသလို ဦးအုန်း





ခိုင်ကလည်း ကျေးဇူးတင်စကားပြောလေ၏။

"မောင်လှုရဲနဲ့ရတီတို့ လူဆိုးလူမိုက်တွေရဲ့ရန်ကို စွန့်စားဖြိုခွင်းလိုက်တာကို ကျေးဇူးတင်လှပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ကစပြီး ကျုပ်တို့တစ်အိမ်လုံး လုံခြုံရေးသတိရှိဖို့တော့လိုပြီ၊ အဲဒီကောင်တွေဟာ ဖောက်ထွင်းဝိဇ္ဇာတွေပဲလား၊ တခြားရန်ပြုမယ့် လူလားဆိုတာ ခွဲခြားမသိနိုင်ဘူး၊ ဒါကြောင့် . . . အားလုံးသတိရှိဖို့လိုတယ်၊ မောင်လှုရဲနဲ့ရတီတို့အနေနဲ့ ကျုပ်တို့မိသားစုကို ဆက်လက်ပြီး ကူညီစောင့်ရှောက်ပါ၊ မင်းတို့နှစ်ယောက်ရဲ့ လစာကိုလည်း ဒီလကစပြီး နှစ်ဆယ်ဆီ တိုးပေးမယ်"

"လစာတိုးပေးဖို့ မလိုပါဘူးလေ၊ ရတီတို့မှာ မှီတင်းနေထိုင်တဲ့အိမ်နဲ့ အတူနေသူအားလုံးကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန် ရှိပါတယ်"

"အဲဒီလိုသိတတ်တာကို ကျုပ်က ပိုပြီး လေးစားတာပါရတီ၊ ဘာပဲဖြစ်ဖြစ် ကျုပ်က ချီးမြှင့်ထိုက်သူကိုတော့ ချီးမြှင့်ရမှာပါပဲ"

ဤတွင် ဒေါ်မင်းစိန်ကလည်း ဝင်ပြောလေသည်။

"ဟုတ်ပါတယ် ညီမလေးရတီရယ် . . . မောင်လှုရဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



မမစိန်ရဲ့ရန်အန္တရာယ်ကို ကာကွယ်ပေးတာ နှစ်ခါရှိပြီ၊ ခုတော့ မောင်လူရဲရော ရတီပါ သွေလိုမျိုးလို အားကိုးရတာပဲ၊ ချိုးမြှင့် ရမှာပေါ့၊ ရှေ့ဆက်ပြီးသာ မမစိန်တို့ မောင်နှမအပေါ် သစ္စာရှိရှိနဲ့ စောင့်ရှောက်ကူညီပါကွယ်''

''ဟုတ်ကဲ့ မမစိန်၊ အဲဒါတော့ စိတ်ချပါ''

''အေးကွယ် ... သာဓု သာဓု သာဓု''

❋❋❋



## ပျောက်ဆုံးသူ၏အလောင်း

အတိသုခစံအိမ်ခြံဝင်းကြီးထဲသို့ လူဆိုးများကျူးကျော်ဝင်ရောက်ရန် [illegible]ားပြီး ရက်သတ္တပတ်ကျော်အကြာ တစ်ခုသောညဦ ...

မိုးလေးတဖြောက်ဖြောက် ရွာနေချိန်ပယ် ခုတင်ထက်၌ စောင်ချုံကွေးနေသည့် မှုံရတီသည် ဝတ္ထုစာအုပ်တစ်အုပ်ကိုဖတ်နေရာမှ အိပ်ပျော်သွားခဲ့ရာ ညဦးပိုင်းက ရေဒီယိုနားထောင်ရင်း ရေနွေးအတော်များများ သောက်ခဲ့မိသဖြင့် ညဥ့်ဝက်ခန့်တွင် ဆီးအောင့်လာသောကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးအေးဖြင့် ဆက်လက်ကွေးနေချင်သော်လည်း ဆီးက ပိုအောင့်လာသဖြင့် မတတ်သာတော့ဘဲ အိပ်ရာမှ လူးလဲထကာ လက်နှိပ်ဓာတ်မီးလေးယူပြီး နောက်ဖေးဘက်သို့ ထွက်ခဲ့လေ၏။

သူမက လက်နှိပ်ဓာတ်မီးပါသဖြင့် စကြံမီးတို့ကို ဖွင့်မနေတော့ချေ။

မုံ့ရတီသည် ရေအိမ်ဝင်ပြီး ပြန်ထွက်လိုက်စဉ် စကြံလမ်းအတိုင်း တစ်စုံတစ်ဦး လျှောက်လှမ်းလာသည့် ခြေသံဖွဖွကို ကြားလိုက်ရရာ မည်သူများပါလိမ့်ဟုတွေးကာ စောင့်ကြည့်နေလိုက်လေ၏။

"ဘယ်သူလဲမသိဘူး ... ငါ့လိုပဲ စကြံမီးလည်း မဖွင့်ပါလား၊ လက်နှိပ်ဓာတ်မီးရောင်ပဲ တွေ့ရတယ်"

ခဏအကြာတွင် ခြေသံပျောက်သွားပြီး တံခါးတစ်ချပ်ပွင့်သွားသံ ကျွီခနဲကြားလိုက်ရရာ ထူးဆန်းသွားသဖြင့် မုံ့ရတီစိတ်ဝင်စားသွားကာ လက်နှိပ်ဓာတ်မီးကို မဖွင့်ဘဲ မီးဖိုဆောင်အဝဆီ ခြေဖော့နင်းလျှောက်သွားလိုက်၏။

သူမက မီးဖိုဆောင်အဝမှ စကြံလမ်းဆီ လှမ်းကြည့်





လိုက်ရာ တစ်စုံတစ်ယောက်သည် စတိုခန်းကြီးထဲသို့ လှမ်းဝင်သွားပြီး တံခါးရွက်ကို အတွင်းမှ ပြန်ပိတ်သွားသည်ကို တွေ့လိုက်ရလေသည်။

"အို ... ဘယ်သူများပါလိမ့်၊ ညဉ့်နက်သန်းခေါင်ကြီးမှာ စတိုခန်းထဲဝင်သွားတာ ဘယ်သူများပါလိမ့်၊ သူခိုးများလား၊ အင်း ... သူခိုးဆိုရင်လည်း စတိုခန်းတော့ မဝင်လောက်ပါဘူး"

မုံ့ရတီက ပိုမိုစိတ်ဝင်စားသွားကာ ခြေဖော့နင်းလျက် စတိုခန်းအဝဆီ တစ်လှမ်းချင်း လျှောက်လှမ်းသွားလိုက်လေသည်။

ထိုအချိန်ဝယ် စံအိမ်ကြီး၏အပြင်ဘက်၌ လေတို့ ဟူးဟူးလျားလျား တိုက်ခတ်လာပြီး လျှပ်တို့က တဖျပ်ဖျပ်လက်နေသဖြင့် လျှပ်ရောင်က ပြတင်းပေါက်တို့အထက်ရှိ မှန်ကူကွက်များကို ထွင်းဖောက်ကာ စံအိမ်ကြီးထဲ ဖျပ်ခနဲ ဖျပ်ခနဲ ဝင်ရောက်လျက် ရှိလေ၏။

"ဂျိမ်း ဒလိန်း ဒိန်း ဂျိမ်း"

မိုးခြိမ်းသံတို့ ထွက်ပေါ်လာသလို သူမ၏ရင်သည်လည်း တဒိန်းဒိန်း ခုန်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စတိုခန်းအဝသို့ရောက်လေလျှင် မှုံရတီသည် ခပ်ဟာဟာ ဖြစ်နေသည့် တံခါးကြားမှအတွင်းသို့ ကြည့်လိုက်ရာ စတိုခန်းထဲမှာ မှောင်မည်းလျက်ရှိကြောင်း တွေ့ရလေသည်။

''ဟင် . . . စောစောက ဝင်သွားတာ ဘယ်သူလဲမသိဘူး၊ စတိုခန်းထဲမှာလည်း မှောင်လို့ပါလား''

သူမမှာ ဘာဆက်လုပ်ရမှန်းမသိသဖြင့် နေရာမှာပင် ရပ်နေမိလိုက်၏။ စတိုခန်းကြီးထဲမှာလည်း မည်သည့်လှုပ်ရှားသံမျှ မကြားရဘဲ ငြိမ်သက်ငေ့နေသည်။

''စောစောကလူတစ်ယောက် ဒီအခန်းထဲ ဝင်သွားပါတယ်၊ ခု ဘာသံမှမကြားရပါလား၊ ကေန္တ . . . ငါမြင်လိုက်ရတဲ့လူဟာ လူမှဟုတ်ရဲ့လား၊ သရဲတစ္ဆေများလား၊ ဟို . . . ဟို . . . ဦး . . . မြသိန်းသေပြီး မကျွတ်မလွတ်လို့ ဒီစံအိမ်ကြီးထဲ ရောက်လာတာများလား''

ယင်းသို့ တွေးလိုက်သည့်အခိုက်ဝယ် သူမ၏တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားလေ၏။ သို့သော် သူမသည် အသည်းငယ်တတ်သူမဟုတ်သဖြင့် ဘာပဲဖြစ်ဖြစ် ဤစတိုခန်းကြီးထဲသို့ ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး လက်နှိပ်ဓာတ်မီးကို ထောက်ခနဲ





ဖွင့်ကာ အခန်းထဲသို့ လှမ်းဝင်လိုက်တော့သည်။

ဆယ့်ငါးပေပတ်လည်ခန့် ကျယ်ဝန်းသည့် စတိုခန်းကြီးထဲတွင် ဗီရိုဟောင်းကြီး သုံးလေးလုံးနှင့် ထိုင်ခုံအကျိုးအပျက်များကို တွေ့ရလေ၏။ သစ်သားခုတင်၊ သံခုတင်ဟောင်းတို့ကိုပါ တွေ့ရပြီး ထိုင်ခုံတစ်လုံးထက်တွင် ဖိလစ်ရေဒီယိုဟောင်းတစ်လုံးကိုပါ တွေ့ရလေသည်။ အခန်း၏ဝဲဘက်ထောင့်တွင်မူ အနားပဲ့နေသည့် တရုတ်ကြွေပန်းအိုးကြီးတစ်လုံးကို တွေ့ရပြီး ယင်းပန်းအိုးထဲသို့ ထိုးစိုက်ထားသော အုန်းတံမြက်စည်းတစ်ချောင်းကိုပါ တွေ့ရလေသည်။

''ဟင် . . . လူရိပ်လူယောင်လည်း မမြင်ရပါလား၊ ငါ . . . ငါ ထင်တဲ့အတိုင်း စောစောကဟာ လူမဟုတ်ဘဲ နာနာဘာဝနဲ့တူရဲ့''

သူမက ကျောချမ်းသလိုဖြစ်လာကာ လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုးသည်ထိုးလုပ်နေစဉ် တကျွီကျွီ တဟီးဟီးအသံများနှင့် အတူ နံရံ၌ကပ်နေသည့် အစွန်ဆုံးမှ ဗီရိုဟောင်းကြီးက တရွေ့ရွေ့ လည်လာရာ မျက်လုံးပြူးသွားပြီး လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းဗီရိုကြီးမှာ တရွေ့ရွေ့လည်လာပြီး ဗီရိုနှင့်နံရံအကြားမှ လက်နှိပ်ဓာတ်မီးရောင်ကို တွေ့ရရာ ယင်းမှာ နာနာဘာဝမဟုတ်ဘဲ လူဖြစ်ရမည်ဟု တွေးမိကာ ထိုဗီရိုကြီး၏နောက်၌ လျှို့ဝှက်ဝင်ပေါက်တစ်ခု ရှိနေပြီဖြစ်ကြောင်း ခန့်မှန်းမိလိုက်လေ၏။

သို့ကြောင့် မှုံရတီက တရုတ်ကြွေပန်းအိုးကြီး၏ နောက်သို့ ဝင်ပုန်းလိုက်ပြီး ဘာတွေဖြစ်လာမည်နည်းဟု စိတ်ဝင်စားရင်ခုန်စွာ စောင့်ကြည့်နေလိုက်တော့သည်။

"ကျွီ ဟီ ဟီ ဟီ"

အိမ်အပြင်ဘက်မှ လေတိုးသံများကြား ဗီရိုရွေ့လျားသံသဲ့သဲ့ထွက်ပေါ်လာပြီး ဗီရိုကြီးမှာ ၉၀ ဒီဂရီလည်သွားကာ ဗီရို၏နောက်ရှိ နံရံအပေါက်ထဲမှ လူတစ်ဦးထွက်လာပါတော့၏။

အုတ်နံရံကို ထိုးထားသော လက်နှိပ်ဓာတ်မီးရောင်၏ ရောင်ပြန်ဖြင့် ထိုသူ၏မျက်နှာကို တွေ့လိုက်ရရာ မှုံရတီမှာ အံ့အားသင့်ကာ ခန္ဓာကိုယ်လေး တောင့်ခနဲဖြစ်သွားရလေတော့သည်။

"အို ...ဦး ...ဦးအုန်းခိုင်ပါလား"





ဂရိတ်ကုတ်အင်္ကျီရှည်နှင့် သက္ကလတ်ဘောင်းဘီရှည်ကြီးဝတ်ထားသည့် ဦးအုန်းခိုင်က ဗီရိုဘေးနံရံရှိ အုတ်ပေါက်ထဲသို့ လက်နှိုက်လိုက်ရာ ဗီရိုကြီးမှာ တကျွီကျွီ တဟီဟီအသံများပြုလျက် ပြန်လည်သွားပြီး အပေါက်ဝကို ပြန်ပိတ်ကာ မူလအတိုင်းနံရံတွင် ကပ်လျက် နေသားတကျ ဖြစ်သွားပါတော့၏။

ထို့နောက်တွင်မူ ဦးအုန်းခိုင်သည် စတိုခန်းကြီးထဲမှ ပြန်လည်ထွက်ခွာသွားပါတော့သတည်း။

စင်္ကြံလမ်းအတိုင်း လျှောက်လှမ်းသွားသည့် ဦးအုန်းခိုင်၏ ခြေသံတရွေ့ရွေ့ ဝေးသွားသည်ကို နားစွင့်ရင်း မှုံရတီ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

မှောင်မည်းကြီးထဲတွင် ဆယ့်ငါးမိနစ်ခန့် ငြိမ်သက်စွာရပ်နေပြီးမှ မှုံရတီက လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်ကာ စောစောက လှုပ်ရှားခဲ့သည့် ဗီရိုကြီးဆီသို့ လှမ်းသွားလိုက်၏။

သူမက ဗီရိုကြီးဘေးရှိ အုတ်နံရံမှ အုတ်ပေါက်ကဲ့သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အတွင်းဝယ် အမည်းရောင် ဘုသီးလိုလို တွေ့ရလေသည်။

သို့ဖြင့် သူမက ယင်း အုတ်ပေါက်ထဲသို့ လက်နှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘူသီးကို လက်ချောင်းထိပ်လေးများဖြင့် စမ်းလိုက်လျက် လက်မဖြင့် ဖိနှိပ်လိုက်လေ၏။ သို့ရာတွင် ဗီရိုကြီးက တုတ်တုတ်မျှ မလှုပ်ချေ။ သူမက ထပ်နှိပ်ကြည့်၏။ မလှုပ်၊ ထပ်နှိပ်ပြန်၏။ မလှုပ်။

''အို ... ဘယ်လိုဖြစ်တာပါလိမ့်''

မှုံရတီက စိတ်မရှည်ဖြစ်လာပြီး ဘူသီးလေးကို နှစ်ချက်ဆင့်ကာ နှိပ်လိုက်တော့၏။

ထိုအခါမှ တကျွိကျွိ တဟီဟီ အသံများထွက်ပေါ်လာပြီး ဗီရိုကြီးမှာ တရွေ့ရွေ့လည်လာပါတော့သည်။

''ဒီဗီရိုကြီးရဲ့နောက်က အပေါက်ထဲမှာ ဘာရှိသလဲမသိဘူး၊ ဦးအုန်းခိုင် ဘာလုပ်ဖို့ အဲဒီအပေါက်ထဲ ဝင်သလဲမသိဘူး၊ ငါ ဝင်ကြည့်မယ်''

စပ်စု စူးစမ်းလိုစိတ်ပြင်းပြခဲ့ပြီမို့ မှုံရတီက လှို့ဝှက်အပေါက်ကြီးထဲသို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ကြည့်လိုက်လေသည်။

''ဟော ... အောက်ဘက်ကိုဆင်းတဲ့ အုတ်လှေကားထစ်တွေပါလား၊ အောက်ဘက်မှာ မြေအောက်ခန်းရှိနေပြီပဲ''





သူမက အုတ်လှေကားထစ်များအတိုင်း ဆင်းလိုက်ရာ မြေအောက်ခန်းသို့ရောက်ရှိသွားသည်၌ အုတ်လှေကားဘေးမှ နံရံတွင် မီးခလုတ်ကဲ့သို့ ခလုတ်နှစ်ခုကို တွေ့ရလေသည်။

သူမက ဝဲဘက်မှခလုတ်ကိုနှိပ်လိုက်ရာ တကျွိကျွိ တဟီဟီ မြေအောက်ခန်းကြီး၏ မျက်နှာကြက်တွင် တပ်ဆင်ထားသော ဘတ်သီးက ထိန်ထိန်လင်းသွားပါတော့သည်။

ဆယ့်ငါးပေပတ်လည်ခန့်ကျယ်ဝန်းသည့် မြေအောက်ခန်းကြီး၏အလယ်တွင် ကျောက်ဖြူခုံရှည်တစ်လုံး ရှိနေပြီး ယင်းကျောက်ခုံပေါ်၌ ခေါင်းတလားကဲ့သို့သော သစ်သားသေတ္တာရှည်တစ်လုံးက ရှိနေပါ၏။

ယင်းသေတ္တာရှည်၏ပတ်လည်တွင် ရွှေရောင်စက္ကူများကပ်ထားရာ ခေါင်းတလားတစ်လုံးနှင့် ပို၍တူနေတော့သည်။

ထိုခေါင်းတလား၏ ခေါင်းရင်းတွင် ဖယောင်းတိုင်ကြီး သုံးတိုင်ကို စိုက်ထူကာ ထွန်းညှိထားပြီး တရုတ်အမွှေးတိုင် သုံးလေးချောင်းကိုလည်း ပန်းအိုးငယ်တစ်လုံးထဲ ထိုးစိုက်ထွန်းညှိထားရာ အငွေ့များ ထောင်းထောင်းထလျက် မြေအောက်ခန်းကြီးတစ်ခုလုံး မွှေးကြိုင်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမွေးကြိုင်တို့၏ မွှေးအီအီရနံ့ကြောင့် ခေါင်းမူးသလိုလို ဖြစ်သွားရသည်။ မှုံရတီသည် ယင်းခေါင်းတလားကြီး၏အနီးသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားပြီး အပေါ်ပိုင်း ခေါင်းဖုံးလှပ်ထားသည်မှ အထဲသို့ ငုံ့ကြည့်လိုက်တော့၏။

"အလိုလေး ... အလောင်း အလောင်းကြီး ဦးမြသိန်း ရဲ့အလောင်းကြီးပါလား ... ဘုရား ဘုရား"

ညှော်ခန်းနံ့ရုံတွင် ချိတ်ဆွဲထားသည့် ဦးမြသိန်း၏ ဓာတ်ပုံကြီးကို တွေ့ဖူးထားသဖြင့် ရုပ်ပျက်ခြင်းမရှိလှသော အလောင်းမှာ ဦးမြသိန်း၏အလောင်းဖြစ်ကြောင်း သူမ တပ်အပ်ပြောနိုင်ပါသည်။

"ဘုရား ... ဘုရား ... ပျောက်ဆုံးနေတယ်လို့ ကြော်ငြာထားတဲ့ ဦးမြသိန်းဟာ သေဆုံးခဲ့ပြီး သူ့အလောင်းကြီးက ဒီမြေအောက်ခန်းကြီးထဲမှာ ရှိနေတာကို ...၊

ဒါကို ဦးအုန်းခိုင်က သိလျက် ဘာဖြစ်လို့ ဖုံးကွယ်ထားရတာပါလိမ့် ...၊

သူက သူ့ညီရဲ့အလောင်းမှာတော့ ဖယောင်းတိုင်တွေ, အမွှေးတိုင်တွေ လာထွန်းပေးရှာသား ...၊

ခု နစ် စဉ် ကြယ် စာ ပေ



အဲဒါတွေဟာ ဘာသဘောလဲ၊ ဦးမြသိန်း ဘာဖြစ်လို့ သေသွားရတာလဲ၊ ကြည့်စမ်း ... ဦးမြသိန်းရဲ့ရင်ဘတ်မှာလည်း သွေးစွန်းထားသလို ညိုညိုအကွက်ကြီးပါလား၊ သူ ... သူ အသတ်ခံရတာများလား"

မည်သို့ဖြစ်စေ ဘဝက်ကြမ္မာဆိုးဝါးရှာသည့် ဦးမြသိန်း၏ အလောင်းကြီးကိုကြည့်ရင်း မှုံရတီမှာ စိတ်မကောင်းဖြစ်လျက် ရှိပါတော့၏။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## သံသယညနေရီ

နောက်တစ်နေ့ ညနေဆည်းဆာဝယ် မိုးသားမိုးတိမ်တို့ လင်းစင်ကာ ရာသီဥတုသာယာလှသဖြင့် ညစာအတွက် ချက်ပြုတ်ပြီးပြီဖြစ်သည့် မှုံရတီသည် စံအိမ်ကြီးရှေ့မှ ပန်းခြံထဲရှိ သစ်သားခုံတန်းလျားလေးတွင်ထိုင်လျက် ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။

ခဏအကြာတွင်မူ ကန်တော်ကြီးဘက်သို့ လမ်းလျှောက်ထွက်ရာမှ ပြန်လာသည့် ဦးအုန်းခိုင်က ယမနေသားတုတ်ကောက်ကို ဟန်ပါပါထောက်ရင်း အတိသုခစံအိမ်ခြံဝင်းကြီးထဲသို့





ဝင်ရောက်လာပြီး အိမ်ထဲသို့ တန်းမဝင်ဘဲ မှုံရတီရှိရာသို့ လျှောက်လှမ်းလာကာ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်လေ၏။

"ဦး ... လမ်းလျှောက်ထွက်ရာက ပြန်လာတာလား"

မှုံရတီက ဝတ္ထုစာအုပ်ကို ပိတ်လိုက်ကာ ခုံတန်းလျား၏ ဘေးစွန်းသို့ တိုးပေးလိုက်ပြီး ပဋိသန္ထာရစကားဖြင့် မေးလိုက်လေသည်။

"ဟုတ်တယ် ရတီ"

ဦးအုန်းခိုင်က ခုံတန်းကို ကျောမှီထိုင်လိုက်ကာ မြေပြင်သို့ ငေးကြည့်ရင်း သက်ပြင်းကြီးချလိုက်လေသည်။

"ဟော ... ဦး သက်ပြင်းတချချနဲ့ ဘာဖြစ်လို့လဲရှင့်"

ဦးအုန်းခိုင်က မှုံရတီကို လှည့်ကြည့်လိုက်ပြီး ...

"ရတီ့ကို ပြောစရာရှိလို့"

ဟု တုံးတိတိကြီးပြောလိုက်လေသည်။

မှုံရတီက မျက်ခုံးလေးပင့်လိုက်ပြီး မေးလိုက်လေ၏။

"ဟင် ... ရတီ့ကိုပြောစရာရှိလို့ ဟုတ်လား၊ ပြောစရာရှိရင် ပြောလေ ဦး"

ဦးအုန်းခိုင်က သက်ပြင်းချလိုက်ပြန်ပြီးမှ ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ရတီ့ကို ကျုပ်လေ့လာမိသလောက် ရတီဟာ လိမ္မာယဉ်ကျေးတယ်၊ ကိုယ်ရည်ကိုယ်သွေးလည်း တောက်ပြောင်တယ်၊ ဘယ်အလုပ်ကိုလုပ်လုပ် စနစ်တကျရှိတယ်၊ စည်းကမ်းရှိတယ်၊ ရတီလိုမိန်းမမျိုးက ရှားတယ်၊ အဲဒီလိုရှားပါးပြီး တန်ဖိုးရှိတဲ့ အမျိုးသမီးမျိုးဟာ သူတစ်ပါးအိမ်က ဝန်ထမ်း, ထမင်းချက်ဆိုတဲ့အလုပ်မျိုးနဲ့ မတန်ပါဘူး ရတီ၊ ဒါကြောင့် ...မင်းကို ကျုပ် ရာထူးကြီးကြီးပေးချင်တယ်"

ဦးအုန်းခိုင်၏စကားကြောင့် မှုံရတီက ဝမ်းသာဟန်ဖြင့် ပြုံးလိုက်လေသည်။

"ဩော် ... ဦးဆိုလိုတာက ဦးတို့ရဲ့ရတနာရောင်းဝယ်ရေးလုပ်ငန်းမှာ တာဝန်တစ်ခုခုပေးချင်တဲ့သဘောလားရှင့်"

"နိုး နိုး ... အဲဒီလို အလုပ်တာဝန်ပေးမှတော့ ဝန်ထမ်းပဲ ဖြစ်နေမှာပေါ့၊ ကျုပ်ပေးလိုတဲ့ရာထူးက အဲဒီလို စီးပွားရေးအလုပ်နေရာတွေထက် အများကြီး ကြီးမြင့်တယ်"

"ဒါ ... ဒါဆို ... ဘယ်လိုရာထူးမျိုးလဲ ဦးရဲ့"

"ဒီစံအိမ်ကြီးရဲ့ အရှင်သခင်မရာထူးလေ"





သူမကို ရွှန်းရွှန်းစားစားကြီးကြည့်ကာ ခပ်ပြုံးပြုံးပြောလိုက်သည့် ဦးအုန်းခိုင်၏မျက်နှာကြီးကိုကြည့်ရင်း မှုံရတီမှာ ကျောချမ်း စားပြမှန်း သိသွားကာ ခန္ဓာကိုယ်လေးပင် တွန့်ခန့်ဖြစ်သွားရလေသည်။

"အို ... ဦးကလဲ မဟုတ်တာ"

သူမ၏နှုတ်ကလည်း လွှတ်ခနဲထွက်သွားရ၏။

"ဘာလို့မဖြစ်ရမှာလဲ ရတီ၊ ရတီဟာ တစ်ကောင်ကြွက်မို့ ရတီ့ဘက်က ကန့်ကွက်မယ့်သူမရှိဘူးလေ၊ ကျုပ်ဘက်ကလည်း ကျုပ်ရဲ့ညီမက ရတီ့ကို သဘောကျပြီးသားမို့ သဘောတူတယ်တဲ့၊ ကဲ ... ဘယ်လောက် အဆင်ပြေသလဲ၊ ကျုပ်တို့လက်ထပ်ပြီးရင် ကျုပ်ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေအားလုံးကို ရတီ့ရဲ့လက်ထဲအပ်မယ်၊ စိန်စိန်ကလည်း အိမ်ထောင်မပြုဘဲ အသက်ငါးဆယ်ပြည့်ရင် ယောဂီဝတ်ဖို့ ဆုံးဖြတ်ထားပြီးသား၊ အမွေခွဲပေးစရာ ညီဖြစ်တဲ့ မြသိန်းလည်း မရှိတော့ဘူး၊ ဟောဒီအတိသုခစံအိမ် မိသားစုပိုင်ဆိုင်သမျှ အိမ်, ဆိုင်, ကား, အတွင်းပစ္စည်းအားလုံး ရတီ့ကို ပုံပေးမှာပါ"

ဦးအုန်းခိုင်က အပိုင်တွက်ကာ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်ရဲ့ဘဝတစ်လျှောက် ဘယ်သူ့စိမ်းမိန်းမကိုမှ အထင်မကြီးခဲ့ဘူး၊ ဒါကြောင့် အိမ်ရာမထူထောင်ခဲ့တာပဲ၊ မြေ ကျော့ရှင်းလို မိန်းမမျိုးကိုတွေ့ရတော့ မိန်းမတွေကို ပိုလို့ အထင် သေးပြီး ရွံရှာစက်ဆုတ်ခဲ့တယ်၊ အဲ . . . ရတီ့ကိုတွေ့ရမှ လေးစား အထင်ကြီး တန်ဖိုးထားမိတာပါ ရတီ၊ ဒါကြောင့်မို့ ဒီတစ်သက် ဖြင့် အိမ်ရာမတည်ထောင်တော့ပါဘူးလို့ ဆုံးဖြတ်ခဲ့တဲ့ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကိုပြင်ပြီး ရတီ့ကို ကမ်းလှမ်းရတာပါကွယ်''

ဦးအုန်းခိုင်၏ ရှည်လျားလှစွာသော စကားအဆုံးတွင် မှုံရတီက ပြုံးလျက် ခေါင်းလေးယမ်းလိုက်လေသည်။

''မဖြစ်နိုင်ပါဘူး ဦးရယ်၊ ခုချိန်မှာ ရတီဟာ အိမ်ထောင် ရေးကို မစဉ်းစားသေးသလို စိတ်လည်း မဝင်စားပါဘူး၊ ရတီ အခု စိတ်ဝင်စားတာက ဦးမြသိန်းရဲ့အကြောင်းပါ''

''ဘာ''

ဦးအုန်းခိုင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မှုံရတီကို နားမလည်ဟန်ဖြင့် လှည့်ကြည့်သည်။

မှုံရတီကမူ တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်ပြောသည်။

''ဟုတ်တယ်၊ အခုအချိန်မှာ ရတီ စိတ်ဝင်စားနေတာက





ဦးမြသိန်းရဲ့အကြောင်းပဲ''

ဦးအုန်းခိုင်က မျက်မှောင်ကြီးကြုတ်လျက် မေးလိုက် သည်။

''မြသိန်းရဲ့အကြောင်းက ဘာစိတ်ဝင်စားစရာရှိလို့လဲ ရတီ''

''သူ သေများသွားပြီလား၊ အသတ်များခံလိုက်ရတာ လားလို့ သံသယဖြစ်ပြီး စိတ်ဝင်စားနေမိတာပါ ဦး''

ဦးအုန်းခိုင်က စောစောကပြုံးနေသော မျက်နှာကြီးက ညို့မှိုင်းသွားကာ မှုံရတီကို စူးစမ်းသလို ကြည့်သည်။

''သူ အသတ်ခံရသလားလို့ သံသယဝင်မိတယ် ဟုတ် လား၊ ဘယ် . . . ဘယ်လိုကြောင့် ရတီက အဲဒီလိုထင်တာလဲ''

''ဒီလို ဦးရဲ့ . . . ရတီ ခုတစ်လော အိပ်မက်တစ်ခုကို ညတိုင်း ဆက်တိုက်မက်နေတယ်၊ အဲဒီအိပ်မက်ထဲမှာ ခေါင်းတ လားကြီးတစ်လုံးကို တွေ့ရတယ်၊ အဲဒီအခေါင်းထဲမှာရှိနေတာက ဦးမြသိန်းပဲ၊ ကဲ . . . မထူးလား၊ သူ့ရဲ့အလောင်းကို သေချာ ကြည့်တော့ သူ့ရဲ့ရင်ဝမှာ သွေးကွက်ကြီးကို တွေ့ရတယ်၊ သူ လက်နက်တစ်ခုခုနဲ့ ထိုးသွင်းအသတ်ခံရတာ ဖြစ်နိုင်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတီယူဆမိတယ် ဦး''

မှုံရတီက ခပ်ဖြည်းဖြည်းပြောရင်း ဦးအုန်းခိုင်၏မျက်နှာကြီးကို လှေ့လာအကဲခတ်ကြည့်လိုက်ရာ သူ့မျက်နှာကြီးမှာ သွေးဆုတ်သည့်နှယ် ရုတ်တရက် ဖွေးခနဲ ဖြစ်သွားသည်ကို သတိပြုမိလိုက်လေ၏။

''ရတီငယ်ငယ်ကတည်းက အိပ်မက်တစ်ခုကို ထပ်ကာထပ်ကာ မက်ရင် အဲဒီအိပ်မက်ထဲကအတိုင်း အပြင်မှာ တကယ်ဖြစ်တတ်တယ် ဦးရဲ့၊ ကျောက်မဲမှာ ကျောင်းနေတုန်းက ရတီတို့အတန်းထဲက ကောင်မလေးတစ်ယောက်ဟာ ပျောက်ဆုံးသွားတယ်၊ သူ့ကို ဘယ်မှာမှ ရှာလို့မတွေ့ကြဘူး၊ နောက် . . . ရတီအိပ်မက်မက်တော့တာပဲ၊ သူ့ကို တံတားကြီးတစ်ခုရဲ့အောက်ခြေမှာ သေဆုံးနေတယ်လို့ ထပ်ကာ ထပ်ကာ မက်ခဲ့တယ်၊ အဲဒီအိပ်မက်ကို လူကြီးတွေပြောပြမှ လိုက်ရှာတော့ ဂုတ်ထိပ်တံတားရဲ့အောက်က ချောက်ထဲမှာ သူ့ရဲ့အလောင်းကို တွေ့တော့တာပဲ''

မှုံရတီက ပြောရင်း ဦးအုန်းခိုင်၏မျက်နှာကို အကဲခတ်ကြည့်လိုက်ရာ သူ၏မျက်နှာက အုံ့မှိုင်းသည်ထက် အုံ့မှိုင်းလာကာ





မျက်မှောင်ကြီးကို ကြုတ်သည်ထက် ပိုကြုတ်လာကြောင်း တွေ့ရလေ၏။

''ကျုပ်ကတော့ အဲဒီလို ဂမ္ဘီရဆန်တာတွေကို စိတ်မဝင်စားဘူး ရတီ၊ အတိတ်တွေ၊ နိမိတ်တွေ၊ အာရုံမြင်တာတွေကို ယုံလည်း မယုံဘူး၊ လက်တွေ့ကျတာကိုပဲ ယုံတယ်၊ စိတ်ဝင်စားတယ် ရတီ''

ဟု ပြတ်သားစွာ ပြောလိုက်ပြီးနောက် ထိုင်ရာမှထရပ်လိုက်ကာ . . .

''တစ်ခုတော့ရှိတယ် ရတီ . . . လူဆိုတာ သူတစ်ပါးရဲ့အကြောင်းထက် ကိုယ့်ရဲ့အကြောင်းကို ပိုပြီးစိတ်ဝင်စားသင့်တယ်၊ တကယ်တော့ ရတီ စိတ်ဝင်စားသင့်တာက မြသိန်းရဲ့အကြောင်းမဟုတ်ပါဘူး၊ ရတီ့ဘဝမှာ ရတော့ရခဲ့တဲ့ အခွင့်အရေးဖြစ်တဲ့ သူဌေးကတော်ဖြစ်ရမယ့်အကြောင်းပါ၊ ဒါပဲ ကျုပ်ပြောပါရစေ''

ဟုပြောကာ တုတ်ကောက်ကို ဟန်ပါပါထောက်လျက် စံအိမ်ကြီးထဲသို့ ဝင်သွားပါတော့၏။

မှုံရတီက ပုခုံးလေးတွန့်လိုက်ကာ ပြုံးလိုက်ပြီး ဝ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ဖွင့်လျက် ဆက်ဖတ်မည်ပြုစဉ် ကားဂိုဒေါင်ဘက်မှ လူရဲ လျှောက်လှမ်းလာသည်ကို တွေ့သဖြင့် စောင့်ကြည့်နေလိုက်မိလေ၏။

လူရဲက သူမကိုပြုံးလျက် နှုတ်ဆက်လိုက်ပြီး ...

"ရတီ ... ကိုယ် ဒီမှာထိုင်မယ်နော်"

ဟု ခွင့်တောင်းသလိုပြောကာ စောစောက ဦးအုန်းခိုင် ထိုင်သွားသည့် ခုံအစွန်းတွင် ဝင်ထိုင်လိုက်လေသည်။

"စောစောက ဦးအုန်းခိုင် ဘာတွေလာပြောသွားတာလဲ ရတီ၊ စပ်စုတယ်လို့ မထင်နဲ့နော်၊ ကိုယ့်မှာပြောစရာရှိလို့ပါ"

မွှံရတီက တည်ငြိမ်စွာပြုံးလိုက်၏။

"ဦးအုန်းခိုင်က ရတီ သူ့ကို လက်ထပ်ဖို့လာပြောတာပါ ကိုလူရဲ၊ ကဲ ... ရတီကတော့ ပွင့်ပွင့်လင်းလင်း ပြောပြီးသွားပြီ၊ ဒီတစ်ခါ ရှင့်အလှည့်ပဲ၊ ရတီကို ဘာပြောမှာလဲ ... ပြော"

"ကိုယ်လည်း အဲဒါကို ပြောမလို့ပါပဲရတီ၊ ခုရက်ပိုင်း ဦးအုန်းခိုင် ရတီ့ကိုကြည့်တဲ့အကြည့်တွေက မရိုးသားဘူးလို့ ကိုယ်အကဲခတ်မိတယ်၊ ဦးအုန်းခိုင်တို့လို ပိုက်ဆံဝါလားတွေဟာ သူတို့ရဲ့ချမ်းသာကြွယ်ဝမှုနဲ့ မြူဆွယ်ဖြားယောင်းပြီး မိန်းကလေးတွေကို





သိမ်းသွင်းဖျက်ဆီးတတ်တယ် ရတီ၊ အဲဒီလို ရတီ ဖြားယောင်းခံရမှာကို ကိုယ်စိုးရိမ်တယ်"

မွှံရတီက မျက်မှောင်လေးအတွန့်ချိုးကာ လူရဲကိုကြည့်လိုက်ပြီး ခပ်ဆတ်ဆတ်ပြန်ပြောလိုက်တော့၏။

"ရတီဟာ ကိုလူရဲပြောသလို စည်းစိမ်ဥစ္စာပြရုံနဲ့ အညှာလွယ်တတ်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး ကိုလူရဲ"

လူရဲက ပျာပျာသလဲဖြင့် လက်ကာပြသည်။

"အို ... အို ... ကိုယ်က အဲဒီလိုသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး ရတီ၊ စေတနာနဲ့စိုးရိမ်ပူပန်လို့ ပြောမိတာပါ"

မွှံရတီက ခုံတန်းလျားကို ကျောမှီကာလက်ပိုက်လျက် လူရဲ၏မျက်နှာကို လှည့်ကြည့်ပြီး ...

"ကောင်းပြီ ... ဒါဆို ရတီ တစ်ခုမေးမယ်၊ ဦးအုန်းခိုင်ဟာ ရတီ့ကို လှည့်ဖြားတာမဟုတ်ဘဲ တကယ်အတည်လက်ထပ်မယ်ဆိုရင်ကော ရတီလက်မခံသင့်ဘူးလား"

ဟုမေးလိုက်ရာ လူရဲက ခေါင်းယမ်းလိုက်ပြီး ...

"အဲဒီလိုဆိုလည်း လောလောဆယ် လက်မခံလိုက်ပါနဲ့ ရတီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ မှုံရတီက မျက်ခုံးပင့်လိုက်ပြီး ပြုံးစနဲ့ အမူအရာဖြင့် ပြန်မေးလိုက်လေသည်။

"ဟင် ... ဘာဖြစ်လို့လဲ ကိုလူရဲရဲ့၊ ကေန္တ ... ရတီ သူဌေးကတော်ဖြစ်ပြီး ကြီးပွားသွားမှာကို မနာလိုဖြစ်နေလို့လား ရှင့် ... ဟင်း ဟင်း ဟင်း"

ဤတွင် လူရဲက မှုံရတီကိုစိုက်ကြည့်လိုက်ပြီး တည်ငြိမ်စွာ ပြန်ပြောသည်။

"မဟုတ်ဘူး ရတီ ... သူညီပျောက်ဆုံးနေတဲ့ကိစ္စဟာ မရှင်းမရှင်း ဖြစ်နေတယ် ရတီ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခြံနဲ့မျက်နှာချင်းဆိုင်ခြံက ကားဒရိုင်ဘာအာလာဒင်နဲ့ ကိုယ် ရင်းနှီးတယ် ရတီ၊ သူမောင်းတဲ့ကား လမ်းမှာပျက်နေတုန်းက ကိုယ်ပြင်ပေးဖူးလို့ ကျေးဇူးတင်ပြီး ခင်မင်သွားတာပါ၊ အာလာဒင်က ပြောတယ် ... လွန်ခဲ့တဲ့နှစ်လလောက်က တစ်ည သန်းခေါင်ယံလောက်မှာတဲ့ ဦးမြသိန်း ဒီခြံကြီးထဲ ခြံတံခါးကို ကျော်ခွဝင်သွားတာကို အပြင်က ပြန်လာတဲ့ အာလာဒင်က သူ့ကားမီးရောင်နဲ့ မြင်လိုက်တယ်တဲ့၊ အဲဒီကတည်းက ဦးမြသိန်းကို ထပ်မတွေ့ရတော့ဘူးတဲ့၊ အဲဒီစကားဟာ မဆန်းဘူးလား ရတီ၊ တကယ်တော့





ဦးမြသိန်း ပျောက်သွားတာ သုံးလေးလလောက်ရှိပြီ၊ အဲဒီလို ပျောက်ဆုံးနေတဲ့သူကို ပြီးခဲ့တဲ့ နှစ်လလောက်က ဒီအိမ်ခြံဝင်းထဲ ဝင်သွားတာကို တွေ့ရတယ်၊ ပြီးတော့ ... အဲဒီလူဟာ ပျောက်ဆုံးမြဲ ပျောက်ဆုံးနေတယ်ဆိုတာ မဆန်းဘူးလား"

"ဟုတ်ပြီ၊ အဲဒီကိစ္စနဲ့ ဦးအုန်းခိုင် ဘယ်လိုပတ်သက်နေ သလဲ"

"ဘယ်လိုပတ်သက်သလဲတော့ ကိုယ်မသိဘူး၊ အဲဒီကိစ္စဟာ မရှင်းမရှင်းဖြစ်နေတဲ့ကိစ္စပဲ၊ တကယ်လို့ ပတ်သက်ခဲ့ရင် ရတီ နစ်နာမှာစိုးလို့၊ သူက လက်ထပ်ဖို့ကမ်းလှမ်းလာရင် လောလောဆယ် လက်မခံစေချင်ဘူး"

"သူ့ရဲ့ကမ်းလှမ်းမှုကို ဘယ်တော့မှ ရတီ လက်မခံပါဘူး၊ အဲဒီကိစ္စထားလိုက်ပါ၊ ဦးမြသိန်းရဲ့ကိစ္စပဲ ဆက်ပြောရအောင်၊ ကိုလူရဲက အဲဒီအာလာဒင်ဆိုတဲ့လူပြောတဲ့ကိစ္စနဲ့ ဦးအုန်းခိုင် ဘယ်လိုပတ်သက်သလဲဆိုတာ သေချာမသိဘူး မဟုတ်လား"

"ဟုတ်တယ်၊ မသိပါဘူး ရတီ"

"အာလာဒင်ပြောသလို ဦးမြသိန်း ဒီခြံကြီးထဲ ပြန်ဝင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကိုရော ယုံသလား''

''ယုံတယ်တော့ မဟုတ်ပါဘူး။ သူကတော့ သေချာတွေ့တယ် ပြောတာပဲ''

''ယုံလိုက် ကိုလူရဲ၊ ဦးမြသိန်းဟာ ဒီခြံကြီးထဲ ပြန်ဝင်လာခဲ့တယ်ဆိုတာ ဖြစ်နိုင်တယ်''

''ဟင် . . . ရတီက ဘာဖြစ်လို့ အဲဒီလိုပြောနိုင်တာလဲ''

''ဒီမှာ ရှင့်ကို ရတီပြစရာရှိတယ်၊ ဒီတော့ ဒီလိုလုပ်၊ ဒီည သန်းခေါင်ယံမှာ စံအိမ်ကြီးရဲ့ နောက်ဖေးပေါက်ကို ရှင်လာခဲ့၊ ရှင် အံ့အားသင့်သွားမယ့်ကိစ္စတစ်ခု ပြစရာရှိတယ်''

မှုံရတီ၏စကားကို လူရဲ လွန်စွာ စိတ်ဝင်စားသွားတော့၏။

''ကောင်းပြီ၊ ကိုယ်လာခဲ့မယ် ရတီ''

''ကဲ . . . ဒါဆို ရှင် အခုသွားတော့၊ ရှင်နဲ့ရတီ ကြာကြာ စကားပြောဆွေးနွေးနေတာကို ဦးအုန်းခိုင်တို့ တွေ့သွားရင် သံသယတစ်ခုခု ဝင်နေလိမ့်မယ်''

''ကောင်းပါပြီ ရတီ၊ ဒီည ကိုယ် ဆက်ဆက်လာခဲ့မယ်''

ခု နှစ် စဉ် ကြယ် စာ ပေ



ထို့နောက် လူရဲက ထိုင်ရာမှထကာ ကားကိုဒေါင်ဘက်သို့ ထွက်သွားပါတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



# မောဟလွင်ပြင်

အကာလညဉ့်က နက်သည်ထက်နက်လာပြီး သန်းခေါင်ယံတိုင်လာခဲ့ပြီ။

မိုးနှောင်းည၏လေပြည်က တသုန်သုန် တိုက်ခတ်နေသော်လည်း မိုးဖွဲတို့ကမူ ကျရောက်ခြင်းမရှိသေးပါ။

လူရဲက သန်းခေါင်ယံမတိုင်မီကပင် ကားဂိုဒေါင်အောက်သို့ ဆင်းလာခဲ့ပြီး အတိသုခ စံအိမ်ကြီး၏နံဘေးမှ ပတ်လျှောက်ကာ စံအိမ်နောက် တံခါးဝတွင် ငြိမ်သက်စွာ ရပ်နေလိုက်၏။

မကြာမီမှာပင် နောက်ဘက်တံခါးချပ် ဖြည်းညင်းစွာ





ပွင့်သွားတော့သည်။

“ကိုလူရဲ ... လာ”

မှုံရတီက တိုးသက်စွာ ခေါ်လိုက်ရာ လူရဲက ယင်းတံခါးပေါက်မှ အိမ်ထဲသို့ ဝင်လိုက်တော့၏။

မှုံရတီက တံခါးကို ပြန်စေ့လိုက်သည်။ လူရဲ အလွယ်တကူ ပြန်ထွက်နိုင်စေရန် ချက်တော့မထိုးပေ။

“လာ ... လာ”

မှုံရတီက ခပ်တိုးတိုးခေါ်ပြီး ခြေသံမကြားအောင် ရှေ့မှသွားရာ လူရဲက နောက်မှ ခြေဖော့နင်းလျက် လိုက်ရလေ၏။

ထိုစဉ် စံအိမ်ကြီး၏ပြင်ပ၌ လေက ဟူးဟူးရားရား တိုက်ခတ်စပြုပြီး မိုးစက်မိုးပေါက်တို့ တဖြောဖြော ကျရောက်လာတော့၏။ လျှပ်တို့ပါ တဖျပ်ဖျပ်လက်လာရာ မှန်ပြတင်းတို့၏အပေါ်ရှိ မှန်ကူကွက်တို့ကို ထွင်းဖောက်လျက် လျှပ်ရောင်က စံအိမ်ကြီးထဲ ကျရောက်လျက်ရှိလေသည်။

လျှပ်၏အလင်းရောင်ကိုပင် အားပြုကာ မီးဖိုဆောင်ကြီးကို ဖြတ်သန်းခဲ့ကြပြီး စင်္ကြံလမ်းထဲဝင်ခဲ့လျက် စတိုခန်းကြီး၏ တံခါးဝတွင် ရပ်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စတိုခန်းကြီးထဲဝင်ရောက်ခဲ့ကြကာ မှုံရတီက လက်နှိပ်ဓာတ်မီးကိုဖွင့်ပြီး လျှို့ဝှက်ခလုတ်ကို နှိပ်လျက် လျှို့ဝှက်တံခါးပေါက်ကို ဖွင့်လိုက်လေသည်။

လူရဲမှာ မှုံရတီလုပ်သမျှကို အံ့အားသင့်လျက်ရှိပြီး ဗီရိုကြီးလည်သွားကာ လျှို့ဝှက်အပေါက်ပွင့်သွားသည်တွင် မြေအောက်ခန်းထဲသို့ ဆင်းခဲ့ကြတော့၏။

မှုံရတီက လျှို့ဝှက်တံခါးကို ပြန်ပိတ်လိုက်ပြီး မြေအောက်ခန်း၏ မီးခလုတ်ကို ဖွင့်လိုက်လေသည်။

ကျောက်ခုံထက်မှ ရွှေရောင်တောက်နေသည့် ခေါင်းတလားကြီးကိုကြည့်ကာ လူရဲ အံ့သြတုန်လှုပ်သွားတော့၏။

''အဲဒီခေါင်းကြီးထဲမှာ ဦးမြသိန်းရဲ့အလောင်းကြီးရှိတယ် ကိုလူရဲ''

''ဟင်''

လူရဲက ခေါင်းကြီး၏အနီးသို့ တိုးကပ်ကြည့်လိုက်သည်။

''အလောင်းရဲ့ရင်ဘတ်ကိုကြည့်လိုက်စမ်း ကိုလူရဲ။ တွေ့လား သွေးကွက်ကြီး''

''ဟာ ... ဟုတ်တယ်ရတီ၊ ဒီအင်္ကျီမှာ စွန်းကွက်နေ





တာဟာ သွေးကွက်ပဲ''

''ဒါကြောင့် ... ဦးမြသိန်းဟာ အသတ်ခံရတာ ဖြစ်မှာသေချာတယ် ကိုလူရဲ''

''ရ ... ရတီက အဲဒါတွေ ဘယ်လိုသိနေတာလဲ၊ ဒီမြေအောက်ခန်းထဲ ဘယ်လိုရောက်ဖူးတာလဲ ဟင်''

''ဟိုတစ်နေ့ညက ဒီလို သန်းခေါင်ယံအချိန်မှာ ဦးအုန်းနိုင်ရဲ့ လှုပ်ရှားမှုကို မသင်္ကာဖြစ်ပြီး နောက်က လိုက်ချောင်းကြည့်လို့ သိခဲ့၊ တွေ့ခဲ့ရတာပါ ကိုလူရဲ''

''ဒါဆို ... ဦးမြသိန်းရဲ့ သေဆုံးမှု အသတ်ခံရမှုဟာ ဦးအုန်းနိုင်နဲ့ ပတ်သက်နေတာပါ။ ဒီမှာ ဒီအလောင်းကြီးရှိနေတာကို ပုလိပ်ဌာန တိုင်ရလိမ့်မယ် ရတီ''

''ဟား ဟား ဟား ဟား ... ကျလည်း ကျတဲ့ဟာတွေပါလား၊ ငါ့ကို စက်တိုင်ပို့မယ့်ဟာတွေပါလားကွ၊ ဟင်''

ကျောက်သားလှေကားထစ်များရှိရာဘက်မှ ဟားတိုက်ရယ်သံ၊ ဒေါသတကြီးပြောလိုက်သံကို ကြားရသဖြင့် လူရဲရောမှုံရတီပါ လန့်ဖျပ်လှည့်ကြည့်လိုက်ရာ ခြောက်လုံးပြူးဖြင့် ချိန်ထားသည့် ဦးအုန်းနိုင်ကို တွေ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...ဦး"

"ဟင်း ဟင်း ဟင်း ... နင်တို့နှစ်ယောက်က ငါ့ထင် ထားတာထက် ပိုပြီးသွက်နေကြပါလားကွ ဟင်၊ ညနေတုန်းက မြသိန်းကို အိပ်မက်မက်သလေး ဘာလေးနဲ့ ပြောကတည်းက နင့်ကို မသင်္ကာဖြစ်ပြီး တစ်ညလုံး သတိထားစောင့်ကြည့်ခဲ့တာ ပဲ မိရတီ"

"နေပါဦး ...ဦး ...ဦးက ဦးရဲ့ညီကို ဘာဖြစ်လို့ သတ်လိုက်ရတာလဲရှင့်"

"ဩော် ...သေခါနီး နင်က စပ်စုချင်သေးတယ်ပေါ့ ဟုတ်လား။ ငါ့ညီကို ငါသိပ်ချစ်ခဲ့တယ်၊ ငါ့ညီပျောက်သွားပြီး တစ်လကျော်ကျော်လောက်အကြာမှာ ဒီကောင် ညဘက်ကြီး အိမ်ထဲခိုးဝင်ပြီး ကျုပ်ရဲ့အိပ်ခန်းထဲက မီးခံသေတ္တာကို ဖွင့်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒီ မီးခံသေတ္တာရဲ့ လျှို့ဝှက်နံပါတ်ကို ကျုပ်တို့ မောင်နှမသုံးယောက်စလုံးသိတယ်၊ ဒါကြောင့် ...အဲဒီကောင် ခိုးကြောင် ခိုးဝှက်လာဖွင့်တာပဲ၊ ကျုပ်နံပါတ်ပြောင်းထားတာ သူ မသိဘူး၊ မီးခံသေတ္တာဖွင့်လို့မရတော့ စိတ်မှုမမှန်တဲ့ အဲဒီ ကောင်ဟာ ကျုပ်ကို ဒေါသဖြစ်ပြီး အိပ်ပျော်နေတဲ့ ကျုပ်ကို





ခေါင်းအုံးနဲ့ ဖိသတ်ဖို့ ကြိုးစားတော့တယ်၊ အဲဒီမှာ ကျုပ် လန့်နိုး ပြီး သူခိုးမှတ်လို့ ခေါင်းအုံးအောက်က ဓားမြှောင်နဲ့ သူ့ရဲ့ရင်ဘတ် ကို ထိုးလိုက်မိတယ်၊ ထိုးပြီးမှ သူမှန်းသိတယ် ...၊

ကျုပ် ယူကျုံးမရဖြစ်ပြီး သူ့ကို ပွေ့ပိုက်လို့မေးမှ သူဟာ ကန်တော်ကြီးဘက် လမ်းလျှောက်ထွက်ရင်း လူတစ်စုရဲ့ ဖမ်းဆီး တာ ခံခဲ့ရတယ်တဲ့၊ သူ့ကိုဖမ်းပြီး တစ်နေရာခေါ်သွားတယ်တဲ့၊ အဲဒီမှာ သူ့ရဲ့မိန်းမဟောင်း မေကျော့ရှင်းနဲ့ ပြန်တွေ့တယ်၊ တကယ်တော့ မေကျော့ရှင်းနဲ့ ထောင်ထွက် သူ့ရဲ့လင်ငယ် သောင်းမြင့်တို့ ပူးပေါင်းကြံတာပဲ၊ သူ့ရဲ့လင်ငယ်တစ်ယောက် ဖြစ်တဲ့ အေးကြူကတော့ ထောင်ထဲမှာ သေသွားပြီတဲ့၊ မေကျော့ ရှင်းတို့က သူ့ကို တစ်လလုံးလုံးဖမ်းထားပြီး ဘိန်းတွေ ကျွေးခဲ့ တယ်တဲ့ ...၊

နောက်ဆုံး ဒီကောင်ဟာ ဘိန်းမစားရမနေနိုင်တဲ့ဘဝ ရောက်မှ ကျုပ်တို့ဆွေစဉ်မျိုးဆက်ပိုင် ရတနာတွေကို ပြန်ခိုးယူဖို့ ခိုင်းလိုက်တာတဲ့၊ သူကလည်း ဘိန်းစားရဖို့ အမိကမို့ အိမ်ကို ပြန်လာပြီး ခိုင်းတဲ့အတိုင်း လုပ်ဖို့ ကြိုးစားတာတဲ့၊ မေကျော့ရှင်း တို့က လမ်းထိပ်နားအထိ လိုက်ပို့ခဲ့တယ်တဲ့၊ အဲဒီလို [illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်သေသွားခဲ့တယ် ...၊

ကျုပ်ဟာ လူသတ်မှုကျူးလွန်မိပြီမို့ အပြစ်မှန်ကို ဘယ်သူ့မှ မပြောဝံ့တာနဲ့ ညတွင်းချင်းပဲ သူ့ရဲ့အလောင်းကို ဒီမြေတိုက်ခန်းထဲ သယ်ယူလာခဲ့တာပဲ၊ ဒီမြေတိုက်ခန်းကတော့ အိမ်ဆောက်ကတည်းက ကျုပ်စိတ်ကြိုက် ဆောက်ခဲ့တာပါ ...၊

ဒါပေမဲ့ ... ကျုပ်က ကျုပ်ရဲ့ညီလေးကို သိပ်ချစ်တာမို့ မပုပ်မသိုးအောင် ဖော်မလင်ဆေးထိုးပေးပြီး ခေါင်းတွေ ဘာတွေ ရိုက်လို့ ကျကျနနထားတယ်၊ သူ့ရဲ့မွေးနေ့ဖြစ်တဲ့ အင်္ဂါနေ့ရောက်တိုင်း သူ သေဆုံးရတဲ့ သန်းခေါင်ယံအချိန်မှာ သူ့ရဲ့အလောင်းဆီလာပြီး ဆီမီး အမွှေးတိုင်တွေ ကျုပ်ထွန်းပေးတယ် ...၊

ကဲ ... ကျုပ်ရဲ့အပြစ်ကို သိပြီမဟုတ်လား၊ ငါ့ကို စက်တိုင်ပို့မယ့်ဟာတွေ သေဖို့သာ ပြင်ပေတော့''

ဒေါသတကြီး ကြိမ်းဝါးကာ သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်စဉ်မှာပင်။

''ကိုကို ... ကိုကို ... ကယ်ပါဦး''

ဟူသော ဒေါ်မင်းစိန်၏ အလန့်တကြားအော်ခေါ်သံကို ကြားလိုက်ရာ ဦးအုန်းခိုင်မှာ လန့်ဖျပ်သွားပြီး ...





''ဟင် ... စိန် စိန်စိန်အသံပါလား''

ဟု ရေရွတ်ကာ မြေတိုက်ခန်း၏အပေါ်သို့ မော့ကြည့်လိုက်စဉ် ...

''အောင်မယ်လေး ... ကိုကို လုပ်ပါဦး''

ဟူ၍ ဒေါ်မင်းစိန်၏ငယ်သံပါအောင် အော်သံကြောင့် ဦးအုန်းခိုင်မှာ ညီမဖြစ်သူအတွက် လွန်စွာစိုးရိမ်သွားပြီး လူရဲတို့ကိုပင် မေ့သွားကာ ကျောက်သားလှေကားထစ်များအတိုင်း ပြေးတက်သွားပါတော့၏။

ဦးအုန်းခိုင်သည် စတိုခန်းထဲသို့ ရောက်သွားသည်တွင် စတိုခန်း မီးလင်းလျက်ရှိပြီး စတိုခန်းအဝတွင် သူ့ညီမဒေါ်မင်းစိန်၏လက်ကို နောက်ပြန်လိမ်ချိုးချုပ်ကိုင်ထားသည့် သောင်းမြင့်နှင့် သူ၏နောက်၌ မကျော့ရှင်းကို တွေ့ရလေသည်။

သောင်းမြင့်က လက်တစ်ဖက်ဖြင့် ဒေါ်မင်းစိန်ကို ချုပ်ကိုင်ထားပြီး နောက်လက်တစ်ဖက်၌ ကိုင်ထားသော ဓားမြှောင်အသွားကို ဒေါ်မင်းစိန်၏လည်ပင်းပေါ်တွင် တင်ထားလေသည်။

''ဟေ့ကောင် ... ကြာကူလီနဲ့အကျင့်ပျက်မ၊ ငါ့ညီမကို လွှတ်လိုက်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင်က ဒေါ်သတကြီး ကြိမ်းမောင်းအမိန့်ပေးလိုက်ရာ သောင်းမြင့်က ဟားတိုက်ရယ်လိုက်လေ၏။

"ဟား ဟား ဟား . . . သိပ်လည်း ဒေါ်သကြီးမနေပါနဲ့ ဦးအုန်းခိုင်၊ ခင်ဗျားတို့ရဲ့ ဘိုးဘွားပိုင်ရတနာထည်တွေကို ယူပေးဖို့ လွှတ်လိုက်တဲ့ ခင်ဗျားရဲ့ညီ မြသိန်းကို ခင်ဗျား ဘာလုပ်လိုက်သလဲဟင်၊ ကျုပ်တို့ကတော့ ခင်ဗျားတို့ညီအစ်ကိုရဲ့ ထောင်ချောက်မိပြီး ဘဝပျက်ခဲ့ရလို့ ခင်ဗျားတို့မိသားစုကို လက်စားချေရမှ ကျေနပ်မယ်၊ အေး . . . သွေးထွက်သံယိုနဲ့ လက်စားမချေစေရင်တော့ ခင်ဗျားတို့ရဲ့ရတနာထည်တွေကို အသာတကြည် ထုတ်ပေးပါ၊ ဖောက်ထွင်းဝိဇ္ဇာ တပည့်သုံးကောင်ကို လွှတ်လည်း အလုပ်မဖြစ်၊ မြသိန်းကိုလွှတ်တော့လည်း ပြန်မလာနဲ့၊ ခုတော့ ကျုပ်တို့ကိုယ်တိုင် လိုက်လာရပြီပေါ့၊ ကဲ . . . ခင်ဗျားရဲ့ညီမ လည်ချောင်းသွေးကို အဖောက်ခံမလား၊ ရတနာတွေ ပေးမလား"

သောင်းမြင့်က ရာဇသံပေးရင်း လက်ထဲမှ ဓားမြှောင်သွားကို ဒေါ်မင်းစိန်၏လည်ပင်းပေါ် ဖိလိုက်သည့်တွင် ဒေါ်မင်းစိန်မှာ နာသွားသဖြင့် ထိတ်လန့်တကြား အော်ဟစ်လိုက်လေ၏။





"အောင်မယ်လေး . . မလုပ်, မလုပ်ပါနဲ့ရှင် မလုပ်ပါနဲ့"

"ဟော့ . . . ဟော့ကောင် . . . သောင်းမြင့် မင်း မလုပ်နဲ့၊ မလုပ်နဲ့"

"ဒါဆို . . . ခင်ဗျားရဲ့လက်ထဲက သေနတ်ကိုချလိုက်"

ဤတွင် ဦးအုန်းခိုင်က ဒေါ်သတကြီးဖြင့် လက်ထဲမှ ခြောက်လုံးပြူးကို လွှင့်ပစ်လိုက်ရာ . . .

'ဝှီး'

'ဒေါက် ဒေါက် ဒေါက်'

ခြောက်လုံးပြူးမှာ လျှို့ဝှက်အပေါက်မှနေ၍ ကျောက်သားလှေကားထစ်များအတိုင်း မြေအောက်ခန်းထဲသို့ လိမ့်ကျသွားပါတော့၏။

"ဟဲ ဟဲ ဟဲ . . . ဒီလိုမှပေါ့၊ ကဲ ကဲ . . . ခင်ဗျား ရှေ့ကထွက်စမ်း ဦးအုန်းခိုင်၊ ပြီးရင် . . . အိမ်ပေါ်ထပ်တက်ပြီး ခင်ဗျားရဲ့အိပ်ခန်းထဲက မီးခံသေတ္တာကို ဖွင့်ပေးပေတော့၊ မီးခံသေတ္တာရဲ့လျှို့ဝှက်နံပါတ်ကို ခင်ဗျားပဲသိတယ်လို့ ခင်ဗျားရဲ့ညီမက ပြောတယ်၊ ကဲ ကဲ . . . သွား သွား"

ဦးအုန်းခိုင်လည်း မလွှဲမရှောင်သာဘဲ စတိုခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်ရတော့၏။

"ကဲ ... သွား မြန်မြန်သွားစမ်းဗျာ"

ဦးအုန်းခိုင်လည်း စကြံအတိုင်း ရှေ့မှ လျှောက်သွားပြီး သောင်းမြင့်က ဒေါ်မင်းစိန်ကို ထိန်းချုပ်ကာ နောက်မှလိုက်ပါသွား သလို မေကျော့ရှင်းလည်း သူတို့နောက်မှ လိုက်ပါသွားတော့ သည်။

သူတို့ ညွှန်ခန်းမကြီးကို ဖြတ်လျှောက်လိုက်ကာ ဦးအုန်း ခိုင်က လှေကားကြီးမှ စတင်တက်လိုက်စဉ်မှာပင် စင်္ကြံလမ်းအဝ မှ လူရဲ၏အော်ဟစ်အမိန့်ပေးသံ ထွက်ပေါ်လာတော့၏။

"ဟေ့ ... လက်မြှောက်လိုက်ကြစမ်း"

သောင်းမြင့်တို့လည်း အံ့ဩထိတ်လန့်စွာ နောက်သို့ လှည့်ကြည့်လိုက်ရာတွင် ခြောက်လုံးပြူးဖြင့် လှမ်းချိန်ထားသည့် မှုံရတီကို တွေ့ရလေသည်။

"ဟင် ... နင် ... နင်က ဘာကောင်မ,လဲ"

သောင်းမြင့်က ဒေါသတကြီး ဟိန်းဟောက်လိုက်ပြီး ဒေါ်မင်းစိန်ကို မှုံရတီ၏ဘက်သို့ ဆွဲလှည့်လိုက်ကာ သူ့ရှေ့မှ ကာဘာလုပ်လိုက်လေတော့၏။





"ဟေ့ ... နင့်ရဲ့လက်ထဲက သေနတ်ကို ချလိုက်စမ်း။ မချလို့ကတော့ ဟောဒီ ဒေါ်မင်းစိန်ရဲ့လည်ပင်း ပြတ်ပြီသာမှတ်"

ထိုစဉ် ဦးအုန်းခိုင်က ရုတ်တရက် သောင်းမြင့်ကို နောက်ကျောမှ သိုင်းဖက်လိုက်ပြီး သောင်းမြင့်၏ ဓားကိုင်လက် ကို ဆုပ်ကိုင်လျက် သူ့ညီမ ဒေါ်မင်းစိန်၏လည်ပင်းမှ ဆွဲခွာလိုက် တော့၏။

"ဟင် ... ကဲဟာ"

သောင်းမြင့်မှာ အလစ်ပေမို့ ခံလိုက်ရပြီး သူ၏ဓား ကိုင်လက်ကို ရုန်းရင်း နောက်ပြန်လှည့်တွက်ထည့်လိုက်ရာ ဓား မြှောင်ဦးချွန်က ဦးအုန်းခိုင်၏ဝမ်းဗိုက်ထဲသို့ စိုက်ဝင်သွားပါတော့ ၏။

'ဖွပ်'

"အား"

'ဒိုင်း ဒိုင်း'

တစ်ချိန်တည်းမှာပင် မှုံရတီက သောင်းမြင့်၏ပေါင်တစ် ဖက်ကို ခြောက်လုံးပြူးဖြင့် ပစ်ချိုးလိုက်တော့သည်။

ရင်ဝဝယ် ဓားမြှောင်တန်းလန်းနှင့် ဦးအုန်းခိုင် ကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ခွေလဲကျသွားသလို သောင်းမြင့်သည်လည်း သွေးသံရဲရဲ ဖြစ်သွားသည့် ပေါင်ကို လက်နှစ်ဖက်ဖြင့် ဖိကိုင်လျက် ကြမ်းပြင်ပေါ် ခွေကျသွားပါတော့၏။

"ကဲ ဒေါ်မကျော့ရှင်း ... ခင်ဗျားလည်း လက်မြှောက်လိုက်ပါ"

"ကိုကို ... ကိုကို ... အောင်မလေး ကိုကိုရယ် ... ဖြစ်ရလေ ဖြစ်ရလေရှင် ... ဟင့် ဟင့် ဟင့်"

ဒေါ်မင်းစိန်မှာ အစ်ကိုဖြစ်သူ ဦးအုန်းခိုင်အား ထွေးပွေ့လျက် ရှိုက်ငိုမဆုံးတော့ပါ။

မှုံရတီကမူ ပုလိပ်ဌာနသို့ ဖုန်းဆက်လျက်ရှိပါတော့သတည်း။

BURMESE CLASSIC .com

❋

မိုးရန့်သင်းလျက်ရှိသော ညနေရီဆည်းဆာဝယ် အတိသုခစံအိမ်ကြီးရှေ့ပန်းခြံထဲမှ ခုံတန်းလျားတွင် မှုံရတီနှင့်လူရဲတို့





ယှဉ်တွဲထိုင်လျက် ရှိကြလေသည်။

"ရတီ ... ရတီက သိပ်ပိရိတာပဲနော်၊ ရတီကို ကိုယ်က သာမန်မိန်းကလေးလို့ ထင်ခဲ့မိတာ"

"အိုး ... ရတီက သာမန်မိန်းကလေးပဲဟာ"

"ဟင်း ... ဘာသာမန်မိန်းကလေးလဲ၊ အင်းစိန်စီအိုင်ဒီက အထူးထောက်လှမ်းရေးအရာရှိ အင်စပက်တော် ဒေါ်မြတ်ရတီလေးရယ်"

"ဟင်း ဟင်း ဟင်း ... ခစ် ခစ် ခစ်"

"ရတီက သိပ်ပိရိတာပဲနော်၊ စုံထောက်မလေးလို့ကို မထင်ရဘူး"

"အင်း ... တကယ်တော့ စုံထောက်မင်းကြီးက တာဝန်ပေးလို့ ဦးမြသိန်း ထူးထူးဆန်းဆန်း ပျောက်ဆုံးနေမှုကို ထောက်လှမ်းစုံစမ်းဖို့ ဒီ အတိသုခစံအိမ်ကြီးဆီ ထမင်းချက်အဖြစ် အလုပ်ဝင်ခဲ့တာပါ ကိုလူရဲ၊ လောဘ, ဒေါသ, မောဟတွေ လှိုက်ဆူနေတဲ့ လွင်ပြင်ထဲ တိုးဝင်ထောက်လှမ်းခဲ့တာပါရှင်"

"တော်ပါသေးရဲ့ဗျာ ... ကိုယ်က ရတီ့ကို သာမန်မိန်းကလေးလို့ထင်ပြီး ဦးအုန်းခိုင်ရဲ့ ညွှတ်ကွင်းမိသွားမှာလို့



www.burmeseclassic.com

www.burmeseclassic.com



ပူပင်လိုက်ရတာ''

ဤတွင် မှုံရတီ (ခေါ်) မြတ်ရတီက မျက်စောင်းလေး ချိတ်လိုက်ပြီး ...

''အိုးက မပူဘဲ စလောင်းက ပူရတယ်လို့၊ ရှင်က ဘာဖြစ်လို့ ဒီလောက်ပူပင်နေရတာလဲ ရှင့်''

ဟု ပြုံးမူမူလေးဖြင့် မေးလိုက်လေသည်။

''ဘာဖြစ်လို့ပူပင်ရသလဲဆိုတော့ ချစ်လို့ပေါ့ ချစ်လို့ပေါ့''

''အို''

BURMESE
CLASSIC
.com

ဆက်လက်ကြိုးစားပါဦးမည်

စိတြာအာ

# စိတြာအာဂ

ဏ် ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ စီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဝင်မြှိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နှံ့သာအိမ်ကြီး ရှေ့ကာဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား
၂၀။ မဟာမြိုင်ဂူမှတ်တမ်း
၂၁။ ဂန္ဓီရကျောင်းနက်ကြီး
၂၂။ ဘာမထိသစ္စာ


www.burmeseclassic.com

www.burmeseclassic.com

# ဒိတြအဂ္ဂ

မောဟာလွင်ပြင်

BURMESE CLASSIC .com



www.burmeseclassic.com